
# ပြည်ပဆရာတော်ကြီးများအား
# ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲ
# နှင့်
# ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားမှတ်တမ်း







# ပြည်ပ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ်
# လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ
# အခမ်းအနား မှတ်တမ်း

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ၊ စောင်ရေ (၁၂၀၀)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ထုတ်ဝေသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် [illegible]
ရက်စွဲ ၂၉-၉-၀၃
သုတေသနစာကြည့်တိုက်

# မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| (၁) | ဝင်းခင်းမင်္ဂလာဖြင့်ကြိုဆို | .... | ၁ |
| (၂) | ဆွမ်းဆန်စိမ်းလောင်းလှူပွဲ | .... | ၇ |
| (၃) | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင် ဆရာတော်ကြီးလေးပါးအား ဖူးမြော်ကန်တော့ | .... | ၁၀ |
| (၄) | ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲ | .... | ၁၂ |
| (၅) | ရန်ကုန်မြို့တွင်း ဘုရားများလှည့်လည်ဖူးမြော် | .... | ၁၆ |
| (၆) | မဟာထေရပူဇော်ပွဲအခမ်းအနား | .... | ၁၉ |
| (၇) | ပုဂံ၊ ညောင်ဦး၊ မန္တလေးဘုရားများဖူးမြော် | .... | ၂၁ |
| (၈) | မန္တလေးနန်းတော်နှင့် ပတ်ဝန်းကျင်လေ့လာ | .... | ၂၆ |
| (၉) | ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်နှင့်အဖွဲ့ လှူဖွယ်ပစ္စည်းများဆက်ကပ် | .... | ၃၀ |
| (၁၀) | အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တရာဟုလာပြန်လည်ကြွချီ | .... | ၃၂ |
| (၁၁) | ပြည်ပဘွဲ့တံဆိပ်တော်ခံဆရာတော်ကြီးများ ကြိုဆိုပူဇော်ပွဲ | .... | ၃၅ |
| (၁၂) | ဆွမ်းဆက်ကပ်လှူဒါန်းမှုနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ | .... | ၄၅ |
| (၁၃) | ပြည်ပဘွဲ့တံဆိပ်တော်ခံဆရာတော်ကြီးလေးပါးအား ဖူးမြော်ကန်တော့ | .... | ၅၀ |
| (၁၄) | ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲ | .... | ၅၅ |
| (၁၅) | ဆွမ်းဆန်စိမ်းလောင်းလှူပွဲ | .... | ၆၄ |
| (၁၆) | ပုဂံဘုရားဖူးခရီး | .... | ၇၁ |
| (၁၇) | သာသနာ့စာရီခရီး | .... | ၇၇ |
| (၁၈) | အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တရာဟုလာ သီရိလင်္ကာနိုင်ငံသို့ပြန်လည်ကြွချီ | | ၈၇ |
| (၁၉) | မှတ်တမ်းတင်ဓာတ်ပုံကဏ္ဍ | .... | (၈၉-၁၂၈) |
| (၂၀) | ကော်မတီဝင်များစာရင်း | .... | (၁၂၉-၁၄၀) |

# အမှာစာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက အမိန့်ကြော်ငြာစာအမှတ် (၂/၉၁) နှင့် (၁၁/၉၁) တို့ဖြင့် ဆက်ကပ်လှူဒါန်းခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပြည်တွင်းမှ ဆရာတော်ကြီး (၅၄) ပါးနှင့် ပြည်ပမှ ဆရာတော်ကြီး (၁၆) ပါး အပါအဝင် ဆရာတော်ကြီး (၇၀) ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်း ပူဇော်သည့် အခမ်းအနားကို တပေါင်းလပြည့်နေ့ ၂၇-၂-၉၁ တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာ့အေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ ပြည်ပနိုင်ငံများမှ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် အလှူတော် ခံယူတော်မူခဲ့ကြသော ထိုင်းနိုင်ငံ လန်းပန်းမြို့ ဝပ်ထာ့မအိုကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မနန္ဒ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဟုလာ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဂ္ဂဝနှင့် ဂျပန်နိုင်ငံ ကိတကျူရှုမြို့ မိုဂျီကမ္ဘာ့အေးစေတီ ကျောင်းတိုက်မှ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အစိုးရ၏ ပင့်ဖိတ်ချက်အရ ကြွရောက်တော် မူခဲ့ကြပါသည်။

ပြည်ပနိုင်ငံများမှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘွဲ့တံဆိပ်တော်ခံ ဆရာတော်ကြီးများသည် ရန်ကုန်မြို့သို့ ၂၆-၂-၉၁ ရက်နေ့တွင် လေကြောင်းခရီးဖြင့် ကြွရောက်တော်မူ လာခဲ့ကြရာ မြန်မာနိုင်ငံ၏ သာသနာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဒေဝါဝင်း၊ ရာဇာဝင်းတို့ ခင်းကာ စည်ကားသိုက်မြိုက်ခမ်းနားစွာ ခြိမ့်ခြိမ့်သဲသဲ ဝင်းခင်း မင်္ဂလာအခမ်းအနားဖြင့် ကြိုဆိုခဲ့ပါသည်။

ပြည်ပမှ ဘွဲ့တံဆိပ်တော်ခံ ဆရာတော်ကြီး တစ်ပါးဖြစ်သည့် သီရိလင်္ကာနိုင်ငံမှ ဘဒ္ဒန္တရာဟုလာက "မိမိသည် ၁၉၅၀ ပြည့်နှစ်မှစတင်၍ ကမ္ဘာ့လှည့်သာသနာပြုခဲ့ကြောင်း၊ နှစ်ပေါင်း (၄၀) ကျော်အတွင်း လှည့်လည်ရာတွင် မြန်မာနိုင်ငံမှာကဲ့သို့ ဘာသာရေးကိုင်းရှိုင်းမှု၊ သာသနာရေးအားပေးမှုမျိုး မည်သည့်နိုင်ငံတွင်မှ မတွေ့ခဲ့ဘူးကြောင်း၊ သီရိလင်္ကာနိုင်ငံ၌ မြန်မာသံအမတ်ကြီးက မြန်မာနိုင်ငံ၌ ခြိမ့်ခြိမ့်သဲသဲ ကြိုဆိုလိမ့်မည်ဟု ပြောကြားခဲ့သော်လည်း ကိုယ်တိုင်မြင်တွေ့ရ၍ မယုံနိုင်လောက်အောင် များပြားခဲ့ကြောင်း၊

ယခုကဲ့သို့ ဘာသာရေးစိတ်ဓာတ်၊ သာသနာရေး အားပေးမှုများကြောင့် မြန်မာပြည်သူ ပြည်သားများ ကျန်းမာ၍ ချမ်းသာကြပါစေဟု မိမိဆုတောင်းပါကြောင်း” မိန့်ကြားခဲ့ပါသည်။

ပြည်ပမှ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများသည် ရွှေတိဂုံစေတီတော်၊ ဗုဒ္ဓဝင်ပြတိုက်၊ မဟာဝိဇယစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကမ္ဘာအေးစေတီတော်တို့သို့ သွားရောက်ဖူးမြော်ပြီး သာသနာရေးဦးစီးဌာန၏ ပိဋကတ်တိုက်နှင့် ပြတိုက်တို့ကို လေ့လာကြပါသည်။

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ငါးပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး (၆၃) ပါး၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့မှ မဟာထေရ်များအပါအဝင် ဘွဲ့တံဆိပ်တော်ရထေရ် (၆၇) ပါးနှင့် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကနိကာယ ဥပဋ္ဌာကအဖွဲ့ နာယက ဆရာတော်ကြီးများ (၂) ရပ်ပေါင်း၊ ထေရ်ကြီးအပါး (၁၂၀) တို့အား မင်းကွန်း၊ တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ကုသိုလ်တော်အဖြစ် ပိဋကတ်သုံးပုံ စာအုပ်များ၊ မဟာဗုဒ္ဓဝင်စာအုပ်များ၊ ဆဋ္ဌသင်္ဂါယနာအမေးအဖြေစာအုပ်များနှင့် တိနိဥပဋ္ဌာနကအဖွဲ့က ထုတ်ဝေသော မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တရားဒေသနာစာအုပ်များ ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို ဖေဖော်ဝါရီလ (၂၇) ရက်နေ့ မွန်းလွဲ (၁) နာရီတွင် မိုးကုတ်ဆွမ်းစားကျောင်း၌ကျင်းပခဲ့ပါသည်။

ပြည်ပနိုင်ငံများမှ သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အလှူတော်ခံရယူခဲ့ကြသော ဆရာတော်ကြီးများသည် ပုဂံ၊ ညောင်ဦးနှင့် ညောင်ဦးမြို့ရှိ ရွှေစည်းခုံဘုရား၊ ဝက်ကြီးအင်းဂူပြောက်ဘုရား၊ ပုဂံမြို့ ရှေးဟောင်းသုတေသနပြတိုက်၊ ကန်တော့ပလ္လင်၊ မဟာဗောဓိဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ဆပဒဘုရား၊ မန္တလေးမြို့ရှိ ဆုတောင်းပြည့်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ စန္ဒမုနိဘုရား၊ မဟာလောကမာရဇိန်စေတီ၊ ကုသိုလ်တော်ဘုရား၊ ရွှေကျောင်းကြီးနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မဟာမုနိဘုရား၊ ဗုဒ္ဓဝင်ပြခန်း၊ ဒရွှေကျီးမြင်ဘုရား၊ စစ်ကိုင်းမြို့ကောင်းမှုတော်၊ ဆွမ်းဦးပုညရှင်ဘုရားတို့သို့ မတ်လ (၁) ရက်နေ့မှ (၃) ရက်နေ့ထိ ကြွရောက် လေ့လာဖူးမြော်ခဲ့ကြပါသည်။

ဆရာတော်ကြီးများသည် မတ်လ(၄) ရက်နေ့တွင် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီ၊ မဟာစေတီနှင့် ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးတို့သို့ ကြွရောက်ဖူးမြော်ကြပြီးနောက် ကလျာဏီသိမ်နှင့် ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်တို့တွင် လေ့လာကြပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အဆက်ဆက် ဆက်ကပ် လှူဒါန်းခဲ့သည့် ဘွဲ့တံဆိပ်တော် သမိုင်းတစ်လျှောက်တွင် ယခု ၁၉၉၁ ခုနှစ်သည် မကြုံစဘူးအထူးခြားဆုံးဟု ဆိုရပါမည်။ ၁၉၉၁ ခုနှစ်တွင် ပြည်တွင်းမှ ဆရာတော်ကြီး (၅၄)ပါးနှင့် ပြည်ပဆရာတော်ကြီး (၁၆) ပါး၊ စုစုပေါင်း ဆရာတော်ကြီး အပါး (၇၀) တို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းနိုင်ခြင်းကြောင့်၊ အထူးခြားဆုံးနှစ်ဟု ဆိုရခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှင့်မှုကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားလျက်ရှိပါသည်။ ဗုဒ္ဓသာသနာတော်သည် စည်ပင်ပြန့်ပွားလျက်ရှိပါသည်။

ပရိယတ္တိသာသနာ့တာဝန်ကို ကျေပွန်စွာသယ်ပိုး ဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း၍ ဂုဏ်ပြုပူဇော်ရခြင်းသည် ပရိယတ္တိ သာသနာတော်တည်းဟူသော အခြေခံအုတ်မြစ်ကို ခိုင်ခံ့အောင် ပြုလုပ်ပေးပြီး ဖြစ်သည့်အပြင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်စေရန် အထောက်အကူပြုပေးနေခြင်း ဖြစ်ပါသည်။

နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ကြီးက ဦးဆောင်ပြီး သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ညွှန်ကြားချက်များ၊ ဆုံးဖြတ်ချက်များကို လိုက်နာကြစေရန် အာဏာစက် ဖြင့် လိုအပ်သလို ကူညီထောက်ပံ့လျက်ရှိပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပရိယတ္တိ သာသနာတည်းဟူသော အခြေခံအုတ်မြစ်ကို ခိုင်ခံ့စေရန် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်း အောင်မြင်ရေးကို အထောက်အကူပြုစေရန်နှင့် ဗုဒ္ဓသာသနာတော်ကြီး ဖွံ့ဖြိုးတိုးတက် စည်ပင်လာစေရန်ဟူသော မွန်မြတ်သော ရည်ရွယ်ချက်တို့ဖြင့် ပရိယတ္တိသာသနာ့တာဝန်ကို ကျေပွန်စွာ သယ်ပိုးထမ်းဆောင်တော်မူခဲ့ကြသော ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်းဖြင့် သာသနာ့သမိုင်း မှတ်တိုင်တစ်ခုအဖြစ် တွင်ရစ်စေရန် ဤမှတ်တမ်းတင် စာအုပ်ကို ထုတ်ဝေလိုက်ရပေသည်။

**ဥက္ကဋ္ဌ**
**စာအုပ်စာတမ်း ရိုက်နှိပ်ရေးကြီးကြပ်မှုအဖွဲ့**
**ပြန်ကြားရေးဝန်ကြီးဌာန**

**နေ့စွဲ၊ ၂၁-၁၀-၉၁**
**နေရာ၊ ရန်ကုန်မြို့။**

# မြန်မာနိုင်ငံ၏ သာသနာရေးဆိုင်ရာ
# ထုံးတမ်းစဉ်လာများနှင့်အညီ
# စည်ကားသိုက်မြိုက်ခမ်းနားစွာ ဝင်းခင်းမင်္ဂလာဖြင့်ကြိုဆို

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ပင့်ဖိတ်ချက်အရ ပြည်ပနိုင်ငံများမှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်မည့် ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးများသည် ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်လေဆိပ်သို့ ကြွရောက်တော်မူလာကြရာ မြန်မာနိုင်ငံ၏ သာသနာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်ခမ်းနားစွာ ဝင်းခင်းမင်္ဂလာဖြင့် ကြိုဆိုကြသည်။

ရှေးဦးစွာ ဘွဲ့တံဆိပ်တော်ခံ ပြည်ပမှ ဆရာတော်ကြီးများအား ဝင်းခင်းမင်္ဂလာကြိုဆို ပင့်ဆောင်ရေးအစီအစဉ်အရ နံနက် ၁၁ နာရီတွင် ယာဉ်နှင့်ကြိုဆိုရေး အဖွဲ့များရောက်ရှိခြင်း၊ မွန်းတည့် ၁၂ နာရီတွင် ယာဉ်များနေရာယူခြင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံတော်ဆိုင်းဝိုင်းနှင့် အနုပညာရှင်များ ဖြစ်ကြသော သဘင်ပညာရှင် ဦးစိန်အောင်မင်း၊ ဒေါ်တင်တင်မြ၊ ဒေါ်ရီရီသန့်၊ အကော်ဒီယံအုန်းကျော်၊ ဒေါ်ခင်စိုးဝင်း၊ ဒေါ်နှင်းရီသန့်၊ ထား၊ ရန်ပိုင်စိုး၊ ဦးထွန်းရွှေ၊ အနုပညာအဖွဲ့အမျိုးသမီးများက တေးဂီတများဖြင့် ဘုန်းတော်ဘွဲ့များကို သီဆိုပူဇော်ခြင်းနှင့် ဝင်းခင်းခြင်းတို့ကို ပြုလုပ်ကြသည်။

## ပူဇော်ကြိုဆို

ထို့နောက် မွန်းတည့် ၂ နာရီ ၁၅ မိနစ်တွင် ဘွဲ့တံဆိပ်တော်ခံ ဆရာတော်ကြီးများ စီးနင်းလိုက်ပါလာသောအထူးလေယာဉ်သည် ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်လာရာ ဆရာတော်ကြီးများအား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ကိုယ်စား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန နှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်နှင့် တာဝန်ရှိသူများက လေယာဉ်ပေါ်သို့ တတ်ရောက်၍ အစီအစဉ်အတိုင်းပင့်ဆောင်ကြစဉ် စည်တော်များရွှမ်းခြင်း၊ ယောဂီများက မေတ္တာသံပေါက်ရွတ်ဆို ပူဇော်ကန်တော့ခြင်းများဖြင့် ကြိုဆိုကြသည်။

## ပင့်ဆောင်

ဆရာတော်ကြီးများ လေယာဉ်ကွင်းသို့ ရောက်ရှိလာကြသောအခါ သီရိလင်္ကာနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တရာဟုလာအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်နှင့် အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးတို့ကလည်းကောင်း၊ သီရိလင်္ကာနိုင်ငံမှ ဆရာတော်ဘဒ္ဒန္တ သိဂ္ဂဝအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်ကလည်းကောင်း၊ ဂျပန်နိုင်ငံမှ ဆရာတော်ဘဒ္ဒန္တဝေပုလ္လအား ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်နှင့် အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်လှတို့ကလည်းကောင်း၊ ထိုင်းနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်ကလည်းကောင်း အထူးမော်တော်ယာဉ်များပေါ်သို့ ပင့်ဆောင်ကြသည်။

ဘွဲ့ တံ ဆိပ် တော် ခံ ပြည် ပ မှ ဆ ရာ တော် ကြီး များ အား နိုင် ငံ တော် ငြိမ် ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့ရဲတပ်ဖွဲ့ ရဲချုပ်၊ ကာ ကွယ် ရေး ဝန် ကြီး ဌာ န မှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကိုလေး၊ တပ်မမှူးများ၊ စစ်ဒေသမှူးများ၊ မြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ကြံ့ခိုင်ရေးကြီးကြပ်မှုဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးညွန့် ခေါင်းဆောင်သည့် ပြည်တွင်း ပြည်ပသတင်းစာဆရာများ၊ မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာလုပ်ငန်းများ လေ့လာရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော ဆိုဗီယက် ဒုတိယသာသနာပိုင်ချုပ် ဦးဆောင်သည့် ဆိုဗီယက် ဗုဒ္ဓဘာသာ ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့မှ သံအမတ်ကြီးများ၊ နီပေါနိုင်ငံနှင့် ထိုင်းနိုင်ငံသံရုံးများမှ သံရုံးယာယီတာဝန်ခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ပူဇော်ကြသည်။

## သာသနာ့အလံ

ဆရာတော်ကြီးများအား ကြိုဆိုပင့်ဆောင်ရာတွင် လေယာဉ်ဆိုက်ကပ်ရာနေရာနှင့် လေဆိပ်အဆောက်အအုံကြားတွင် ကော်ဇောခင်းထား၍ ဝ ယာ ရန်ကုန်လေဆိပ်တွင် ကြိုဆိုရေးမုခ်ဦးမဏ္ဍပ်ကြီး၌ "ဘွဲ့တံဆိပ်တော်ခံ ပြည်ပမှ ဆရာတော်ဘုရားကြီးများအား ပူဇော်ဂါရဝပြုပါ၏" ဟူသော စာတန်းကြီးနှင့်အတူ ပြည်နယ်နှင့်တိုင်း ၁၄ ခု ကိုယ်စားပြုသော သာသနာ့အလံ ၁၄ ခု

စိုက်ထူထားသည်။ ဝဲယာ၌လည်း ငါးပေသုံးလက်မ သာသနာ့အလံ ၂၀ စီနှင့် တိုင်မြင့်ကြီး ၂ တိုင်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအလံနှင့် ကိုးပေ ငါးလက်မရှိ သာသနာ့အလံတော်ကြီးကို လွှင့်ထူထားသည်။

ဆရာတော်ကြီးများအား ဝင်းခင်းမင်္ဂလာကြိုဆိုရာတွင် ဒေဝါဝင်းသည် ပထမဦးစွာ သူငယ်ရစသော သိကြားမင်း၏သားတော်ကြီး လေးပါးတို့က သာသနာ့အလံ အရှိုးရှည်ကြီးများကို ကိုယ်စီကိုင်၍ ကော်ဇောနီတစ်ဖက်တစ်ချက်တွင် စတုဂံကျကျ ရပ်နေကြသည်။ ယင်း၏နောက်တွင် လေယာဉ်မှဆင်းလာသည့် ဆရာတော်ဘုရားကြီးများ၏ ညာဘက်၌ ဖြူ၊ နီ၊ ညို၊ ဝါဝတ် နတ်သားလေးပါးက ထီးရွက်လက်မ ၄၀ ကနက္ကဒဏ်ထီးဖြူကြီးများကို ကိုင်ဆောင်ထားကြသည်။ အခြားတစ်ဖက်တွင် ဗြဟ္မာကြီးလေးပါး၊ သိကြားမင်း၊ ပဇာပတိဝရုဏ၊ ဤသာသနာ့နတ်မင်းကြီးသုံးပါး၊ သာတာဂိရိ၊ ဟေမဝတနတ်မင်းကြီးနှစ်ပါး၊ ပဥ္စသိခ်၊ မာတလိနှင့် စတုလောကပါလ နတ်မင်းကြီးလေးပါး၊ ယင်း ၁၆ ပါးကလည်း လက်မ ၄၀ ရွှေထီးတစ်လက်စီ ကိုယ်စီကိုင်၍ တစ်ဖက် ၁၆ ယောက်စီ အတန်းလိုက်နေရာယူ ပင့်ဆောင်တော်မူကြသည်။

ယင်းနောက်ညာဘက်မှ သူရဿတီနတ်သမီးက သာသနာ့အလံအရှိုးကိုကိုင်၍ နတ်သမီး ၁၆ ပါးက ကော်ဇောနီ၏တစ်ဖက် ရှစ်ပါးစီ တန်းစီနေရာယူထားကြပြီး လေယာဉ်ကွင်းသို့မျက်နှာမူကာ ယင်းတို့၏လက်တွင် သစ္စာအနက် ၁၆ ချက် ဗောဓိအလံများကို ကိုင်ထားကြသည်။ ဒေဝါဝင်းတွင် လူအတန်းညာဘက်၌ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၈ ဦး၊ ဘယ်ဘက်တွင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၉ ဦး၊ စုစုပေါင်း ၅၃ ဦး ပါဝင်သည်။

ရာဇာဝင်းသည် ဒေဝါဝင်း (ဒေဝီ) များ၏နောက်က ၁၀ ပေခန့်ခြား၍ ကော်ဇောနီတစ်ဖက်တစ်ချက်၌ လေယာဉ်ဘက်သို့မျက်နှာမူပြီး ရပ်ကြသည်။ ပထမဦးစွာ မင်းသားလေးဦးက သာသနာ့အလံ အရှိုးရှည်ကြီးကို ကိုယ်စီကိုင်ကာ စတုဂံကျကျ ရပ်နေကြသည်။

ထို့နောက်သိုင်းကိုင်လေးဦး၊ ကျိုင်းကိုင်လေးဦး ရွှေနောက်စတုဂံကျကျ ရပ်နေကြသည်။ ဘုရင်နှင့်မိဖုရား ကော်ဇော်နီတစ်ဖက်စီ၊ အိမ်ရှေ့မင်း၊ မိဖုရား ကော်ဇောနီတစ်ဖက်စီ၊ လေးကိုင်မင်းသားလတ်နှစ်ပါးစီ၊ တစ်ဖက်နှစ်ယောက်စီ၊ ဝန်ကြီးလေးပါး၊ တစ်ဖက်နှစ်ပါးစီ၊ ဓားလွယ်နှင့်စစ်သူကြီးတစ်ဖက် (ညာ)၊ ဗိုလ်မှူးနှစ်ဦး (ဝဲ) တို့က နေရာယူကြသည်။

ယင်းနောက်တွင် တံခွန်၊ ကုက္ကား၊ မုလေးပွားကိုင် သေဌေးကြီးလေးဦး၊ ဘွဲ့ခံညာဘက်တွင် ၁၅ ဦး၊ ဘယ်ဘက်တွင် ၁၆ ဦး၊ စုစုပေါင်း ရာဇာဝင်း၌ ၃၁ ဦး၊ မင်းသားများက လေးကိုင်၊ သေဌေးကြီးလေးဦးတို့က တံခွန်၊ ကုက္ကား၊ မုလေးပွားကိုင် ပူဇော်ကြသည်။

အဆိုပါဝင်း၏ ဘယ်ညာဆယ်ပေခန့်အကွာတွင် ဘွဲ့ခံ၏ညာဘက်၌ မြို့နယ်များမှ အမျိုးသားယောဂီ ၁၀၀ ဦး၊ ဘယ်ဘက်၌ အမျိုးသမီးယောဂီ ၁၀၀ ဦးတို့က ရွှေနောက်လက်တစ်ကမ်းစီ တန်းစီပြီး လေယာဉ်ဘက်မျက်နှာမူ၍ ရပ်နေကြသည်။ ယင်းတို့၏ ဘေးညာတွင် ရုပ်ရှင်ဂီတမှ ယောဂီအမျိုးသား ၃၀ ဦး၊ ဘယ်ဘက်တွင် ယောဂီအမျိုးသမီး ၃၀ ဦး ဝန်းရံနေရာယူ ထားကြသည်။

ဝန်းရံယောဂီစုစုပေါင်း ၂၆၆ ဦးတို့သည် နှစ်ပေခွဲအရှိ သာသနာ့အလံငယ်များ ကိုယ်စီကိုင်ဆောင်ကာ ကြိုဆိုပင့်ဆောင်တော်မူကြသည်။

ထို့နောက် ဘွဲ့ခံဆရာတော်ကြီးများအား သီးသန့်သတ်မှတ်ထားသော မော်တော်ယာဉ်တစ်စီးစီဖြင့် ပင့်ဆောင်တော်မူသည်။ ယာဉ်အားလုံးကို အလှဆင်ထားကြသည်။ ယာဉ်များ၏ဝဲယာတစ်ဖက်တစ်ချက်တွင် "သံဃံပူဇေမိ" ဟူသော စာလုံးကြီးများ ရေးဆွဲထားသည်။ ယာဉ်တန်း၏ရှေ့ဆုံး၌ သာသနာ့အလံစိုက် လမ်းပြဆိုင်ကယ်ငါးစီး၊ လမ်းကြောင်းထိန်းယာဉ်၊ ကြေညာချက်ယာဉ်၊ မင်္ဂလာစည်တော်ယာဉ်၊ သာသနာ့အလံတင် ကရဝိက်ဖောင်တော်ယာဉ်၊ ထို့နောက်မှ ဝိနယပိဋကတ်တင် ဆင်ဖြူတော်ယာဉ်၊ သုတ္တန်ပိဋကတ်တင် ဆင်ဖြူတော်ယာဉ်၊ အဘိဓမ္မပိဋကတ်တင် ဆင်ဖြူတော်ယာဉ်များကို နတ်သားနှစ်ပါးစီက ကနက္ကဒဏ်ထီးဖြူ တစ်လက်စီကိုင်၍ ဆင်၏ဝဲယာမှ ဆောင်းမိုး လိုက်ပါကြသည်။

ထို့နောက် ဒေဝါဝင်းယာဉ်များ၊ မင်္ဂလာဆိုင်းဝိုင်းတော်ကြီးယာဉ်၊ ဘွဲ့ခံဆရာတော်ကြီးများ၏ ယာဉ်များ၊ ဒေဝါယာဉ်၊ ရာဇာဝင်းယာဉ်များ၊ မင်္ဂလာစည်တော်ယာဉ်၊ ရုပ်ရှင်ဂီတ ယောဂီယာဉ်များ၊ မြို့နယ်ယောဂီယာဉ်များနှင့် ဌာနဆိုင်ရာယာဉ်များ လိုက်ပါလာကြသည်။

ဆက်လက်၍ ကားတန်းဖြင့်လိုက်ပါလာသော မင်္ဂလာစည်တော်နှစ်ဖွဲ့နှင့် မင်္ဂလာဆိုင်းတို့က သီဆိုဖျော်ဖြေကြသည်။ ယောဂီများကလည်း လမ်းကြောင်းတစ်လျှောက် သီဆိုပူဇော်ကြသည်။

ရန်ကုန်လေဆိပ်မှ ကမ္ဘာအေးဘုရားအထိ လေးမိုင်သုံးဖာလုံရှိသည်။ ယင်းလမ်းတစ်လျှောက်၌ ဆယ်မိုင်ကုန်း၊ မြိုင်ဟေဝန်ပန်းခြံထောင့်၊ ကမ္ဘာအေးလိုဏ်ဂူပေါက်၊ ကမ္ဘာအေးလမ်းသစ် ဝင်ဂိတ်တို့တွင် ၁၇ ပေမြင့်သည့် ကားလမ်းဖြတ်မုခ်ဦးငါးခု၊ တစ်ခုစီတွင် သာသနာ့အလံ ၁၄ ခုစီ စိုက်ထူထားပြီး ဘွဲ့တံဆိပ်တော်ခံ ပြည်ပမှဆရာတော်ကြီးများကို ပူဇော်ဂါရဝပြုပါ၏ဟူသော စာတန်းကြီးများဖြင့် ကြိုဆိုကြသည်။

ထို့ပြင် ရန်ကုန်လေဆိပ်မှ ကမ္ဘာအေးဘုရားလမ်းအထိ ဘေးဝဲယာ တစ်ဖက်တစ်ချက်၌ သာသနာ့အလံ ၄၆၀ စိုက်ထူထားသည်။ ကိုးမြို့နယ်ဖြစ်သော မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ လှိုင်၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ စမ်းချောင်းနှင့် ကမာရွတ်မြို့နယ်များမှ ပြည်သူလူထု ၁၂၀၀၀ ကျော်တို့က တစ်မြို့နယ်လျှင် မဏ္ဍပ်တစ်ခုစီဖြင့် သာသနာ့အလံငယ်များ ဝေ့ယမ်း၍လည်းကောင်း၊ သပြေပန်းများဆက်ကပ်ကာ မြေပြင်၌ ဦးချပူဇော် ကန်တော့ကြပြီး သံပေါက်ကဗျာများ ရွတ်ဆိုကြိုဆိုကြသည်။

ထို့နောက်ဆရာတော်ကြီးများ ကမ္ဘာအေးသို့ရောက်သည့်အခါ ဝင်းခင်းယာဉ်များရပ်နား၍ ဆရာတော်ဘုရားကြီးများ၏ယာဉ်က ဇမ္ဗူဒီပကျောင်းဆောင်သို့ ဆက်လက်မောင်းနှင်သည်။ ပြည်ပမှ ဘွဲ့ခံဆရာတော်ကြီးများသည် ညနေ ၃ နာရီ မိနစ် ၄၀ တွင် ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းသို့ ရောက်ရှိတော်မူကြရာ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု

စန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး၊ တက္ကသိုလ် လေ့ကျင့်ရေးတပ်များ၏ တပ်မှူးချုပ်ဗိုလ်မှူးကြီးဖေသိန်း၊ ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏသီရိက ပြည်ပဆရာတော်ကြီးများကို ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမသို့ ပင့်ဆောင်ပြီး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် တွေ့ဆုံမိတ်ဆက်ပေးသည်။

ယင်းတွေ့ဆုံပွဲတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရာဘိဝံသ ပဲခူးမြို့မဆရာတော်ဘုရားကြီးအမှူးပြုသော ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော်ခံပြည်ပဆရာတော်ကြီးများဖြစ်ကြသော သီရိလင်္ကာနိုင်ငံမှ ဆရာတော်ဘဒ္ဒန္တရာဟုလာနှင့် ဆရာတော်ဘဒ္ဒန္တသိဂ္ဂဝ၊ ထိုင်းနိုင်ငံမှ ဆရာတော်ဘဒ္ဒန္တဓမ္မာနန္ဒနှင့် ဂျပန်နိုင်ငံမှ ဆရာတော်ဘဒ္ဒန္တဝေပုလ္လတို့ ကြွရောက်တော်မူကြသည်။

ထိုသို့ တွေ့ဆုံဂါရဝပြုရာတွင် သီရိလင်္ကာနိုင်ငံမှ ဘဒ္ဒန္တရာဟုလာက မိန့်ကြားတော်မူရာတွင် မိမိသည် ၁၉၅၀ ပြည့်နှစ်မှ စတင်၍ ကမ္ဘာလှည့် သာသနာပြုခဲ့ကြောင်း၊ နှစ်ပေါင်း ၄၀ ကျော်အတွင်း လှည့်လည်ရာတွင် မြန်မာနိုင်ငံမှာကဲ့သို့ ဘာသာရေး ကိုင်းရှိုင်းသူ၊ သာသနာရေး အားပေးမှုမျိုး မည်သည့်နိုင်ငံတွင်မှ မတွေ့ခဲ့ဖူးကြောင်း၊ သီရိလင်္ကာ၌ မြန်မာသံအမတ်ကြီးက မြန်မာနိုင်ငံ၌ ငြိမ့်ငြိမ့်သက်ကြိုဆိုလိမ့်မည်ဟု ပြောခဲ့သော်လည်း ကိုယ်တိုင်မြင်တွေ့ရ၍ မယုံကြည်နိုင်လောက်အောင် များပြားခဲ့ကြောင်း၊ ယခုကဲ့သို့ ဘာသာရေးစိတ်ဓာတ်၊ သာသနာရေး အားပေးမှုများကြောင့် မြန်မာပြည်သူပြည်သားများ ကျန်းမာ၍ ချမ်းသာကြပါစေဟု မိမိဆုတောင်းပါကြောင်း။

မြန်မာနိုင်ငံသည် သယံဇာတကြွယ်ဝမှု၊ ရေမြေသဘာဝ ကောင်းမွန်မှုတို့မှာ မည်သည့်နိုင်ငံနှင့်မျှ မတူကြောင်း၊ မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်က သာသနာရောင် ထွန်းပြောင်ခဲ့ကြောင်း၊ ကမ္ဘာကျော် ရွှေတိဂုံစေတီတော်ကြီးရှိပြီး မည်သည့်အချိန်ကြည့်ကြည့် ရွှေရောင်တဝင်းဝင်းနှင့် ကြည်ညိုဖွယ်ကောင်းလှကြောင်း၊ ပိဋကတ်တော်များကို ကျောက်ဖြူ ကျောက်ပြားကြီးများပေါ်တွင် ထွင်းထုထားရှိသည်မှာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာ ပြုလုပ်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် ရှေးယခင်ကပင် ယဉ်ကျေးမှုအရလည်းကောင်း၊ ဘာသာ သာသနာရေးအရလည်းကောင်း၊ အစဉ်မပြတ် ကူးလူးဆက်ဆံမှု ပြုလုပ်ခဲ့ကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်သွားရောက်ကြ၍ ဘာသာရေးဆိုင်ရာများကို လေ့လာမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင်လည်း သီရိလင်္ကာနိုင်ငံမှ ဆရာတော်များ ကြွရောက်ချီးမြှင့်ခဲ့ကြကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဘာသာ သာသနာရေး ကိစ္စများ အတူလက်တွဲဆောင်ရွက်သွားပါက ဗုဒ္ဓသာသနာ ထွန်းကားတောက်ပမည်ဖြစ်ကြောင်း။

သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံချင်းဖြစ်၍ စဉ်ဆက်မပြတ်ယနေ့အထိ သာသနာ ထွန်းကားလျက်ရှိကြောင်း၊ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံအနေဖြင့် မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ လာဩ၊ ကမ္ဘောဒီးယား နိုင်ငံဟူ၍ရှိကြောင်း၊ မိမိတို့သည် ဘာသာရေး၊ သာသနာရေးကို စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထေရဝါဒဗုဒ္ဓသာသနာသည် ယခုအခါ မြန်မာနိုင်ငံ၌ စည်ပင်ပြန့်ပွားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရသည် ဘာသာရေး၊ သာသနာရေးကို အားပေးသည်ကို တွေ့ရ၍ ဝမ်းသာမိကြောင်း၊ သာသနာတော်ထွန်းကားပြီး လောဘ၊ ဒေါသ၊ မောဟ ချုပ်ငြိမ်းပြီးလျှင် ကမ္ဘာကြီး ငြိမ်းချမ်းသာယာမည်ဖြစ်ကြောင်း၊ ပိဋကတ်သုံးပုံကို ဘာသာပြန်ပြီး မြန်မာနိုင်ငံသို့ ပို့ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ယခုအခါ ပိဋကတ်သုံးပုံ မူရင်းအတိုင်း ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး ယခုအခါ သက်တော် ၉၄ နှစ် ရှိပြီဖြစ်ရာ အသက်ရာကျော်အထိ ဘာသာရေး၊ သာသနာရေးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေဟု မိမိ ဆုမွန်ကောင်းတောင်းပါကြောင်း မိန့်ကြားသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးကလည်း မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ သာသနာတော်ထွန်းကားနေကြောင်း၊ နိုင်ငံတော်အစိုးရကလည်း သာသနာထွန်းကားရေးအတွက် အားပေးချီးမြှင့်နေကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာကို နှစ်နိုင်ငံ အကျိုးတူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထေရဝါဒ နိုင်ငံအချင်းချင်းဆက်သွယ်ရန် ယခင်က အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ ယခုအခါ အစိုးရ၏ အားပေးမှုကြောင့် အောင်မြင်ခဲ့သည်ဖြစ်၍ လွန်စွာ ဝမ်းမြောက်ကြောင်း၊ ဆရာတော်ဘုရားကြီး ယခုကဲ့သို့ ကျန်းမာစွာဖြင့် မြန်မာနိုင်ငံသို့ ကြွရောက်လာသဖြင့် များစွာဂုဏ်ယူမိပါကြောင်း စသည်ဖြင့် ပြန်လည်လျှောက်ထားသည်။

ဆရာတော်ကြီးနှစ်ပါး၏ လျှောက်ထားချက်များကို တက်ရောက်လာကြသူများက သာဓုသုံးကြိမ် ခေါ်ဆိုကြသည်။ ထို့နောက် သီရိလင်္ကာနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တရာဟုလာသည် တက်ရောက်လာသော နိုင်ငံအကြီးအကဲများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဘွဲ့ခံပြည်ပ ဆရာတော်ကြီးများ မနော်ဟာရီဝိဟာရ အာဂန္တုဆောင်သို့ ဆက်လက်ကြွရောက်ပြီး သီတင်းသုံးကြသည်။

ဘွဲ့တံဆိပ်တော်ခံ ပြည်ပမှ ဆရာတော်ကြီးများသည် တပေါင်းလပြည့်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် ကမ္ဘာအေး ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း ဆင်ယင်ကျင်းပမည့် အဘိဓဇနှင့် အဂ္ဂမဟာပဏ္ဍိတ ကပ်လှူပူဇော်ပွဲသို့ တက်ရောက်ပြီး ဘွဲ့တံဆိပ်တော်များကို အလှူခံမည်ဖြစ်သည်။

ထို့နောက် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးသို့ ကြွရောက်ကာ ဆွမ်းဆန်စိမ်း အလှူခံ ကြွတော်မူမည်ဖြစ်သည်။

# ဆွမ်းကပ်လှူဒါန်းမှုနှင့် ဆွမ်းဆန်စိမ်း လောင်းပွဲ ရေစက်သွန်းချ အမျှဝေ အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်လျှောက်ထား

## ရန်ကုန် ၂၇-၂-၉၁

တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူလာကြကုန်သော ဆရာတော်၊ သံဃာတော် ၄၄၃ ပါးတို့အား ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူခြင်းအတွက် ရေစက်သွန်းချ အမျှပေးဝေသည့် အခမ်းအနားကို ၂၇-၂-၉၁ နံနက် ၈ နာရီတွင် ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပ ကျောင်းဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဆွမ်း ဆန် စိမ်း လောင်းလှူပွဲ ကျင်းပရေး ဗဟိုအဖွဲ့ နာယက တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်နှင့် ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်စုနှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဆွမ်းဆန်စိမ်း လောင်း လှူ ပွဲ ကျင်းပရေး ဗဟိုအဖွဲ့နှင့် အထောက်အကူပြု အဖွဲ့များမှ ပုဂ္ဂိုလ်များ၊ သာသနာရေး ဦးစီး ဌာ န မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် စေတနာရှင် ပြည် သူ များ တက်ရောက်ကြသည်။

### လျှောက်ထား

အခမ်းအနားတွင် တိုင်း သာသနာရေး ဦးစီးမှူး ဦးတင်အောင်က အခမ်းအနားမှူး အ ဖြစ် ဆောင်ရွက်ပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်လိုက်သည်။

ထို့နောက် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရေး ဗဟိုအဖွဲ့ နာယက တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်က လျှောက်ထားရာတွင် တ တိ ယ အကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးပွဲကြီးနှင့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် ပူဇော်ပွဲ အခမ်းအနားသို့ ကြွ ရောက်တော်မူလာကြသော သာသနာ့ဦးသျှောင် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားရှင်တိုင်းသည် ကဆုန်လပြည့်နေ့၌ ဗုဒ္ဓဖြစ်တော်မူကြပြီး တပေါင်းလပြည့်နေ့၌ ဩဝါဒပါတိမောက် တရားတော်ကို အမြဲ ဟော ကြား တော်မူကြောင်း မှတ်သားပါသည်ဘုရား။ ဤထူးမြတ်သော တပေါင်းလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့တွင် ကျေးဇူးရှင် သက်တော်ရှည် သာသနာ့ ဦးသျှောင် ဆရာတော်ကြီးများအား စုံစုံ ညီညီ ဖူးမြော်ခွင့်၊ ကြည်ညိုခွင့်ရရှိသဖြင့် လွန်စွာပင် ဝမ်းမြောက်ဝမ်းသာ ဖြစ် ရ ပါ ကြောင်း ကို ရှေးဦးစွာ လျှောက်ထားပါသည်ဘုရား။

## ဆောင်ရွက်ခဲ့

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၏ မေတ္တာ ရပ်ခံချက်အရ တတိယအကြိမ် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးပွဲကြီးနှင့် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ အခမ်းအနား ကြီး အပြီးတွင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကို ခြိမ့်ခြိမ့်သဲမျှ စည်ကားသိုက်မြိုက်စွာ ကျင်းပ နိုင် ရေးအတွက် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် စီမံချက်များ ရေး ဆွဲ ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရေး နာယကအဖွဲ့၊ ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့ စည်း ခြင်း၊ ရန်ကုန်တိုင်းအတွင်းရှိ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့များ၊ အသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများကို ဖိတ်ကြား၍ နှီးဆော်ဆွေးနွေး စီရင်ခြင်း များကို ဆောင်ရွက်ခဲ့ပါသည်ဘုရား။

၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ကြီး ငါးပါး၊ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆၄ ပါး၊ နိုင်ငံတော် ဩဝါဒ စရိယ ဆရာတော်ကြီး ၁၀၃ ပါး၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီး ၃၅ ပါး၊ နိုင်ငံ တော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီး ၂၃၆ ပါး၊ စုစုပေါင်း ဆရာတော်ကြီး ၄၄၃ ပါးတို့ အား ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ နှီးဆော်မှုဖြင့် စေတနာရှင် သဒ္ဓါရှင် ပြည်သူများ၏ လှူဒါန်းအပ်သော ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဝေယျာ ဝစ္စလုပ်ကျွေးပြုစုခြင်း၊ ကောင်းမှုကုသိုလ်ထူးအတွက် ကိုယ်နှုတ်နှလုံး သုံးပါးတို့ဖြင့် အား ထုတ် ဆောင်ရွက်ရခြင်း၊ ဆရာတော်များအား ဆွမ်းကပ်ခြင်းစသော ထိုထိုပြုအပ်သော ကောင်းမှု တို့ ကို ဆရာတော် ဘုရားများအား အာရုံပြု၍ ဆည်းပူးဆောင်ရွက်ခဲ့ပါသည်ဘုရား။ ထိုသို့အာရုံပြုဆည်းပူး ဆောင်ရွက်ရခြင်းမှာ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဆည်းပူး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်ဘုရား။

## ရေစက်ချအခမ်းအနား

ယနေ့ကျင်းပသော အခမ်းအနားသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ (၂/၉၁) နှင့် (၁၁/၉၁) တို့အရ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့ တံ ဆိပ် တော် အဆောင်အယောင်များ ဆက်ကပ်သည့် ပူဇော်ပွဲကြီးနှင့် တတိယအကြိမ် နိုင်ငံတော် ဗ ဟို သံ ဃာ့ ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးပွဲကြီးသို့ အသီးသီး ကြွရောက်တော်မူလာကြသော ဆရာတော် ကြီးများအား တပေါင်းလပြည့်နေ့အဘွက် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ ခြင်းတို့အတွက် အောင်မြင်ပြီးမြောက်သော သာဓုအနုမောဒနာပြု ရေစက်ချ အခမ်းအနား ဖြစ် ပါ သည် ဘုရား။

ယနေ့ကျင်းပသော ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးတွင် ရန်ကုန်တိုင်းအတွင်းမှ ဝန်ကြီးဌာန များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၊ ဘာသာရေး အ သင်း

အဖွဲ့များနှင့် စေတနာရှင် ပြည်သူများက တပေါင်းလပြည့်နေ့ တစ်ရက်တာ ဆွမ်းကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း အမျိုးမျိုး လှူဒါန်းသော တန်ဖိုးငွေ ပမာဏမှာ ငွေကျပ် ငါးဆယ့် သုံးသိန်းကျော် ဖြစ်ပါသည်ဘုရား။

## တောင်းပန်

ယနေ့ ပူဇော်လှူဒါန်းရသော အခမ်းအနားသည် လုပ်ငန်းပမာဏ လွန်စွာများပြား လှပါသဖြင့် ဆွမ်းဆက်ကပ်လှူဒါန်းရာ၌ လည်းကောင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူကြရာ၌လည်းကောင်း ဝေယျာဝစ္စများ ဆောင်ရွက်ရာ၌လည်းကောင်း၊ ဘုရားတပည့်တော်နှင့်တကွ ဒါယကာ၊ ဒါယိကာမများက ပုထုဇဉ်တို့သဘာဝအရ ပြုထိုက်သောကိစ္စကို မပြုထိုက်မိသောအပြစ်၊ မပြုထိုက်သောကိစ္စကို ပြုလိုက်မိသောအပြစ်များ အကယ်၍ပြုမိဖြစ်မိပါလျှင် ဆရာတော်အရှင်သူမြတ်တို့က သနားသောအားဖြင့် အနာမယူခွင့်လွှတ်တော်မူကြပါရန် ရိုသေစွာတောင်းပန် လျှောက်ထား အပ်ပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် ဘုရားတပည့်တော်များ ဤသို့လှူဒါန်းရသော ကုသိုလ်ကောင်းမှုများနှင့်စပ်လျဉ်း၍ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောကောင်းကျိုးတိုးပွားစေမည့် တရားဒေသနာတော်များကိုဟောကြားချီးမြှင့်တော်မူပါရန်နှင့် ဤသို့ပြုစုဆောင်ရွက်ရသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ ပေးတော်မူပါရန် ရိုသေစွာခြေတော်စုံဦးခိုက်၍ လျှောက်ထားအပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက်ပရိတ်သတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတထံမှရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူပြီး အကျိုးတော်ဆောင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသကအနုမောဒနာတရား ဟောကြားတော်မူလျက် ရေစက်သွန်းချအမျှပေးဝေကာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်
# နိုင်ငံခြားမှ ဘွဲ့တံဆိပ်တော်အလှူခံယူမည့်
# ဆရာတော်ကြီးလေးပါးအား ဖူးမြော်ကန်တော့

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် သည် နိုင်ငံခြားတိုင်းပြည်များမှ ဘွဲ့တံဆိပ်တော်အလှူခံယူရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော ထိုင်းနိုင်ငံ လန်းပန်းမြို့ ဝပ်ထာ့မအိုးကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မှ ဘဒ္ဒန္တရာဟုလာ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋ္ဌာရာမကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသိဂ္ဂဝနှင့် ဂျပန်နိုင်ငံ ကိတကျူရှူမြို့ မိုဂျိ ကမ္ဗာအေး စေတီကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဝေပုလ္လ တို့အား ၂၇-၂-၉၁ နံနက် ၉ နာရီတွင် ဆရာတော်ကြီးများ သီတင်းသုံးနေထိုင်ရာ အလုံလမ်းရှိ မနော်ဟရီ စံကျောင်းတော်သို့ သွားရောက်ဖူးမြော်ကန်တော့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် မနော်ဟရီ စံကျောင်းတော်သို့ ရောက်ရှိလာရာတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ၊ အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ အတွင်းရေးမှူး(၁) ဗိုလ်ချုပ် ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဗိုလ်ချုပ် တင်ဦး၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်လှ၊ နိုင်ငံသမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ညွန့်နှင့် သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့မောင်တို့က ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် နှင့် အဖွဲ့သည် ဆရာတော်ကြီးလေးပါးအား ဖူးမြော်ကန်တော့ကြပြီး ဗိုလ်ချုပ်မှူးကြီး စောမောင်က ဘာသာရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ယင်းနောက် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တရာဟုလာက မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ အပြန်အလှန် သာသနာရေးဆက်သွယ်မှုများ၊ နှစ်နိုင်ငံ သာသနာရေး ပူးပေါင်း ဆောင်ရွက်ချက်များကို မိန့်ကြားတော်မူသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော်ကြီးလေးပါးက အောင်ဆုဂါထာများ ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် အဖွဲ့ဝင်များက လှူဖွယ် ဝတ္ထု ပစ္စည်း များ ဆက်ကပ်လှူဒါန်းပူဇော်ကာ နံနက် ၉ နာရီခွဲတွင် မနော်ဟရီ စံကျောင်းတော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဆက်လက်၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အ ဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ကမ္ဘာအေးကုန်းမြေ မ ဟာ ပါ သာ ဏ လိုဏ် ဂူ တော် သို့ ထွက်ခွာလာရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရောက် ရှိပြီး သာ သ နာ ရေး ဦး စီး ဌာ န ဒုတိယ ညွှန် ကြား ရေး မှူး ဦးသိန်းအောင်နှင့် ရန်ကုန်တိုင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေး ကော်မတီဝင်များက ပြင်ဆင်ထားရှိမှုများကို ရှင်း လင်း တင် ပြ သည်။ ထို့နောက် အခမ်းအနား ပြင်ဆင်ထားရှိမှုနှင့် လှူဖွယ်ဝတ္ထုများ ပြင်ဆင်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ သာသနာရေးဦးစီးဌာနမှ လုပ်အားပေးများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ နံနက် ၉ နာရီ ၅၅ မိနစ် တွင် ပြန်လည်ထွက်ခွာသွားသည်။

# အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ ခမ်းနားသိုက်မြိုက်စွာ ကျင်းပ

## ရန်ကုန် ၂၇-၂-၉၁

၁၃၅၂ ခုနှစ်၊ (၁၉၉၁ ခုနှစ်)တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၂/၉၁) နှင့် (၁၁/၉၁)ဖြင့် ဆက်ကပ်လှူဒါန်းခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပြည်တွင်း ပြည်ပမှ ဆရာတော် ၇၀ ပါးတို့အား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကိုယ်စား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်က ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်သည့် အခမ်းအနားကို ၂၇-၂-၉၁ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်တွင်းပြည်ပမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ နိုင်ငံတော်သြဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စုနှင့် မြို့နယ်များမှ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်များ၊ ဘာသာရေး၊ သာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ စေတနာရှင်များ၊ ပြည်သူလူထုများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နံနက် ၁၁ နာရီတွင် နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော်ကြီးများသည် မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း၌ ကြိုတင်သီတင်းသုံးတော်မူကြသည်။

## ကြိုဆိုပူဇော်

နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင် ဦးဆောင်၍ တာဝန်ရှိ ပုဂ္ဂိုလ်များက အောင်သပြေစိုက် ငွေဖလား၊ ကွမ်းတောင်၊ ပန်းကလပ်နှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ပန်းမိုးများ ရွာသွန်းကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ဦးဆောင်လျက် ပြည်တွင်းပြည်ပမှ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်းသို့ မင်္ဂလာ နတ်လမ်းအတိုင်းပင့်ဆောင်လာကြရာ အခမ်းအနားမှူး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံးမောင်က ဆရာတော်ကြီးများ ကြွရောက်တော်မူလာကြပြီဖြစ်ကြောင်း ကြေညာရာ တက်ရောက် ကြည်ညိုလျက်ရှိကြသော ပရိတ်သတ်များက လက်အုပ်ချီ ဂါရဝပြုကြပြီး နိုင်ငံတော်ဆိုင်းအဖွဲ့က မင်္ဂလာစည်တော်ရွှမ်း၍ ကြိုဆိုပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အခမ်းအနား စတင်ကြောင်းနှင့် အခမ်းအနား အစီအစဉ် များကို ဖတ်ကြားလျှောက်ထားပြီး၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်မှူးကြီး သန်းညွန့်က အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်လိုက် သည်။

## လျှောက်ထား

ဆက်လက်၍ ပရိတ်သတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု မြင်းခြံ ကိုးဆောင်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသောဘိတထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။ ထို့နောက် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီး ဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ပြည်တွင်းပြည်ပမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆၅ ပါးတို့အား ဘွဲ့တံဆိပ်တော်များ အသီးသီးဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

## ဩဝါဒကထာ

ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း၊ ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ၏ ဩဝါဒကထာကို ဆရာတော်ကြီးကိုယ်စား တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ သန်လျင် မင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရိ ကဖတ်ကြားတော်မူရာတွင် ယနေ့ ၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ကြီးသည် ပြည်ထောင်စု မြန်မာ နိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံခြားနိုင်ငံမှ ဆရာတော်

ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသော ပူဇော်ပွဲနေ့ကြီး ဖြစ်ပါသည်။ ဤခမ်းနားကြီးကျယ်လှသော ဆက်ကပ်ပူဇော်ပွဲနေ့ကြီးတွင် ဆရာတော်အနေဖြင့် သြဝါဒစကားပြောကြားလိုသည်မှာ လူ့ပြည်လောက၌ သာသနာတော်တွင်း သားရဟန်းတော်များ၊ လူ့ဘောင်နေ ဒါယကာ ဒါယိကာမများဟု နှစ်မျိုးနှစ်စား ရှိကြပါသည်။ သာသနာတော်တွင်း သားရဟန်းကောင်းများသည် ဗုဒ္ဓ ဝိနည်းဥပဒေစည်းကမ်းအတိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ် နေထိုင်တော်မူကြပြီး ရဟန်းလေး၊ ရဟန်းဆိုး၊ ရဟန်းယုတ်များသည် ဝိနည်းဥပဒေစည်းကမ်းများကို မလိုက်နာဘဲ ဖောက်ဖျက်ကျူးလွန်လျက် နေထိုင်ကြပါသည်။ ထိုအခါ ဆိုင်ရာအဖွဲ့အစည်းများက ရဟန်းလေး၊ ရဟန်းဆိုး၊ ရဟန်းယုတ်များကို ရဟန်းကောင်းများဖြစ်လာစေရန် ဥပဒေစည်းကမ်း ချက်ဖြင့် နှိပ်ကွပ်ဆုံးမရာတွင် မသိမလိမ္မာသော ရဟန်းရှင်လူတို့က ဆိုဆုံးမသော ဆိုင်ရာအဖွဲ့အစည်း များကို မကောင်းမြင်၍ ပြစ်တင်ကဲ့ရဲ့တတ်ကြလေသည်။ ထိုမကောင်းမြင်ချက်ကို ဖော်ပြလတ္တံ့ပါ ဂါထာဖြင့် သိအပ်လေသည်။

ခေတ္တေ တိဏာနိ သောခေန္တံ၊ ဗာလောကုဇ္ဈတိ ကဿကော၊
တထာ မလံ သကေ ရဋ္ဌေ၊ သာသနဿ ဝိသောဓကံ။

ဤဂါထာ၏ မြန်မာ အဓိပ္ပာယ်မှာ အထင် လွဲမှား မသိငြားသော တောင်သူယောကျ်ား လယ်သမားသည် မိမိပိုင် လယ်အတွင်း၌ ပေါက်လျက်ရှိသော မြက်မှိုက်ပေါင်းပင်တို့ကို သုတ်သင် ရှင်းလင်းပေးသော သူကို ကြမ်းတမ်းစိတ်ဆိုး သူခိုးယိုးသကဲ့သို့ ထိုအတူ မသိမလိမ္မာကုန်သော နိုင်ငံသူ နိုင်ငံသားတို့က မိမိတို့ နေထိုင်ရာ မြို့ရွာအတွင်း၌ သာသနာတော်၏ အညစ် အကြေး ရဟန်းလေး၊ ရဟန်းဆိုးများကို သုတ်သင် ရှင်းလင်း ပေးသော သာသနာပြု ပုဂ္ဂိုလ်ကို သူ့ဘက် ငါ့ဘက် အမျက် ထွက်ကာ ရေရွာကြလေကုန်၏။

ထိုမကောင်း မြင်ချက်မှတစ်ပါး အကောင်းမြင်ချက်ကို မိန့်ကြားရလျှင် လောက သဘာဝနှင့် မဆန့်ကျင်ဘဲ ဆင်ခြင် သုံးသပ်သော ပညာရှိ ပုဂ္ဂိုလ်များကမူ အပြစ်ရှိသူကို ယဉ်ကျေး လာအောင် နှိပ်ကွပ် ဆုံးမခြင်းသည် ဖြူစင် ကောင်းမြတ်သော အဖွဲ့အစုရှိသည်ဟု အပြစ် မမြင် တတ်ကြ လေကုန်၊ ထိုအကောင်းမြင်ချက်ကို သိမြင်သောပညာရှိများသည် မကောင်းမြင်သူတို့အပေါ်၌ ဖော်ပြလတ္တံ့ပါ ဂါထာဖြင့် နှလုံးသွင်းတော် မူကြလေကုန်၏။

ပတ္တဋ္ဌာဝ ဇနာ ဘုမ္မံ၊ သဗ္ဗေအသာရကမ္မိနော။
ယထာဘူတံဝိပဿန္တံ၊ နိဗ္ဗိဒါရဟာရုပကာ။

ဤဂါထာ၏ မြန်မာ အဓိပ္ပာယ်မှာ အနှစ်မရှိ ထင်မိရာ ပြု၍ နေကြ ကုန်သော အလုံး စုံသော ရဟန်းရှင်လူတို့သည် ဇမ္ဗူသောင်းခွင် မြေအပြင်၌ ပျံ့နှံ့ ထင် ရှားများပြားကုန်သည် သာလျှင် ဖြစ်ကြလေ၏။ ထိုအနှစ်ကင်းစင် မြေအပြင်၌ ပေါ်ထင်နှံ့ပြား လူအများတို့သည် လောကသဘောကို ဟုတ်တိုင်းမှန်စွာ မြော်မြင်ပိုင်းခြားစဉ်းစားမိသူ ပညာရှိဟူသမျှတို့အား ငြီးငွေ့စက်ဆုပ်သော သဘော ရှိကြလေကုန်၏။

## မိန့်ကြား

အထက်ဖော်ပြပါ ဂါထာနှစ်ရပ်တို့ဖြင့် အပြစ်ရှိသူတို့အား စည်းကမ်းဥပဒေအရ တရားသဖြင့် ဆုံးမသောသူကို မသိ မလိမ္မာ သူတို့၏ မကောင်း မြင်ချက်နှင့် ပညာရှိသူတို့၏ အကောင်း မြင်ချက် နှစ်မျိုးတို့ကို ရဟန်းရှင်လူအပေါင်းတို့က အကုသိုလ်တရား ထပ်မဖြစ်ပွားစေရေးအတွက် ခွဲခွဲခြားခြား သိရှိကြရန် လိုအပ်ကြောင်း တိုက်တွန်း အပ်ပါသည်။ ထို့ကြောင့် နှိပ်ကွပ် ဆုံးမရမည့် သူကို နှိပ်ကွပ် ဆုံးမ၍ ချီးမြှောက်ရမည့်သူကို ချီးမြှောက်လျက် ဗုဒ္ဓ သာ သ နာ တော် ကြီး တိုး တက် စည် ကား ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ကြ၍ နိဗ္ဗာန် တိုင်အောင် လျှောက် သွား နိုင် သော သူ တော် ကောင်း ပုဂ္ဂိုလ်များ ဖြစ်ကြပါစေကုန်သတည်းဟု ဖတ်ကြားမိန့်ကြားတော်မူသည်။

## ရေစက်ချတရားချီးမြှင့်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ သာရာ ဘိဝံသ က ရေစက်ချ တရား ချီးမြှင့်ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ် ချုပ် ကြီး သန်း ရွှေ အမှူးပြု၍ ပရိတ်သတ်များက ရေစက်သွန်းချ အမျှပေးဝေပြီး သာဓုအနုမောဒနာ သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

# ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးများ ရန်ကုန်မြို့တွင်းရှိ ဘုရားများကို လှည့်လည်ဖူးမြော်ကြည်ညို

## ရန်ကုန် ၂၈-၂-၉၁

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ပင့်ဖိတ်ချက်အရ ပြည်ပနိုင်ငံများမှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အလှူတော်ခံယူခဲ့ကြသော ဆရာတော်ကြီးများသည် ယနေ့နံနက်ပိုင်း (၂၈-၂-၉၁) နေ့နှင့် မွန်းလွဲပိုင်းတို့တွင်ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကန်တော့ကြပြီး မဟာထေရပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပြည်ပနိုင်ငံများမှ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အလှူတော်ခံယူခဲ့ကြသော ထိုင်းနိုင်ငံ လန်းပန်းမြို့၊ ဝပ်ထာ့မအိုးကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒ၊ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ ဗုဒ္ဓတက္ကသိုလ်မှ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တရာဟုလာ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၊မကုဋာရာမကျောင်းမှ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသိဂ္ဂဝနှင့် ဂျပန်နိုင်ငံ၊ ကိုတကျူးရှူးမြို့၊ မိုဂျီကမ္ဘာ့အေးစေတီကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လတို့သည် ၂၈-၂-၉၁ ရက်နေ့ နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော်သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ စေတီအနောက်ဘက်မုခ်သို့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်လာသည်။

### ကန်တော့

ဆရာတော်ကြီးများ စေတီတော်နောက်ဘက်မုခ်မှ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ကနက္ကဒဏ် ထီးဖြူတော်ကြီးများမိုးလျက် ပင့်ဆောင်လာကြရာ ဘာသာရေးအသင်းအဖွဲ့များမှ အဖွဲ့သူအဖွဲ့သားများ၊ ဝတ်အသင်းသူအသင်းသားများက ပဋ္ဌာန်းဒေသနာတော်များရွတ်ဆိုကြပြီး သာသနာ့အလံနှင့် အောင်သပြေပန်းများကိုင်ဆောင်ကာ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

### ဆက်ကပ်

ချမ်းသာကြီးတန်ဆောင်းသို့ ဆရာတော်ကြီးများရောက်ရှိတော်မူသောအခါ ဂေါပကအဖွဲ့ဝင် ဦးမောင်ထူးက ရွှေတိဂုံစေတီတော် တပေါင်းပွဲတော်ကျင်းပပုံနှင့် စေတီတော်ကြီး၏ ဘက်စုံစီမံကိန်းလုပ်ငန်းသုံးရပ်အကြောင်းကို ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ဘဒ္ဒန္တရာဟုလာက သမ္မောဒနီယစကားပြန်လည်ပြောကြားပြီး ဆရာတော်များအား ဓမ္မဒါနလက်ဆောင်ပစ္စည်းများ ဆက်ကပ်ကြသည်။

### ပူဇော်ကြည်ညို

ထို့နောက်ဆရာတော်ကြီးများသည် ရွှေတိဂုံစေတီတော်ကြီးအား ပူဇော်ကန်တော့ကြပြီး လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကြည်ညိုကာ ဗုဒ္ဓဝင်ပြတိုက်ကို ဝင်ရောက်ကြည့်ရှုလေ့လာသည်။

## ရှင်းလင်းပြသ

ဆရာတော်ကြီးများသည် ရွှေတိဂုံစေတီတော်မှ မဟာဝိဇယစေတီတော်သို့ ဆက်လက်သွားရောက်ကြရာ မဟာဝိဇယစေတီတော် တောင်ဘက်မုခ်ဦးမှ ဂေါပကအဖွဲ့ဝင် မြို့တော်ဝန် ဦးကိုလေး၊ ရန်ကုန်မြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး လှမိုးတို့က ကြိုဆိုပင့်ဆောင်ကြပြီး စေတီတော်လိုဏ်ပတ်လမ်းအတွင်းရှိ မြန်မာနိုင်ငံသို့သာသနာရောက်ရှိလာပုံအကြောင်းအရာများနှင့် ပတ်သက်သည့် ပန်းချီ၊ ပန်းပုများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ကြည့်ညိုပြီး မော်တော်ယာဉ်များဖြင့် ဗိုလ်တထောင်စေတီတော်သို့ ဆက်လက်သွားရောက်ကြသည်။

## ငါးပါးသီလခံယူ

ဗိုလ်တထောင်စေတီတော်မုခ်ဦးမှ ဂေါပကအဖွဲ့ဝင်များကကြိုဆိုကြပြီး နန်းဦးဘုရားကြီးတန်ဆောင်းတွင် ဆရာတော်ကြီးများအားပူဇော်ကန်တော့ကြပြီး ဆရာတော်ဘဒ္ဒန္တဓမ္မာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

## လှူဒါန်း

ထို့နောက် စေတီတော်ကြီး၏ သမိုင်းကြောင်းနှင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ဘက်စုံမွမ်းမံပြင်ဆင်တည်ဆောက်ရေး လုပ်ငန်းများ၊ ဆောင်ရွက်ဆဲဖြစ်သည့် စေတီတော်မြတ်ကြီးအား ရွှေစင်၊ ရွှေပြား ကပ်လှူရေးအစီအစဉ်များကို ဂေါပကအဖွဲ့ဝင် ဦးအောင်ဆုက ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများအား မြတ်ဆံတော်ပုံနှင့် စေတီတော်သမိုင်းကြောင်း စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် စေတီတော်ကြီးအား လယ်ယာရစ်တစ်ပတ် လှည့်လည်ကြည့်ညိုကြပြီး မနော်ဟရီဝိဟာရသို့ ပြန်လည်ကြွချီတော်မူကြသည်။

## ကြည်ညို

ပြည်ပ ဆရာတော်ကြီးများသည် မွန်းလွဲပိုင်းတွင် ကမ္ဘာအေးကုန်းမြေ ဓမ္မသာလာ ဆွမ်းစားဆောင်၌ ကျင်းပသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား မဟာထေရ ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကမ္ဘာအေးစေတီတော်ကို ဆက်လက်သွားရောက် ကြည်ညိုကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် သာသနာရေးဦးစီးဌာန၏ ပိဋကတ်တိုက်နှင့် ပြတိုက်တို့ကို သွားရောက်ကြည့်ရှု လေ့လာကြရာ ညွှန်ကြားရေးမှူးချုပ် ဦးအုံးမောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြပြီး ပိဋကတ်တိုက်နှင့် ပြတိုက်အတွင်း လှည့်လည်ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဖန် ဆရာတော်ကြီးများသည် ဇမ္ဗူဒီပကျောင်းဆောင်သို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သောဘိတနှင့် အကျိုးတော်ဆောင် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော်ကြီးတို့ အမှူးပြုသော ဆရာတော်ကြီးများအား သွားရောက်ဂါရဝပြုသည်။

ထိုသို့ဂါရဝပြုရာတွင် တွဲဖက် အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏသိရိနှင့် ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘိတတို့က နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့၏ သဘောထားများကို ရှင်းလင်းပြောကြားပြီး နိုင်ငံ့သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေး အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ညွန့်က မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်ရှိ ထွန်းကားလာပုံနှင့် သံဃနာယက အဖွဲ့များဖွဲ့စည်းပုံကို ရှင်းလင်းလျှောက်ထားသည်။

ပြည်ပမှ ဆရာတော်ကြီးများသည် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်သို့ သွားရောက်ကြရာ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ဒုတိယနာယကချုပ် ဆရာတော်နှင့် သံဃာတော်များက ကြိုဆိုကြပြီး မဟာဌာနမုခ်ဦးဆောင်တွင် ပြည်ပဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြသည်။

## ပြန်လည်ဆိုက်ရောက်

ထို့နောက် ဆရာတော်ကြီးများသည် ညနေ ၄ နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေမှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မနော်ဟရီဝိဟာရသို့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည် ဆိုက်ရောက်လာကြသည်။

# နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား မဟာထေရ ပူဇော်ပွဲအခမ်းအနား ကျင်းပ

## ရန်ကုန် ၂၈-၂-၉၁

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ပြည်တွင်း ပြည်ပ အဘိဓဇ မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများအား ပိဋကတ်သုံးပုံ ကျမ်းစာအုပ်များနှင့် သက်နိုးအစရှိသည့် လှူဖွယ်ပစ္စည်းများ၊ မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီးကိုယ်တော်တိုင် ဆက်ကပ်လှူဒါန်းသည့် အလှူတော်အခမ်းအနားကို ၂၈-၂-၉၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ကမ္ဘာအေးကုန်းမြေ၊ မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပသည်။

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၅ ပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၆၃ ပါး စုစုပေါင်း ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ နီပေါလ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံတို့မှ မဟာထေရ်များ အပါအဝင် ဘွဲ့တံဆိပ်တော်ရ မဟာထေရ် ၆၈ ပါးနှင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋက နိကာယဥပဋ္ဌာကအဖွဲ့ နာယက ဆရာတော်ကြီးများ၊ နှစ်ရပ်ပေါင်း မဟာထေရ်ကြီး အပါး ၁၂၀ တို့အား မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ကုသိုလ်တော် အဖြစ် ပိဋကတ်သုံးပုံစာအုပ်များ၊ မဟာဗုဒ္ဓဝင်စာအုပ်များ၊ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေ စာအုပ် များနှင့် တိနိဥပဋ္ဌာကအဖွဲ့က ထုတ်ဝေသော မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တရား ဒေသနာ စာအုပ်များကို ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ မြို့တော်ဝန် ဦးကိုလေး၊ နိုင်ငံ့သမိုင်း ဖြစ်ရပ်အမှန် ပြုစုရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ညွန့်၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်သိန်း၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့မောင်၊ ညွှန်ကြားရေးမှူး ဦးကျော်လှိုင်၊ တိပိဋက နိကာယဥပဋ္ဌာက ပင်မအဖွဲ့ဝင် အထူးကု ဆရာဝန်ကြီး ဦးသာလှနှင့် အမှုဆောင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ပြည်ပ ဘွဲ့ခံ ဆရာတော်ဘုရားကြီးများနှင့် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ဖွင့်လှစ်

အခမ်းအနားမှူးအဖြစ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဆောက်လုပ် လှူဒါန်းရေးအဖွဲ့ အကျိုးတော်ဆောင် ဦးမောင်မောင်ကြီးက ဆောင်ရွက်၍ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ဖွင့်လှစ်သည်။

## လျှောက်ထား

ဆက်လက်၍ တိပိဋကနိကာယ ဂီတရုပ်ရှင် အနုပညာရှင်များ ဥပဋ္ဌာကအဖွဲ့ အဖွဲ့ဝင်များက နဲ့ကြိုးဆရာတော် ဦးသီလက္ခန္ဓ ရေးသားစပ်ဆိုခဲ့သည့် ရောင်ခြည်တော်ဖွဲ့ ဘုရားရှိခိုးဂါထာဖြင့် ရွတ်ဆို ပူဇော်ကြကာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်မှုဗဟိုအဖွဲ့ အဖွဲ့ဝင်တိပိဋက နိကာယဥပဋ္ဌာက ပင်မအဖွဲ့နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တော်ကြီးများ ဆောက်လုပ် လှူဒါန်းရေးအဖွဲ့များ၏ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှက မင်းကွန်း တိပိဋက ဓရ ဆရာတော်ကြီး၏အလှူတော်နှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို မင်းကွန်း တိပိဋကဓရဆရာတော်ကြီးကိုယ်စား သာသနာ့မိခင်ကြီးအမေချိပ်က မန္တလေးမြို့ ဒက္ခိဏာရာမဘုရား ကြီးတိုက် ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဆရာဝန်ကြီးကတော် ဒေါ်ခင်ညွန့်က ရှမ်းပြည်နယ် ညောင်ရွှေမြို့ တန်ကြီး ပရိယတ္တိတိုက် ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မြင်းခြံမြို့ ကျည်းပင်ရွာမှ ဒေါ်ကေသွယ်က ဟသ်ာတမြို့ လယ်တီကျောင်းတိုက် ဆရာတော်ဘုရားကြီးအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မြင်းခြံမြို့ ကျည်းပင်ရွာမှ ဒေါ်ထွေးက ပြည်မြို့ဗာရာဏသီဆရာတော်ကြီးအား ဆက်ကပ်သည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ကိုယ်စား ပြည်ပဘွဲ့ခံဆရာတော်ကြီးများအား လှူဖွယ် ပစ္စည်းများကို ဥက္ကဋ္ဌ အထူးကုဆရာဝန်ကြီး ဦးသာလှက ဆက်ကပ်လှူဒါန်းသည်။

## လှဲအပ်လှူဒါန်း

မင်းကွန်း တိပိဋကဓရဆရာတော်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စာကြည့်တိုက်သို့ လှူဒါန်းသောဝတ္ထုငွေကျပ် (၅၀၀၀၀/-)ကို ဆရာတော်ကြီး၏ သာသနာပြုအဖွဲ့များ၏ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှက စာကြည့်တိုက်မှူးမာဂဓီဆရာတော်၏ ကပ္ပိယ ကာရကလက်သို့ လှဲအပ်လှူဒါန်းသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ကြီးထံမှ သီလခံယူပြီး ပရိတ် တရားနှင့် တရားဒေသနာများနာကြားကာ ရေစက်သွန်းချ အမျှပေးဝေသည်။

တရားနှင့် တရားဒေသနာများနာကြားကာ ရေစက်သွန်းချ အမျှပေးဝေသည်။

အခမ်းအနားကို ဗုဒ္ဓသာသန် စီရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ ဖေဖော်ဝါရီ ၂၇ ရက်အထိ မဟာထေရ်ပူဇော်ပွဲ၌ ပိဋကတ်စာအုပ်များ အုပ် ၂၀ မှ အုပ် ၄၀ အထိ ဝယ်ယူလှူဒါန်းသူ ၉ ဦးနှင့် ဝတ္ထုလှူဒါန်းငွေပေါင်း (၅၆၁၂၄၅ ကျပ် ၅၀ ပြား) ရရှိသည်။

စာကြည့်တိုက်
အမှတ်
ရက်စွဲ ..........

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ပင့်ဖိတ်ချက်အရ ပြည်ပနိုင်ငံများမှ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများ ပုဂံ၊ ညောင်ဦး၊ မန္တလေးရှိ တန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော်

**ရန်ကုန် ၃-၃-၉၁**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ပင့်ဖိတ်ချက်အရ ပြည်ပနိုင်ငံများမှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အလှူတော်ခံယူခဲ့ကြသော ဆရာတော်ကြီးများသည် မတ်လ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ပုဂံ၊ ညောင်ဦးမြို့နှင့် မန္တလေးမြို့များရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားများအား လှည့်လည်လေ့လာဖူးမြော်ကြသည်။

ပြည်ပနိုင်ငံများမှ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အလှူတော်ခံယူခဲ့ကြသော ထိုင်းနိုင်ငံ လန်းပန်းမြို့ဝပ်ထာ့မအိုးကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဓမ္မာနန္ဒ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်မှ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ရာဟုလာ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋာရာမကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိဂ္ဂဝနှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ မိုဂျီကမ္ဘာ့အေးစေတီကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လတို့သည် မတ်လ ၁ ရက်နေ့ နံနက် ၇ နာရီခွဲက တပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ညောင်ဦးလေဆိပ်သို့ နံနက် ၉ နာရီတွင် ရောက်ရှိကြသည်။

## ကြိုဆို

ဆရာတော်ဘုရားကြီးများအား ညောင်ဦးလေဆိပ်မှ မကွေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဝေ၊ မြင်းခြံမြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ညောင်ဦးမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ကနက္ကဒဏ်ထီးဖြူတော်များမိုးလျက် လေယာဉ်မှ မော်တော်ယာဉ်များပေါ်သို့ပင့်ဆောင်ကြရာ ဘာသာရေးအသင်းအဖွဲ့များမှ အဖွဲ့သူ အဖွဲ့သားများ၊ ဝတ်အသင်းသူ အသင်းသားများက ပဋ္ဌာန်း ဒေသနာတော်များ ရွတ်ဆိုကြပြီး သာသနာ့အလံနှင့် အောင်သပြေပန်းများ ကိုင်ဆောင်ကာ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

## ရှင်းလင်း လျှောက်ထား

ထို့နောက် ဆရာတော်ဘုရားကြီးများသည် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားနှင့် ဖက်ကြီး အင်းဂူပြောက်ဘုရားသို့ ဝင်ရောက်လေ့လာ ဖူးမြော် ကြည်ညိုကြရာ မြန်မာ့သမိုင်း ဖြစ်ရပ်မှန်များ ပြုစု

ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ညွန့်နှင့် သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်တို့က ဘုရားသမိုင်းနှင့် ပတ်သက်၍ ဆရာတော်ကြီးများ သိလိုသည့် အချက်အလက်များကို လိုက်လံပြသ ရှင်းလင်းလျှောက်ထားကြသည်။

## ဖူးမြော်

ဆရာတော်ကြီးများသည် မွန်းလွဲပိုင်းတွင် ပုဂံမြို့ ရှေးဟောင်း သုတေသနပြတိုက်၊ ကန်တော့ပလ္လင်ဘုရား၊ မဟာဗောဓိဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ အာနန္ဒာဘုရားနှင့် သဗ္ဗညုဘုရားများကို သွားရောက်ကြည်ညို ဖူးမြော်ကြရာ သက်ဆိုင်ရာ ဘုရားဂေါပက အဖွဲ့ဝင်များက ကြိုဆိုကြပြီး ဘုရားများ၏ သမိုင်းအထောက်အထားနှင့် ဆရာတော်ကြီးများ သိလိုသည့် အချက်အလက်များကို ဒေါက်တာ ခင်မောင်ညွန့်၊ ဦးကျော်လွင်နှင့် ပုဂံမြို့ ရှေးဟောင်း သုတေသန ဌာနခွဲဦးစီးမှူး ဦးကျော်ညွန့်တို့က ရှင်းလင်း တင်ပြလျှောက်ထားကြသည်။

ဆရာတော်ကြီးများသည် မတ်လ ၂ ရက်နေ့ နံနက်ပိုင်းတွင် ဆပဒဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ညောင်ဦး လေဆိပ်သို့ ရောက်ရှိတော်မူရာ မကွေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဝေ၊ မြင်းခြံမြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ပုဂံ-ညောင်ဦးမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များက ကြိုဆို၍ မော်တော်ယာဉ်များပေါ်မှ လေယာဉ်ပေါ်သို့ ကနက္ကဒဏ် ထီးဖြူတော်များ မိုး၍ ပင့်ဆောင်ကြရာ ဘာသာရေး အသင်းအဖွဲ့များ၊ ဝတ်အသင်း သူ အသင်းသားများက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဆိုကြပြီး သာသနာ့အလံနှင့် အောင်သပြေ ပန်းများကိုင်ဆောင်ကာ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။ ထို့နောက် ဆရာတော်ကြီးများ စီးနင်းလိုက်ပါလာသည့် တပ်မတော် အထူး လေယာဉ်သည် ညောင်ဦးလေဆိပ်မှ နံနက် ၇ နာရီခွဲ တွင် မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာသည်။ ဆရာတော်ကြီးများအား မန္တလေးလေဆိပ်တွင် စည်ကားသိုက်မြိုက်စွာ ကြိုဆိုပွဲ အခမ်းအနား ကျင်းပခဲ့သည်။

လေဆိပ် အဝင်ဝတွင် ရွှေရောင်တဝင်းဝင်းဖြင့် ထည်ဝါခံ့ညားသော ဗဟိုမဏ္ဍပ်ကြီးတွင် " ဘွဲ့တံဆိပ်တော်ရ ပြည်ပမှ ဆရာတော်ဘုရားကြီးများကိုပူဇော် ဂါရဝပြုပါ၏ "ဟူသော ထင်ရှား သော ရွှေစာလုံးကြီးများဖြင့် ရေးသားထားသည်။ ထို့အပြင် မန္တလေးလေဆိပ်ကွင်းအတွင်း၌ ဒေဝါ ဝင်းနှင့် ရာဇာဝင်းတို့ဖြင့် ထိပ်ဆုံးမှ ခင်းကျင်း ကြိုဆိုကြရာ ဒေဝါဝင်းတွင် ရွှေထီး ၁၆ လက်၊ ကနက္ကဒဏ်ထီးဖြူ ၁၆ လက်၊ နတ်မင်းကြီးလေးပါး၊ သိကြား ဗြဟ္မာလေးဦး၊ ဝိသုဒ္ဓိနတ် ၂၀ ပါး၊ ဒေဝီ ၁၆ ပါးတို့ ပါဝင်သည်။ ရာဇာဝင်းတွင် စစ်သူကြီး ၄ ဦး၊ လက်နက်ကိုင် မင်းသားလေးဦး၊ ဘုရင့်မိဖုရား၊ အိမ်ရှေ့စံနှင့် မင်းသမီး အပျိုတော်လေးဦး၊ ပုဏ္ဏားလေးဦး၊ ဝန်ကြီးလေးဦး၊ သေဌေး ကြီး လေးဦး၊ စစ်သူကြီးလေးဦးတို့ ပါဝင်၍ အသင့်နေရာယူထားကြသည်။

ထို့နောက် မန္တလေးမြို့ တိုင်းသံဃာ့နာယကအဖွဲ့ အတွင်းရေးမှူး ဦးသာသနာဘိဝံသ၊ တိုင်း သံဃာ့နာယကအဖွဲ့ဝင် ဦးဇဝန၊ အနောက်တောင်မြို့နယ် သံဃာ့အဖွဲ့ အတွင်းရေးမှူး ဦးဇောတိက၊ မန္တလေး ပရိယတ္တိ တက္ကသိုလ် အင်္ဂလိပ်စာ ဌာနမှူး ဦးဥာဏစရတို့နှင့် မြို့နယ် သံဃနာယက ဥက္ကဋ္ဌများ ဦးဆောင်သည့် ဆရာတော်ကြီးများ အပါး ၁၂၀၊ စစ်ကိုင်း ရွာသစ်ကြီး သိပ္ပံမှ တိုင်းရင်းသူ တိုင်းရင်းသား ၂၀၀၊ မန္တလေး အရှေ့တောင်မြို့နယ်မှ ကျောင်းသူ ကျောင်းသား ၂၀၀၊ မန္တလေး တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများမှ ဂေါပကလူကြီးများ၊ ယုန်နန်ဗုဒ္ဓဘာသာအသင်းမှ ပုဂ္ဂိုလ်များ၊ မြဝတီ စာသင်တိုက် ကျောင်းအုပ်ဆရာလေး ဒေါ်ပညာဝတီနှင့် သီလရှင်အပါး ၁၂၀၊ ဓမ္မစကြာ ရွတ်ဆိုသည့် အဖွဲ့ဝင်များ၊မန္တလေးမြို့ပေါ်ရှိ ဝတ်အသင်းများ ၊စည်းပုံများဆောင်းထားသည့် နန်းဆန်သူလှပျို့ဖြူ အမျိုးသမီးလေးများ၊ ဟိန္ဒူဗုဒ္ဓဘာသာ ဓမ္မစကြာအသင်း အမျိုးသား၊ အမျိုးသမီးလေးများက လေယာဉ်ကွင်းအတွင်း အသင့်နေရာယူ၍ ကြွရောက်လာသည့် ဆရာတော်ကြီးများအား ကြိုဆို ကြသည်။

ထို့အပြင် မြန်မာ့ စည်တော်ကြီးအဖွဲ့၊ စောင်း မူမူသိန်းအဖွဲ့၊ မြန်မာ့ ဆိုင်းဝိုင်းကြီးတို့က လည်း ဆရာတော်ကြီးများအား ဂုဏ်ပြုကြိုဆိုသည့် တေးများတီးမှုတ်၍ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့အပြင် ကူးသန်းရောင်းဝယ်ရေး ပညာသင်ကျောင်း ကျောင်းအုပ်ကြီးဦးချစ်လှိုင်က ကြွရောက်လာ သည့် ဆရာတော်ကြီးများ၏ ထေရုပတ္တိများကို ဂုဏ်ပြုရှင်းလင်း ပြောကြား ဂါရဝပြု ပူဇော်ကြသည်။

နံနက် ၈ နာရီ အချိန်တွင် မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထွန်းကြည်သည် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်ခင် လိုက်ပါ၍ မန္တလေး လေဆိပ်သို့ ရောက်ရှိလာရာ အသင့်ရောက် ရှိနေကြသော အမှတ် (၁) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စိုးမြင့်၊ မန္တလေးတိုင်း ငြိမ်ဝပ် ပိပြားမှု တည် ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး မောင်ပေါ်နှင့် အဖွဲ့ဝင်များ မြို့နယ်စု (၁)၊ (၂) ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး လွန်းသိန်းနှင့် ဒုတိယ ဗိုလ်မှူး ကြီး ကျော်ငွေတို့နှင့် မြို့နယ်ဥက္ကဋ္ဌများက ကြိုဆိုကြသည်။

ထို့နောက် နံနက် ၈ နာရီ ၂၀ မိနစ် အချိန်တွင် ဆရာတော်ကြီးများအား ပင့်ဆောင် လာသော လေယာဉ်သည် လေယာဉ်ကွင်းပေါ်သို့ ပျံ့ဝဲ ရောက်ရှိလာပြီးနောက် ကွင်းအတွင်းသို့ ဆင်းသက် ရောက်ရှိလာသည်။ ၎င်းအချိန်တွင် မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထွန်းကြည်က လေယာဉ်ပေါ်သို့ တက် ရောက်ပြီး ဆရာတော်ကြီးများအား ပင့်ဖိတ်ကြိုဆိုသည်။

ပြည်ပမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါးဖြစ်သော သီရိလင်္ကာနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တ ရာဟုလာ၊ သီရိလင်္ကာနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တသိဂ္ဂဝ၊ ဂျပန်နိုင်ငံမှ ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ၊ ထိုင်းနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒတို့အား တိုင်းမှူး ဗိုလ်ချုပ် ထွန်းကြည်ကကြိုဆို၍ ပင့်လာရာ ဆရာတော်တို့၏ရှေ့မှ သာသနာ့ အလံကိုင် သူတော်စင် ပုဂ္ဂိုလ်တစ်ဦး ဆန်မန်းပေါက်ပေါက်ကြဲပက် လာသည့် သူတော်စင် ပုဂ္ဂိုလ်တစ်ဦး၊ ထို့နောက်ဆရာတော် ဘွဲ့တော်ကိုင်ဆောင်သူ တစ်ဦးက ရှေ့မှဦးဆောင်လာကြသည်။

ထို့နောက်မှ ဆရာတော်ကြီးတစ်ပါးစီ ကြွရောက်တော်မူကြရာ ဆရာတော်ကြီး တစ်ပါးလျှင် ရွှေထီးတစ်လက်၊ ထီးဖြူတစ်လက်တို့မိုး၍ နောက်မှ ဖြဟ္မာအစရှိသော ဒေဝါဝင်း၊ ရာဇာဝင်းတို့က ဆရာတော်များအား ခြံရံလိုက်ပါလာကြသည်။

ဆရာတော်ကြီးများ လေယာဉ်ကွင်းအတွင်းမှ မော်တော်ယာဉ်များဆီသို့ ကြွရောက်လာစဉ် ဓမ္မစကြာဝတ်အသင်းများက ဓမ္မစကြာများ ရွတ်ဆိုကြသည်။ ဟိန္ဒူ ဗုဒ္ဓဘာသာ အသင်းမှ အမျိုးသမီး၊ အမျိုးသားများကလည်း ဗုဒ္ဓဂုဏ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ထို့အပြင်အသင်းအဖွဲ့အလိုက် ရွှေဥစ္စည်းပုံများ ဆောင်းထားသော နန်းဆန်သူ လှပျိုဖြူကလေးများက ဆိုင်းဘုတ်များကိုကိုင်လျက် ပူဇော်ကန်တော့ကြသည်။

ဆရာတော်ကြီးတို့သည် လေယာဉ်ကွင်းအတွင်း လာရောက်ကြိုဆိုနေကြသော ဆရာတော်သံဃာတော်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများအား နှုတ်ဆက်၍ လေယာဉ်ကွင်းမှ ဓမ္မစကြာအသင်းများ၊ အခြားအသင်းအဖွဲ့များမှ ကန်တော့ခြင်းကိုခံယူတော်မူကြသည်။

ထို့နောက်နံနက် ၉-နာရီ အချိန်တွင် ဆရာတော်ကြီးလေးပါးသည် မော်တော်ယာဉ်များဖြင့် မန္တလေးလေဆိပ်မှ မန္တလေး–ရန်ကုန်ကားလမ်းအတိုင်း နန်းမြို့အထိ အပူဇော်ခံကြွရောက်လာရာရွှေဆုံးမှ အနောက်တောင်မြို့နယ် ဒေဝန်းအနောက်ရပ်ကွက် ဓမ္မစကြာအဖွဲ့မှ ဓမ္မစကြာများရွတ်ဖတ်ကြသည်။

ထို့နောက်ဆရာတော်ကြီးများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်များ မောင်းနှင်ကြွရောက်တော်မူရာ လမ်းခရီးတစ်လျှောက်တွင် လေယာဉ်ကွင်းမှ ၄၁ လမ်း မုခ်မဏ္ဍပ်အထိအရှေ့တောင်မြို့နယ်မှ ရပ်ကွက်ပြည်သူများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသားများက သာသနာ့အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း၊ မြို့မတီးဝိုင်းအဖွဲ့ အရှေ့တောင်မြို့နယ် သဘင်ပညာရှင်များအဖွဲ့တို့က အတီးအမှုတ် အက အခုန်များဖြင့်ပူဇော်ကြသည်။

ထို့နောက် ၇၈ လမ်းအတိုင်း ၃၅ လမ်း၊ ၇၆ လမ်းထိပ်ရှိ မဏ္ဍပ်အထိ အနောက်တောင်မြို့နယ်မှရပ်ကွက်ပြည်သူလူထုများ၊ ဌာနဆိုင်ရာများ ဓမ္မစကြာအဖွဲ့ဝင်များ၊ မီးသတ်အဖွဲ့ဝင်များကသောင်းသောင်းဖြဖြကြိုဆိုကြသည်။

လမ်းတစ်လျှောက်လုံးတွင် သာသနာ့အလံတော်များ တလူလူလွင့်ထူထားသည့်အပြင် ဆရာတော်ကြီးများအား ကြိုဆိုဂါရဝပြုကြောင်း ရေးသားထားသည့် လမ်းဖြတ်ပိုစတာကြီးများကိုလည်းတပ်ဆင်ထားသည်ကိုတွေ့ရှိရသည်။ ထို့အပြင် လမ်းတစ်လျှောက်လုံးမှ ကြိုဆိုဖူးမြော်ကြသော အမျိုးသား၊ အမျိုးသမီးများသည် လမ်းပေါ်မှပင် ပုဆစ်ဒူးတုပ်ကြည်ညိုသဒ္ဓါကြီးစွာဖြင့် ပူဇော်ကန်တော့ကြသည့်အပြင်သပြေပန်းနှင့်တကွ ပန်းပေါင်းစုံဆက်ကပ် လှူဒါန်း ကြသည့်အပြင် စေတနာထက်သန်စွာဖြင့် ဝတ္ထုငွေများလည်း ဆရာတော်ကြီးများ စီးနင်းလိုက်ပါလာကြသည့် မော်တော်ယာဉ်များအတွင်းသို့ ထည့်သွင်းလှူဒါန်းကြသည်။

ထို့နောက် ဆက်လက်၍ (၇၈) လမ်းအတိုင်း (၂၆) လမ်းထိပ်မဏ္ဍပ်အထိလမ်းတစ်လျှောက်လုံးတွင် အရှေ့မြောက်မြို့နယ်မှ ပြည်သူလူထုများ၊ ဌာနဆိုင်ရာများ၊ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ မြန်မာ့မီးရထားဝန်ထမ်းများ၊ သူနာပြုတပ်ဖွဲ့ဝင်များက သာသနာ့အလံများကိုင်ဆောင်၍ ကြိုဆိုဖူးမြော်ကန်တော့ကြသည်။ ပန်းမျိုးစုံ အခြား လှူဖွယ် ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆရာတော်ကြီးများအား လှူဒါန်းကြသည်။

ဆက်လက်၍ (၂၆) လမ်းအတိုင်း မင်္ဂလာတံတားထိပ်မုခ်ဦးမဏ္ဍပ်အထိ လမ်းတစ်လျှောက်လုံးတွင် အနောက်မြောက်မြို့နယ်မှ ပြည်သူလူထုများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးခြစ်စက်နှင့် အလုပ်ရုံ စက်ရုံများမှ လုပ်သားများ၊ မြန်မာ့ကုန်တိုက်မှ ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများက သောင်း သောင်း ဖြ ဖြ ကြိုဆိုကန်တော့ကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် ကျော်မိုးတံခါးမှ ဝင်၍ နန်းမြို့တွင်းသို့ မော်တော်ယာဉ်များဖြင့် ကြွရောက်တော်မူလာကြရာ လမ်းဘေးဝဲယာမှ တပ်မတော်အရာရှိများ၊ မိသားစုများကကြိုဆိုကန်တော့ကြပြီး လှူဖွယ်ဝတ္ထုငွေများ လှူဒါန်းကြသည်။ ဆရာတော်ကြီးများ၏ မော်တော်ယာဉ်များ နန်းမြို့တွင်းရှိ နန်းမြို့ညှော့ဂေဟာသို့ ဝင်ရောက်လာရာ နန်းဆန်သူလှပျိုဖြူအမျိုးသမီး (၂၀၀) တို့က ဆရာတော်ကြီးများအား ကြိုဆိုပူဇော်ဂါရဝပြုကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် နန်းမြို့ညှော့ဂေဟာသို့ ရောက်ရှိရာတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်က ကြိုဆို၍ညှော့ဂေဟာအတွင်းသို့ ပင့်ဆောင်လာသည်။

ဆရာတော်ကြီးများ မော်တော်ယာဉ်မှ နန်းမြို့ညှော့ဂေဟာသို့ ဆင်းသက်ရာလမ်းတစ်လျှောက်လုံးမှ ဆရာတော်ကြီးများအား လှူဒါန်းခဲ့ကြသည့် ဝတ္ထုငွေများသည် ဆရာတော်များ ကားများအတွင်းပြည့်မောက်စုပုံလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက်ဆရာတော်ကြီးများအား နန်းမြို့ညှော့ဂေဟာမှပင် မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ထွန်းကြည်နှင့် ဇနီး၊ တာဝန်ရှိသူတို့က ဆွမ်းကပ်လှူဒါန်းခဲ့ကြသည်။

ဆရာတော်ကြီးများ လေယာဉ်ကွင်းမှ နန်းမြို့ညှော့ဂေဟာအရောက် ကြွရောက်တော်မူရာလမ်းတစ်လျှောက်တွင် ပြည်သူလူထု စုစုပေါင်း နှစ်သိန်းကျော်တို့ကသောင်း သောင်း ဖြ ဖြစည်ကားသိုက်မြိုက်စွာ ကြိုဆိုပူဇော်ကန်တော့ခဲ့ကြကြောင်းသိရသည်။

# ပြည်ပ ဆရာတော်ကြီးများ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများအား လိုက်လံဖူးမြော် မန္တလေးနန်းတော်ကြီး မြင်ကွင်းနှင့် ပတ်ဝန်းကျင်မြင်ကွင်းများ ကြည့်ရှုလေ့လာ

## ရန်ကုန် ၄-၃-၉၁

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ ပင့်ဖိတ်ချက်အရ ပြည်ပနိုင်ငံများမှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် ဘွဲ့တံဆိပ်တော်များ ဆက်ကပ် အလှူတော်ခံယူခဲ့ကြသော ဆရာတော်ကြီးများသည် ၂-၃-၉၁ မွန်းလွဲ (၂ နာရီ မိနစ် ၂၀)အချိန်တွင် မန္တလေးမြို့ ဆုတောင်းပြည့် ဘုရားသို့ ရောက်ရှိလာရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်ခင်နှင့် ဂေါပက အဖွဲ့မှ ကြိုဆိုကန်တော့ကြပြီး ဆရာတော်ကြီးများက နန်းမြို့ ဆုတောင်းပြည့် ဘုရားနှင့် ဘက်စုံ မွမ်းမံ တိုးချဲ့ ပြုပြင်ထားရှိမှုများ တို့အား ဖူးမြော်ကန်တော့၍ နန်းမြို့ဘုရားတွင် ခေတ္တ သီတင်းသုံးတော်မူလျက်ရှိသော အညာသီဟ တောဘုရားနှင့် မိုးကုတ်မြို့မှ ဖောင်တော်ဦးဘုရားတို့ကို ဖူးမြော်ကန်တော့ကြသည်။

### ဖူးမြော်ကန်တော့

ထိုမှ ကျောက်တော်ကြီးဘုရားသို့ ကြွရောက်တော်မူကြ၍ မြို့နယ်စု (၂) ဉက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်ငွေနှင့် အနောက်မြောက်မြို့နယ် ဉက္ကဋ္ဌ ဗိုလ်မှူးခင်လှိုင်နှင့် ကျောက်တော်ကြီးဘုရား ဂေါပက အဖွဲ့ဝင်များက ကြိုဆိုခဲ့ကြသည်။ ဆရာတော်ကြီးများက ဘုရားဖူးမြော်ကန်တော့ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများသည် စန္ဒာမုနိ ဘုရားသို့ ဖူးမြော်ကန်တော့ရန် ကြွရောက်တော်မူလာကြရာ ဂေါပက အဖွဲ့မှ ကြိုဆိုကြသည်။

ဆက်လက်၍ မဟာလောက မာရဇိန်စေတီ ကုသိုလ်တော်ဘုရားသို့ သွားရောက်ဖူးမြော် ကန်တော့ကြရာ ဂေါပက အဖွဲ့နှင့် အလှူရှင်များက ပန်းစည်းဆက်ခြင်း၊ သင်္ကန်းကပ်လှူခြင်းနှင့် ဝတ္ထုပစ္စည်းများ ကပ်လှူခြင်းတို့ဖြင့် ပူဇော်ကြသည်။ ဆရာတော်ကြီးများသည် ဘုရားဖူး၍ ပိဋကတ် ကျောက်စာများကို စိတ်ဝင်စားစွာ လေ့လာကြသည်။ ဆက်လက်၍ ရွှေကျောင်းကြီးနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်သို့ ကြွရောက်ကြည့်ရှု လေ့လာတော်မူကြသည်။

### ရွှေသင်္ကန်းကပ်

ထို့နောက် မဟာမုနိဘုရားသို့ ကြွရောက်ဖူးမြော်ရာ ဒုတိယဗိုလ်မှူးကြီး ခင်မောင်လတ်နှင့် ဂေါပကအဖွဲ့ဝင်လူကြီးများက ကြိုဆိုကြသည်။ ဆရာတော်ကြီးများအား စောင့်ကြို့ဖူးမြော်ကြသူ ပြည်သူများလည်း အထူးများပြားသည်။ ဆရာတော်ကြီးများ မဟာမုနိရုပ်ရှင်တော်အား ဖူးမြော် ကန်တော့ကြပြီး ရွှေသင်္ကန်းများ ကပ်လှူဖူးမြော်ကြသည်။

## ကြည့်ရှုလေ့လာ

ထို့နောက် မဟာဗုဒ္ဓဝင်ပြခန်းကိုလည်း စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာတော်မူကြသည်။ ဆရာတော်ကြီးများအား စောင့်ကြိုဖူးမြော်သူများ အထူးများပြားသည့်အပြင် အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းသူ အထူးများပြားသည်။ ဆက်လက်၍ ဆရာတော်ကြီးများသည် ရွှေကြီးမြင် ဘုရားသို့ ကြွရောက်တော်မူကြပြီး ဘုရားဖူးမြော်ကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြ၍ ဆရာတော်ကြီးများက ရှမ်း–မြန်မာမင်းများ ကိုးကွယ်ခဲ့သည့် စိန်ဘုရား၊ မြဘုရားများကို ဖူးမြော်ကန်တော့ကြပြီး ဆရာတော်ကြီးများသည် ညနေ ၅ နာရီ တွင် နန်းမြို့ ညောင်ရိပ်သာသို့ ပြန်လည်ကြွရောက်လာကြသည်။

ဆရာတော်ကြီးများသည် မတ် ၃ ရက် နံနက် ၇ နာရီတွင် မော်တော်ယာဉ်များဖြင့် စစ်ကိုင်းမြို့သို့ ကြွရောက်ပြီး ကောင်းမှုတော်ဘုရားကို ဖူးမြော်သည်။ ကောင်းမှုတော်ဘုရားတွင် စစ်ကိုင်းတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းတင်၊ အတွင်းရေးမှူး ဗိုလ်မှူးအောင်ကျော်သိန်း၊ စစ်ကိုင်းမြို့နယ်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်အုန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ကိုင်းတောင်ရိုး အောင်စကြာကျောင်းမှ ဆရာတော် ဦးဣန္ဒကနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဗအာရုံတော်အသင်းဝင်များ၊ ဝတ်အသင်းများမှ ပုဂ္ဂိုလ်များ၊ ဓမ္မစကြာအသင်းဝင်များ၊ သီလရှင် ၁၀၀ ပါးတို့က ကြိုဆိုကြသည်။ ဆရာတော်ကြီးများသည် ဘုရားဖူးမြော်တော်မူကြပြီးနောက် စေတီတော်ကြီးအား လက်ယာရစ်ကြွရောက်ဖူးမြော် ကန်တော့ကြသည်။

ထို့နောက် ပြည်သူလူထုတို့၏ အဖူးအမြော်ခံယူကာ ဘုရားမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးတော်မူကြသည်။

ဆရာတော်ကြီးများသည် နံနက် (၈ နာရီ ၄၅ မိနစ်) တွင် စစ်ကိုင်း တောင်ရိုး ပေါ်သို့ တက်ရောက်တော်မူရာ စစ်ကိုင်းတောင်ခြေမှ သီလရှင်များက ကြိုဆိုကန်တော့ကြသည်။ ဆရာတော်ကြီးများ၏ မော်တော်ယာဉ်များ ဆွမ်းဦးပုညရှင်ဘုရားသို့ရောက်ရှိရာ ဂေါပကအဖွဲ့များ၊ အာရုံတော်အသင်းများ၊ ဝတ်အသင်းများမှ ပုဂ္ဂိုလ်များ၊ ဓမ္မစကြာအသင်းဝင်များ သီလရှင်အပါး (၁၀၀၀) တို့က ကြိုဆိုကြသည်။ ဆရာတော်ကြီးများသည် ဘုရားဖူးမြော်ကြပြီးနောက် ဘုရားကို လက်ယာရစ်ကြွရောက်ဖူးမြော် ကန်တော့ကြသည်။

ထို့နောက် ဘုရားကုန်းပေါ်မှ ထက်ပန်းကျင်အရပ်လေးမျက်နှာသို့ ရှုမျှော်ကြည့်ရှုတော်မူကြသည်။ ထို့နောက် ဆရာတော်ကြီးများအား စစ်ကိုင်းတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းတင်က သက်န်းဒွိစုံတစ်စုံစီ ဆက်ကပ်လှူဒါန်းသည်။

ဆရာတော်ကြီးများ စစ်ကိုင်းမြို့အဝင်နှင့် အထွက်လမ်းတွင် ပြည်သူလူထုတို့က ကြည်ညိုစွာ ဖူးမြော်ကန်တော့ကြသည်။ ဆရာတော်ကြီးများသည် စစ်ကိုင်းမြို့မှ နံနက် (၉ နာရီ ၄၅ မိနစ်) တွင် မန္တလေးမြို့သို့ ပြန်လည်ကြွရောက်တော် မူလာကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် နံနက် (၁၀ နာရီ ၂၅ မိနစ်) တွင် မော်တော်ယာဉ်များဖြင့် မန္တလေးတောင်ပေါ်သို့ ရောက်ရှိတော်မူကြရာ ဆရာတော်ကြီးများအား ဗျာဒိတ်ပေးရပ်တော်မူဘုရားမှ တောင်တော်ဂေါပကလူကြီးများက ကြိုဆိုကြသည်။

ဆရာတော်ကြီးများသည် ဘုရားဖူးတော်မူကြပြီးနောက် လက်ယာရစ် ဘုရားကို လှည့်လည်ကြည့်ရှုဖူးမြော်ကြသည်။ ထို့နောက် တောင်ပေါ်မှ မန္တလေးနန်းတော်ကြီးမြင်ကွင်းနှင့် မန္တလေးမြို့နှင့်တကွ ပတ်ဝန်းကျင်မြင်ကွင်းများကို ကြည့်ရှုလေ့လာတော်မူကြသည်။

ထိုအချိန်တွင် တောင်တော်ပေါ်သို့ရောက်ရှိနေကြသော ဘုရားဖူး အမျိုးသား၊ အမျိုးသမီးတို့က ဆရာတော်တို့အား ဖူးမြော်၍ ဝတ္ထုငွေများ လှူဒါန်းကြသည်။ ဆရာတော်ကြီးများသည် မန္တလေးတောင်တော်မှ အပြန်တွင် နန်းမြို့တွင်း၌ တည်ဆောက်လျက်ရှိသော မြနန်းစံကျော် ရွှေနန်းတော်ကြီးအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုတော်မူကြသည်။

မန္တလေးမြို့သို့ ဆရာတော်ကြီးများ ကြွရောက်လာသည့်နေ့က ဆရာတော်ကြီးတို့၏ မော်တော်ယာဉ်များ သွားရာလမ်းတစ်လျှောက်မှ စောင့်ကြိုဖူးမြော် ကန်တော့ကြသည့် ပြည်သူလူထုတို့က ဆရာတော်ကြီးများအား လှူဒါန်းခဲ့ကြသည့် ဝတ္ထုငွေစုစုပေါင်းမှာ ငွေ ၂၂၇၃၇ ကျပ်ဖြစ်သည်။

ထို့ပြင်ပစ္စည်းစုံခုနစ်သောင်းဖိုးခန့်ကိုလည်း လှူဒါန်းခဲ့ကြောင်းသိရှိရသည်။ နံနက် ၁၁-နာရီ အချိန်တွင် ဆရာတော်ကြီးများအား မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ထွန်းကြည်နှင့် ဇနီးတို့အပြင် တာဝန်ရှိပုဂ္ဂိုလ်များမှ နန်းမြို့ညော့်ဂေဟာ၌ ဆွမ်းခဲဖွယ်များဆက်ကပ်ကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် နန်းမြို့ဂေဟာမှ မန္တလေးလေယာဉ်ကွင်းသို့ ပြန်လည်ကြွရောက်တော်မူရာ နန်းမြို့တွင်းမှ တပ်မတော်သားများ၊ မိသားစုများက အောင်သပြေပန်းများနှင့် သာသနာ့အလံများကိုင်ဆောင်ကာ လက်အုပ်ချီမိုး ရှိခိုးဖူးမြော်ကြသည်။

ထို့နောက်ဆရာတော်ကြီးများသည် မန္တလေးအရှေ့မြောက်မြို့နယ်၊ အနောက်မြောက်မြို့နယ်၊ အနောက်တောင်မြို့နယ်နှင့် အရှေ့တောင်မြို့နယ်များကို ဖြတ်သန်း၍ကြွချီတော်မူရာ မြို့နယ်တိုင်းမှ မုခ်ဦးများထိုး၍လည်းကောင်း၊ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်မှ ပြည်သူလူထုနှင့် ကျောင်းသားကျောင်းသူဆရာဆရာမများက သာသနာတော်အလံများနှင့် အောင်သပြေပန်းများကိုင်ဆောင်ကာ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

ဆရာတော်ကြီးများမန္တလေး လေဆိပ်အဝင်တွင် ဒေဝါဝင်းနှင့် ရာဇာဝင်းများနှင့်အတူ စည်းပုံဆောင်းထားသည့် နန်းဆန်သူအမျိုးသမီးလေးများ၊ မန္တလေးမြို့ပေါ်ရှိဝတ်အသင်းများ၊ ဓမ္မစကြာအသင်းများ၊ မြဝတီအသင်းတိုက်အုပ် ဆရာလေး ဒေါ်ပညာဝတီနှင့် သီလရှင်အပါး ၁၂၀၊ ယူနန်တရုတ်ဗုဒ္ဓဘာသာအသင်းမှ ပုဂ္ဂိုလ်များ၊ တန်ခိုးကြီးဘုရားများမှ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်ကိုင်းရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံမှ တိုင်းရင်းသားတိုင်းရင်းသူ ၂၀၀၊ မန္တလေးတိုင်းသံဃနာယကအဖွဲ့ အတွင်းရေးမှူး ဦးသာသနဘိဝံသ၊

တိုင်းသံဃနာယကအဖွဲ့ဝင် ဦးဇဝန၊ အနောက်တောင်မြို့နယ် သံဃနာယကအဖွဲ့ အတွင်းရေးမှူး ဦးဇောတိက၊ မန္တလေးပရိယတ္တိတက္ကသိုလ် ဒုက်လိပ်စာဌာနမှူး ဦးညာဏဝရနှင့် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌများ ဦးဆောင်သည့် ဆရာတော်အပါး ၁၂၀ တို့က ကြိုဆိုဖူးမြော်ကြသည်။

ထို့နောက် ဆရာတော်ကြီးများအား လေယာဉ်ပေါ်သို့ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်၊ အမှတ် (၁) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စိုးမြင့်၊ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်ပေါ်နှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့နယ်စုအမှတ် (၁)၊ (၂)တို့မှ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လွန်းသီနှင့် ဒုတိယ ဗိုလ်မှူးကြီး ကျော်ငွေတို့က ရွှေထီးနှင့် ကနက္ကဒဏ် သီးဖြူဇတော်များ မိုး၍ ပင့်ဆောင်ကြသည်။

ဆရာတော်ကြီးများလိုက်ပါလာသည့် တပ်မတော်အထူးလေယာဉ်သည် မန္တလေးလေယာဉ် ကွင်းမှ ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေ ၄ နာရီ မိနစ် ၄၀ တွင် ပြန်လည်ရောက်ရှိတော် မူကြသည်။

# ပြည်ပနိုင်ငံများမှ ကြွရောက်၍ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အလှူခံယူတော် မူခဲ့ကြသော ဆရာတော်ကြီးများအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့် နှင့်အဖွဲ့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ၆-၃-၉၁

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်သည် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်လှတို့နှင့်အတူ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ပင့်ဖိတ်ချက်အရ ပြည်ပနိုင်ငံများမှ ၁၉၉၁ ခုနှစ် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ကြွရောက်၍ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အလှူခံယူတော်မူခဲ့ကြသော ထိုင်းနိုင်ငံ လန်းပန်းမြို့ ဝပ်ထာ့မအိုး ကျောင်းတိုက်မှ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မာနန္ဒ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ် ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဟုလာ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋာရာမ ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိဂ္ဂဝနှင့် ဂျပန်နိုင်ငံ ကီတကျူးရှူးမြို့ မိုဂျီကမ္ဘာ့အေးစေတီ ကျောင်းတိုက်မှ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လတို့အား ၆-၃-၉၁ ရက်နေ့ ညနေ ၃ နာရီတွင် ဆရာတော်ကြီးများ သီတင်းသုံးနေထိုင်ရာ ရန်ကုန်မြို့ အလုံလမ်းရှိ မနော်ဟရီစ်ကျောင်းတော်သို့ သွားရောက် ဖူးမြော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ဩဝါဒကထာမြွက်ကြား

အဆိုပါ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာတွင် ဂျပန်နိုင်ငံ ကီတကျူးရှူးမြို့ မိုဂျီကမ္ဘာ့အေးစေတီ ကျောင်းတိုက်မှ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လက ငါးပါးသီလချီးမြှင့်၍ ထိုင်းနိုင်ငံ လန်းပန်းမြို့ ဝပ်ထာ့မအိုး ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မာ နန္ဒက ရေစက်ချတရားတော် ချီးမြှင့်တော်မူသည်။ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ် ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဟုလာက မြန်မာပြည်သူပြည်သားများ၏ စေတနာသဒ္ဓါတရားမှာ အံ့ဩဖွယ်ရကောင်းကြောင်း စသည်ဖြင့် ဩဝါဒကထာ မြွက်ကြားတော်မူသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့- အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်လှနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်အေးတို့က ဆရာတော်ကြီးများအား ကျောက်ဆင်းတုတော် တစ်ဆူစီနှင့် အဋ္ဌကထာဋီကာကျမ်းစာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်ကြီးများက ဆုတောင်းဂါထာတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ရုပ်သိမ်းလိုက်သည်။

# သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံရသည့် ပြည်ပနိုင်ငံများမှ ဆရာတော်များအနက် သီရိလင်္ကာနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တရာဟုလာ ပြန် လည် ကြွ ချီ တော် မူ

## ရန်ကုန် ၇-၃-၁၉၉၁

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ပင့်ဖိတ်ချက်အရ ပြည်ပ နိုင်ငံများမှ ၁၉၉၁ ခုနှစ်၊ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့တက်ရောက်ပြီး ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံယူခဲ့သော ဆရာတော်ကြီးများအနက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော် ဘဒ္ဒန္တရာဟုလာသည် ၇-၃-၉၁ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်လေဆိပ်မှ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ကြွချီတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဟုလာဆရာတော်ကြီးသည် ၇-၃-၉၁ ရက်နေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် မံနေဘ်ဟာရီစံကျောင်းတော်မှ ရန်ကုန်လေဆိပ်သို့ မော်တော်ယာဉ်ဖြင့် ကြွချီတော်မူရာ ဆရာတော်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး၊ ဆရာတော်ကြီးနှင့် အတူ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် အလှူခံယူတော်မူကြသည့် ထိုင်းနိုင်ငံ လန်းပန်းမြို့၊ ဝပ်ထာ့မအိုးကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋာရာမ ကျောင်းတိုက်မှ ဘဒ္ဒန္တ သိဂ္ဂဝနှင့် ဂျပန်နိုင်ငံ ကီတကျူးရှူးမြို့ မိုဂျီ ကမ္ဘာအေးစေတီ ကျောင်းတိုက်မှ ဘဒ္ဒန္တဝေပုလ္လဆရာတော်ကြီးများက လေဆိပ်သို့ လိုက်ပါပို့ဆောင်တော်မူကြသည်။

### ပူဇော်ကန်တော့

ဆရာတော်ကြီးစီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းသည် အလုံလမ်း၊ ပြည်လမ်းမကြီး အတိုင်း မောင်းနှင်လာရာ မော်တော်ယာဉ်မောင်းနှင်လာသည့် လမ်းတစ်လျှောက်ရှိ လမ်းဘေးဝဲယာ တို့တွင် ခရီးသွားပြည်သူများက မတ်တပ်ရပ်၍လည်းကောင်း၊ မြေပြင်တွင် ပုဆစ်ဒူးတုပ် လက်အုပ် ချီ၍လည်းကောင်း ဆရာတော်ကြီးအား ရှိခိုးပူဇော် ကန်တော့ကြသည်။

### ဖူးမြော်

ဆရာတော်ကြီး စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းသည် ရန်ကုန်လေဆိပ်အဝင် ၁၀ မိုင်ကုန်းသို့ နံနက် (၉ နာရီ ၂၅ မိနစ်) တွင် ဆိုက်ရောက်လာရာ လေဆိပ်အဝင်မှ လေဆိပ်အထိ ခုနှစ်ဖာလုံအရှည် လမ်းတစ်လျှောက်၌ မြို့နယ် (၁၃) မြို့နယ်မှ ပြည်သူလူထု (၁၀၀၀၀) ကျော်တို့က လမ်းဘေး တစ်ဖက်တစ်ချက်မှ နေ၍ သာသနာ့အလံငယ်များနှင့် သဇပြပန်းများ ကိုင်ဆောင်ကာ ဆရာတော်ကြီးအား ရှိခိုးပူဇော် ဖူးမြော်ကန်တော့ကြသည်။

## ကြိုဆိုနှုတ်ဆက်

ဆရာတော်ကြီး စီးနင်းလိုက်ပါလာသည့် မေ်ာတော်ယာဉ်သည် ရန်ကုန်လေဆိပ်သို့ နံနက် (၉ နာရီခွဲ)တွင် ဆိုက်ရောက်လာရာ ဆရာတော်ကြီးအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့၏ကိုယ်စား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ် ခင်ညွန့်တို့နှင့် အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ တပ်မမှူးများ၊ စစ်ဒေသမှူးများ၊ မြို့နယ်များမှ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ သာ သ နာ ရေး ဦး စီး ဌာ န ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

## မင်္ဂလာပြု

ထို့နောက် ဆရာတော်ကြီးအား သာသနာ့အလံကိုင်ဆောင်ထားသည့် နတ်သားများက ရှေ့မှ ဦးဆောင်ကာ ပြဟ္မာ၊ သိကြား၊ နတ်များက ကနက္ကဒဏ်ထီးဖြူများ မိုးလျက် ရှေ့ဘက်နှင့် နောက်ဘက်တွင် ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်နှင့် တပ်မမှူးများ၊ စစ်ဒေသမှူးများက ကော်ဇောနီခင်းထား သည့် လမ်းအတိုင်း အထူးလေယာဉ်သို့ ပင့်ဆောင်ကြရာ မင်္ဂလာဆိုင်းအဖွဲ့က သာယာနာပျော်ဖွယ် ကောင်းသည့် တေးသံသာများကို တီးမှုတ်၍လည်းကောင်း၊ စည်တော်အဖွဲ့က စည်တော်များရွှမ်း၍ လည်းကောင်း ကောင်းချီးသြဘာ မင်္ဂလာပြုကြသည်။

## သီကျူးရွတ်ဆို

ထိုသို့ပင့်ဆောင်ကြရာတွင် ဆရာတော်ကြီး ကြွချီတော်မူရာ ကော်ဇောနီခင်းထားသည့် လမ်းဘေးတစ်ဖက်တစ်ချက်တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ ဆရာတော်များ၊ ရန်ကုန်မြို့ ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သီလရှင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ယောဂီများ၊ ဆရာ ဆရာမများ၊ သာသနာရေးဦးစီးဌာနနှင့် စက်ရုံ အလုပ်ရုံ ရုံးများမှ ဝန်ထမ်းများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များက သာသနာ့အလံနှင့် အောင်သပြေပန်းများကို ကိုင်ဆောင်လျက် ဓမ္မတေးသံများ၊ ရှစ်လုံးဘွဲ့ကဗျာများ၊ တရားဒေသနာတော်များ သီကျူးရွတ်ဆို ပူဇော်ကြသည်။

## ပို့ဆောင်

ဆရာတော်ကြီးအား စည်ကားသိုက်မြိုက်စွာ ကြိုဆိုပင့်ဆောင်လာရာ အထူးလေယာဉ်အတက် လှေကားအရောက်တွင် ဆရာတော်ကြီးအား လိုက်ပါပို့ဆောင်ကြသည့် ပရိတ်သတ်များက လက်အုပ်ချီ၍ ရှိခိုးကန်တော့ကြပြီး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်နှင့် ပြည်ပနိုင်ငံများမှ သာသနာရေး ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်များက ဆရာတော်ကြီးအား လေယာဉ်ပေါ်အထိ လိုက်ပါပို့ဆောင်ကြသည်။

## ထွက်ခွာ

လေယာဉ်မထွက်ခွာမီ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ ပြန်လည်ကြွချီတော်မူမည့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဟုလာသည် လေယာဉ်တံခါးဝသို့ထွက်ကာ မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ဆက်သည်။ ထို့နောက် ဆရာတော်ကြီး စီးနင်းလိုက်ပါသွားသည့် အထူးလေယာဉ်သည် ရန်ကုန်လေဆိပ်မှ နံနက်(၉ နာရီ ၄၅ မိနစ်တွင်) ထွက်ခွာသွားသည်။

# ပြည်ပမှ ဘွဲ့တံဆိပ်တော်ခံ ဆရာတော်ကြီးများအား ကြိုဆိုပူဇော်ပွဲ အခမ်းအနား

မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် တပေါင်းလသည် အသာယာဆုံး၊ အကြည်နူးဆုံးလ ဖြစ်သည်။ တပေါင်းလတွင် သစ်ပင်၊ ပန်းပင်တို့ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေကြသည်။ အညွန့် အညှောက်တို့ထွက်ကြသည်။ ရာသီပန်းများဖြစ်သည့် သရဖီပန်းနှင့် ပိတောက်ပန်းများ ဖူးပွင့်ကြသည်။ "ပန်းပေါင်းပေါ်စ တပေါင်းလ" ဆိုသည့်အတိုင်း ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာကြ၍ တောတောင်အလုံး ဆွတ်ပျံ့လှသည်။ ထို့အပြင် ထက်ကောင်းကင်တွင်လည်း မိုးသားမိုးတိမ်တို့ တလိမ့်လိမ့် မြူးကြွနေချိန်ဖြစ်သည်။ ရှေးလူကြီးများက "တပေါင်းတန်ခူး မိုးသားကျူး" ဟု မှတ်သားပြောဆိုကြသည်။ ကျေးလက်ဒေသများတွင်လည်း စည်သံ ဗျောသံ တညံညံဖြင့် အလှူဒါနပြုကြသည်။ ဘာသာရေးပွဲတော်များ ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။ ထို့ကြောင့် "တပေါင်း သာခေါင် လများနောင်" ဟု ဆိုကြခြင်းဖြစ်သည်။

တပေါင်းလ၏ သာယာကြည်နူးပုံကို အကြောင်းပြုပြီး ကာဠုဒါယီမထေရ်က မြတ်စွာဘုရားအား ကပိလဝတ်ပြည်သို့ ဆွေတော်မျိုးတော်အပေါင်းတို့ အဖူးမြော်ခံရန် ကြွရောက်ပါမည့် အကြောင်း ပင့်ဖိတ်လျှောက်ထားခဲ့သည်။ ယင်းသို့ လျှောက်ထားခဲ့သည်ကို စာဆိုအကျော် ရှင်အုန်းညိုက ဂါထာခြောက်ဆယ်ပျို့တွင် ဤသို့ရေးဖွဲ့ခဲ့သည်။

"ဤကာလကား၊ ဟေမာချမ်းဆောင်း၊ ကြွလှဲ့ပြောင်းသား၊ တပေါင်းနွေလ၊ ဂိမှာနဟု၊ သာလှပျော်မှု၊ သည်ရတုနိုက်၊ ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း၊ ပွင့်ရောင်ဘိချည်း၊ ဖြင်ပေါပည်း၏၊ ခမည်းတော်ကောင်း၊ ပြည်တော်ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှါ၊ တောင်းပန်ထွာသည်၊ သွားခါကာလ တန်ပြီတည်း။"

ကာဠုဒါယီမထေရ် ပင့်ဖိတ်လျှောက်ထားချက်အရ မြတ်စွာဘုရားသခင်သည် ဇာတိချက်ကြွေ မွေးရပ်ဟောင်းမြေသို့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အစရှိသော မျိုးတော်သာကီဝင်မင်းရှစ်သောင်းတို့ ဖူးမြင်ကြအံ့သောငှာ ယူဇနာခြောက်ဆယ်ရှိသော ခရီးကို ရဟန္တာမြတ်နှစ်သောင်း ခြံရံလျက် ခြေတော်စက်ဖြင့် ကြွချီတော်မူခဲ့သည်။ မြတ်စွာဘုရားကြွချီတော်မူလာသည့်အခါ တောတွင်းရှိ ပန်းတို့က အတိုင်းထက်အလွန် ညီညွတ်စွာဖူးပွင့်ကုန်ကြသည်။ သစ်ပင်အပေါင်းတို့က အခါခပ်သိမ်း ထက်ကဲ၍ သီးလင့်ကုန်ကြသည်။ အတောင်ရှိငှက်နှင့် ခြေလေးချောင်းရှိသော တိရစ္ဆာန်တို့က ကြည်ညိုရိုးညွတ်စွာ ပူဇော်ကန်တော့ကြသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ဆွေမျိုးတော်ရှစ်သောင်းတို့က သဒ္ဓါရှိကျိုးလက်စုံမိုး၍ ရှိခိုးကန်တော့ကြသည်။

တပေါင်းလနှင့် ဆက်နွယ်လျက်ရှိသည့် ဤကဲ့သို့သော ဘာသာရေးဆိုင်ရာ နေ့ထူး နေ့မြတ်များ၊ ဖြစ်ရပ်စဉ်များ၊ အခမ်းအနားများသည် ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာထွန်းကားသော မြန်မာနိုင်ငံတွင်လည်း ယနေ့တိုင် အစဉ်အလာ တစ်ရပ်အဖြစ်နှင့် ရှိနေပါသည်။ နိုင်ငံတော်အစိုးရကလည်း ယခုလို သာတောင့်သာယာရှိသည့် ရာသီကာလ ခါသမယတွင် ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းပွဲတော်ကြီးများကို ကမကထပြုပြီး နှစ်စဉ် ခြိမ့်ခြိမ့်သဲ ကျင်းပမြဲဖြစ်ပါသည်။ ဤနှစ်တွင် ကျင်းပပြုလုပ်သော ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲနှင့် ဆွမ်း ဆန် စိမ်း လောင်း လှူ ပွဲ တော် ကြီး သို့ ပြည် တွင်း မှ သာ သ နာ့ အာ ဇာနည်ကြီးများသာမက ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့မှ သာသနာ့အာဇာနည် ဆရာတော်ကြီး ၁၆ ပါး တို့ကိုပါ ပင့်ဖိတ်ဆက်ကပ်လှူဒါန်းတော်မူခဲ့သည်။ သာတောင့်သာယာရှိသည့် တပေါင်းလရာသီတွင် ဤသို့ပင့်ဖိတ်ခဲ့သည့်အတွက် အထက်ပါကဗျာကလေးကို ကျွန်တော်သတိရလာခြင်းဖြစ်ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ၏ ပင့်ဖိတ်လျှောက်ထားချက်အရ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြု ဆရာတော်ဘုရားကြီး ၄ ပါးတို့သည်လည်း ကြွရောက်တော်မူခဲ့သည်။ ဆရာတော်ဘုရားကြီးများသည် ၁၃၅၂ ခု၊ တပေါင်းလဆန်း ၁၄ ရက် (၁၉၉၁ ခု၊ ဖေဖော်ဝါရီလ ၂၆ ရက်)နေ့တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံတော်သို့ ကြွရောက်တော်မူလာကြရာ ဆရာတော်ကြီးများအား နိုင်ငံတော် အစိုးရနှင့် ပြည်သူများက သာသနာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ တခမ်းတနား ကြိုဆိုခဲ့ကြသည်။ ဤသို့ကြိုဆိုခြင်းသည် မြန်မာမှုအစဉ်အလာတွင် အဆင့်မြင့်ဆုံး ကြိုဆိုပူဇော်နည်း ဖြစ်သည်။ သို့ဖြစ်၍ ရန်ကုန်လေဆိပ်ဝင်းအတွင်း ဝင်လိုက်သည်နှင့် ကြိုဆိုရေးအခမ်းအနား အခင်းအကျင်းများကို တွေ့ရတော့သည်။

လေဆိပ် အဆောက်အအုံရှေ့တွင် ကြိုဆိုရေးဧည့်ခံမဏ္ဍပ်ကြီးကို ခံ့ညားထည်ဝါစွာ ဆောက်လုပ်ထားသည်။ ယင်းကို မင်္ဂလာအခမ်းအနား အဆင်တန်ဆာများဖြင့် မွမ်းမံထားသည်။ မဏ္ဍပ်မုခ်ဦးအပေါ်တွင် ပြည်နယ်နှင့်တိုင်း ၁၄ ခု ကိုယ်စားပြု သာသနာ့အလံတော် ၁၄ ခုနှင့် ဝဲ-ယာ တစ်ဘက်တစ်ချက်တွင် ၅′ X ၃′ အရွယ်ရှိသာသနာ့အလံ ၂၀ စီ စိုက်ထူထားသည်။ တိုင်မြင့်ကြီး နှစ်တိုင် စီတွင် နိုင်ငံတော်နှင့် သာသနာအတူယှဉ်တွဲ တည်ရှိနေပုံကို အညွှန်းပြုထားသည့် မြန်မာ နိုင်ငံတော်အလံနှင့် ၉′ X ၅′ အရွယ် သာသနာ့အလံတော်ကြီးကို ယှဉ်တွဲစိုက်ထူထားသည်။ မဏ္ဍပ် နဖူးစည်းမျက်နှာစာတွင် "ဘွဲ့တံဆိပ်တော်ခံ ပြည်ပမှဆရာတော်ကြီးများအား ပူဇော်ဂါရဝပြုပါ၏" စာတန်းနှင့် " Pujēma Mahāthera Gāravena "ဆိုသည့်ပါဠိလိုရေးထားသည့် စာတန်းကြီးများ ရေးထိုးထားသည်။ ယင်းမဏ္ဍပ်ထဲမှနေ၍ နိုင်ငံတော်ဆိုင်းအဖွဲ့နှင့်အတူ သဘင်ပညာရှင် ဦးစိန်အောင်မင်း ဦးဆောင်သော အနုပညာရှင်များက ဘုန်းတော်ဘွဲ့ တေးသီချင်းများဖြင့် သီဆို ဖျော်ဖြေသည်။ ကြိုဆိုရေးမဏ္ဍပ်နှင့် လေယာဉ်ဆိုက်မည့်နေရာကြားတွင် ကော်ဇောနီကြီး ခင်းထားသည်။ ကော်ဇောနီအဆုံးတွင် မင်္ဂလာစည်တော်အဖွဲ့က နေရာယူထားသည်။

ထို့နောက် ဒေဝါဝင်းအဖွဲ့ဝင်များနှင့် ရာဇာဝင်းအဖွဲ့ဝင်များက ကော်ဇောနီ တစ်ဘက် တစ်ချက်တွင် နေရာယူကြသည်။ ဒေဝါဝင်းအဖွဲ့တွင် သုဝီရစသော သိကြားမင်း၏သားတော်ကြီး

လေးပါးတို့က ရွှေဆုံးမှနေရာယူပြီး သာသနာ့အလံ အရိုးရှည်ကြီးများကိုကိုင်ကာ ကော်ဇောနီ ဘေးတစ်ဘက်တစ်ချက်တွင် လေယာဉ်ဘက်မျက်နှာမူပြီး စတုဂံကျကျရပ်သည်။ ယင်းတို့၏နောက် တွင်မှ ဖြူ-နီ-ညို-ဝါဝတ် နတ်သားလေးပါးစီ ပေါင်း ၁၆ ပါးတို့က ထီးရွက်လက်မ ၄၀ ရှိသည့် ကနက္ကဒဏ် ထီးဖြူတော်ကြီးများကို ကိုင်ဆောင်ကာ ကော်ဇောနီကြီး၏ဝဲဘက် တစ်ဘက်တွင် ရွှေနောက်တန်းစီရပ်ကြသည်။ အခြားတစ်ဘက်တွင် ဗြဟ္မာကြီးလေးပါး၊ သိကြားမင်း၊ ပဇာတိ၊ ဝရုဏဤသာသနာ့နက်မင်းကြီးသုံးပါး၊ သာတာဂိရိ၊ ဟေမဝတ နတ်မင်းကြီးနှစ်ပါး၊ ပဠသိခ်၊ မာတလိနှင့် စတုလောကပါလနတ်မင်းကြီးလေးပါး၊ စုစုပေါင်း ၁၆ ပါးတို့က ထီးရွက်လက်မ ၄၀ ရှိ ရွှေထီးတစ်လက်စီကိုင်ကာ ကော်ဇောနီ၏ယာဘက်တွင် ၁၆ ယောက် ရွှေနောက်တန်းစီ၍ ရပ်ကြသည်။

ယင်းတို့နောက်တွင် လက်ယာဘက်မှနေ၍ သူရဿတီနတ်သမီးက သာသနာ့အလံကိုကိုင်ကာ နေရာယူပြီး နတ်သမီး ၁၆ ပါးက ကော်ဇောနီတစ်ဘက်တစ်ချက်တွင် ရှစ်ပါးစီခွဲပြီး တန်းစီ နေရာယူကြသည်။ နတ်သမီးများ၏လက်တွင် သစ္စာအနက် ၁၆ ချက် ဗောဓိအလံများ ကိုင်ထား သည်။ ဒေဝါဝင်းတွင် လက်ယာဘက်၌ သရုပ်ဆောင်အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၉ ဦး၊ လက်ဝဲဘက်၌ သရုပ်ဆောင်အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၇ ဦး စုစုပေါင်း ၅၃ ဦးပါ ရှိသည်။

ဒေဝါဝင်းဆုံးသည့်အခါ ရာဇာဝင်းက ဆက်လက်ပြီး နေရာယူသည်။ ရာဇာဝင်းသည် ဒေဝါဝင်းအဆုံးဖြစ်သည့် ဒေဝီများ၏နောက် ၁၀ ပေခန့်အကွာမှစပြီး လေယာဉ်ရှိရာဘက်သို့ မျက်နှာမူပြီးရပ်သည်။ ဝင်းထိပ်တွင် မင်းသားလေးဦးက သာသနာ့အလံ အရိုးရှည်ကြီးများကို ကိုင်ပြီး ကော်ဇောနီတစ်ဘက်တစ်ချက်တွင် စတုဂံကျကျရပ်သည်။ ထို့နောက်သိုင်းကိုင်လေးဦးက တစ်ဘက်နှစ်ယောက်စီရပ်သည်။ ပြီးလျှင် ဘုရင်နှင့်မိဖုရား၊ အိမ်ရှေ့မင်းနှင့်မိဖုရားတို့က အတွဲလိုက် ကော်ဇောနီတစ်ဘက်တစ်ချက်တွင်ရပ်သည်။ ဘုရင်နှင့် အိမ်ရှေ့မင်းသားတို့လက်တွင် သန်လျက်ကိုင် ထားသည်။ ၎င်းတို့နောက်တွင် လေးကိုင်မင်းသားကြီးနှစ်ပါးတို့က တစ်ဘက်စီရပ်၍ လေးကိုင် မင်းသားလတ်လေးပါးတို့က တစ်ဘက်နှစ်ယောက်စီ ရပ်ကြသည်။ ပြီးလျှင်ဝန်ကြီးလေးပါးတို့က ကော်ဇောနီတစ်ဘက်တစ်ချက်တွင် နှစ်ပါးစီခွဲပြီးရပ်ကြသည်။ ထို့နောက်ဓားလွယ်နှင့်စစ်သူကြီးက ညာဘက်နှင့် ဗိုလ်မှူးနှစ်ဦးက ဘယ်ဘက်တွင်ရပ်သည်။ ဆက်လက်ပြီး တံခွန်ကုက္ကားမှလေးပွားကိုင် သေဌေးကြီးလေးဦးတို့က တစ်ဘက်နှစ်ယောက်စီရပ်သည်။ ရာဇာဝင်းတွင် ညာဘက်၌ ၁၅ ဦးနှင့် ဘယ်ဘက်၌ ၁၆ ဦးရှိသဖြင့် စုစုပေါင်းအဖွဲ့ဝင် ၃၁ ဦးရှိသည်။

အဆိုပါရာဇာဝင်း၏ ဘယ်-ညာ ၁၀ ပေခန့်အကွာတွင် မြို့နယ်များမှအမျိုးသားယောဂီ ၁၀၇ ဦးက ညာဘက်တွင်လည်းကောင်း၊ အမျိုးသမီးယောဂီ ၁၀၇ ဦးက ဘယ်ဘက်တွင် လည်းကောင်း ရွှေနောက် လက်တစ်ကမ်းစီခြားပြီး လေယာဉ်ရှိရာဘက်မျက်နှာမူ၍ ရပ်ကြသည်။ ထိုယောဂီများ၏ ဘယ်-ညာတွင် ရုပ်ရှင်ဂီတမှယောဂီ ၆၀ တို့က လေယာဉ်ဘက် မျက်နှာမူပြီး ရပ်သည်။ အမျိုးသားယောဂီ ၃၀ က ဘယ်ဘက်နှင့် အမျိုးသမီးယောဂီ ၃၀ တို့က ညာဘက်တွင်

ဝန်းရံရပ်သည်။ ဝင်းများကို ဝန်းရံထားသည့်ယောဂီ စုစုပေါင်းမှာ ၂၆၆ ဦး ရှိသည်။ ယောဂီများသည် လက်တွင်နှစ်ပေခွဲအရှိုးရှိသည့် သာသနာ့အလံငယ်ကလေးများကိုင်ပြီး ဆရာတော်ကြီးများအား ဂါရဝပြုကြသည်။

မြေပြင်ဝင်းများကို စနစ်တကျခင်းကျင်းထားသလို ယာဉ်ဝင်းတန်းကိုလည်း စနစ်တကျစီစဉ်ထားသည်။ ယာဉ်ဝင်းတန်းတွင် လိုက်ပါမည့်ယာဉ်များကို "သံဃပူဇေမိ" စာလုံးကြီး ရေးသားထားသည့် ပန်းချီဒီဇိုင်းကားချပ်ကြီးများဖြင့် အလှဆင်ထားသည်။ ယာဉ်ဝင်းတန်း၏ ရှေ့ဆုံးတွင် သာသနာ့အလံစိုက်ထူထားသော လမ်းရှင်းဆိုင်ကယ်ငါးစီးက နေရာယူထားသည်။ ထို့နောက်တွင်မှ လမ်းကြောင်းထိန်းယာဉ်၊ အခမ်းအနား ကြေညာချက်ယာဉ်၊ မင်္ဂလာစည်တော်ယာဉ်၊ သာသနာ့အလံတော်တင် ကရဝိက်ဖောင်တော်ယာဉ်၊ ဝိနယပိဋကတ်တော်တင် ဆင်ဖြူတော်ယာဉ်၊ သုတ္တန်ပိဋကတော်တင်ဆင်ဖြူတော်ယာဉ်၊အဘိဓမ္မာပိဋကတ် တော်တင်ဆင်ဖြူတော်ယာဉ်၊ယင်းပိဋကတ်တော်တင် ဆင်ဖြူတော်ယာဉ်များတွင် နတ်သားနှစ်ပါးစီက ကနက္ကဒဏ်ထီးဖြူတော်တစ်လက်စီကို ဆင်၏ဝဲယာမှနေ၍ ဆောင်းမိုးလိုက်ပါကြသည်။

ထို့နောက်မှ ဒေဝါဝင်းတင်ယာဉ်လေးစီးနှင့် မင်္ဂလာဆိုင်းဝိုင်းတော်ကြီးယာဉ်တို့ လိုက်ပါကြသည်။ ထိုယာဉ်တန်းများနောက်တွင် ဘွဲ့ခံဆရာတော်ကြီးတစ်ပါးစီ စီးနင်းလိုက်ပါမည့် နိုင်းတူးနိုင်းယာဉ်တန်း လိုက်ပါသည်။ ဆရာတော်ကြီးများ၏ ယာဉ်တန်းနောက်မှ ဒေဝီယာဉ်လိုက်ပါသည်။ ပြီးလျှင် ရာဇာဝင်းယာဉ်ခြောက်စီး၊ မင်္ဂလာစည်တော်ယာဉ်၊ ရုပ်ရှင်ဂီတ ယောဂီယာဉ်နှစ်စီး၊ မြို့နယ်ယောဂီယာဉ် ၁၀ စီးနှင့် ဌာနဆိုင်ရာယာဉ်တန်းများ အစီအစဉ်အတိုင်း လိုက်ပါကြသည်။

ဤသို့ မြေပြင်ဝင်းနှင့် မော်တော်ယာဉ်ဝင်းတို့ စနစ်တကျစီစဉ် ဆောင်ရွက်ထားပြီးမှ ပြည်ပမှ ဘွဲ့ခံဆရာတော်ကြီးများအား ကြိုဆိုပင့်ဆောင်ခြင်း ဖြစ်သည်။ ကြိုဆိုရေးအခမ်းအနား အစီအစဉ်များကို နိုင်ငံတော်တစ်ဝန်းမှပြည်သူများ ကြည့်ရှုဖူးမြော်ကြည်ညိုနိုင်ရန် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံတို့က လေယာဉ်ကွင်းမှနေ၍ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည်။

ပြည်ပမှ ဘွဲ့ခံဆရာတော်ကြီးလေးပါးကို ပင့်ဆောင်လာသည့် လေယာဉ်သည် ရန်ကုန်လေဆိပ်သို့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်အချိန်တွင် ဆိုက်ရောက်လာသည်။ လေယာဉ်ဆိုက်ရောက်လာသည်နှင့် မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရှမ်း၍လည်းကောင်း၊ ယောဂီများက ထုတိကဗျာများနှင့် မေတ္တာသံပေါက်များ ရွတ်ဆို၍လည်းကောင်း ပူဇော်ကန်တော့ကာ ကြိုဆိုကြသည်။ လေယာဉ်ရပ်သည့်အခါ ကြွရောက်လာသည့် ဆရာတော်ကြီး ၄ ပါးတို့အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်နှင့် သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့မောင်တို့က လေယာဉ်ပေါ် တက်ရောက်ပြီး အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။

ရှေးဦးစွာ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၊ ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော်ဘဒ္ဒန္တ ရာဟုလာအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဗိုလ် ချုပ် တင် ဦး တို့ က လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၊ မကုဋ္ဌာရာမ ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ သိဂ္ဂဝ အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်က လည်းကောင်း၊ ဂျပန်နိုင်ငံ ကိတကျူရှူမြို့၊ မိုဂျီကမ္ဘာအေးစေတီ ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လအား ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်နှင့် အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်တင်လှ တို့ကလည်းကောင်း၊ ထိုင်းနိုင်ငံ လန်းပန်းမြို့၊ ဝပ်မဟာဓာတုကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်ကလည်းကောင်း အထူးမော်တော်ယာဉ်များ ရပ်ထားရာဆီသို့ ပင့်ဆောင်ကြသည်။

ယင်းသို့ ပင့်ဆောင်သည့်အခါ အသင့်စောင့်ကြိုနေသည့် ဒေဝါဝင်း အ ဖွဲ့ မှ သာ သ နာ့ အလံကိုင် နတ်သားလေးဦးတို့က ရှေ့သို့တက်လာပြီး ဆ ရာ တော် ကြီး များ ကို ကော်ဇောနီ ခင်းထားသည့် လမ်းတစ်လျှောက်အတိုင်း ဦးဆောင်ပင့်ကြသည်။ ထို့နောက် ဗြဟ္မာတစ်ပါးနှင့် နတ်သားတစ်ပါးတို့က ရှေ့သို့တက်လာပြီး သီရိလင်္ကာနိုင်ငံမှ ဆရာတော်ကြီး ဘဒ္ဒန္တ ရာဟုလာအား ကနက္ကဒဏ်ထီးဖြူနှင့် ရွှေထီးမိုးကာ ကြိုဆိုပင့်ဆောင်သည်။ ဤသို့ပင့်ဆောင်သည့်အခါ ရှေ့ဆုံးမှ သာသနာ့အလံကိုင် နတ် သား များ က ဖြည်း ဖြည်း ချင်း လျှောက် လှမ်း သည်။ ဆက် လက် ပြီး ကျန်ဗြဟ္မာများနှင့် နတ်သားများကလည်း ဆရာတော်ကြီးသုံးပါးကို ကနက္ကဒဏ်ထီးဖြူနှင့် ရွှေထီး မိုးကာ အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။ ထိုစဉ် ကျန်ဒေဝါဝင်း အဖွဲ့ဝင်များနှင့် ရာဇာဝင်း အဖွဲ့ဝင်များက ပင့်ဆောင်သွားသော ဆရာတော်ကြီးများနောက်မှ အစီအစဉ်အတိုင်း လိုက်ပါကာ ဖူးမြော် ကန်တော့ကြသည်။

ဆရာတော်ကြီးများ ယာဉ်အသီးသီးပေါ်သို့ ရောက်ရှိသည့်အခါ ဒေဝါဝင်းနှင့် ရာဇာဝင်းမှ အဖွဲ့ဝင်တို့သည်လည်းကောင်း၊ ယောဂီများသည်လည်းကောင်း မိ မိ တို့ စီး နင်း လိုက် ပါ မည့် ယာဉ်အသီးသီးပေါ်သို့ တက်ရောက်ကာ နေရာယူကြသည်။ ဝင်းအဖွဲ့ဝင်များနှင့် ယောဂီများ ယာဉ်များပေါ် တက်ရောက် နေရာယူပြီးသည့်အခါ မြေပြင်မှ ပူဇော်ကန်တော့နေသည့် မင်္ဂလာ စည်တော်အဖွဲ့က အတီးရပ်သည်။ ယာဉ်ဝင်းတန်းမှာပါသည့် မင်္ဂလာစည်တော် နှစ်ဖွဲ့နှင့် မင်္ဂလာ ဆိုင်းအဖွဲ့တို့က ဘုန်းတော်ဘွဲ့ ကြိုးသီးချင်းများဖြင့် ဆက်လက်သီဆိုဖျော်ဖြေသည်။ ယောဂီများ ကလည်း မေတ္တာပို့ သံပေါက်များနှင့် ရှစ်လုံးဘွဲ့ ထုတိကဗျာများကို စတင်ရွက်ဆို ပူဇော်သည်။ ထို့နောက် မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရှမ်းလိုက်သည်နှင့် ဘွဲ့ ခံ ဆ ရာ တော် ကြီး များ ပင့်ဆောင်သည့် ယာဉ်ဝင်းတန်းကြီးသည် လေယာဉ်ကွင်းမှ စတင်ထွက်ခွာပါတော့သည်။

ဘွဲ့တံဆိပ်တော်ခံ ပြည်ပမှ ဆရာတော်ကြီးများအား ကြိုဆိုပင့်ဆောင်သည့် အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့ရဲတပ်ဖွဲ့ ရဲချုပ်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကိုလေး၊ တပ်မမှူးများ၊ စစ်ဒေသမှူးများ၊ မြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး ဥက္ကဋ္ဌများ၊ ကြိုဆိုရေးကြီးကြပ်မှု ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာလုပ်ငန်းများ လေ့လာရန် ရောက်ရှိနေကြသော ဆိုဗီယက်ဒုတိယ သာသနာပိုင်ချုပ် ဦးဆောင်သည့် ဆိုဗီယက်ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ ဆိုဗီယက်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့မှ သံအမတ်ကြီးများ၊ နီပေါနိုင်ငံနှင့် ထိုင်းနိုင်ငံ သံရုံးများမှ သံရုံးယာယီတာဝန်ခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ပူဇော် ကြသည်။

ဆရာတော်ကြီးများ ပင့်ဆောင်ရာ လမ်းခရီးစဉ်မှာ လေယာဉ်ကွင်းမှ ကမ္ဘာအေးကုန်းမြေ ရောက်သည်အထိ ၄ မိုင် ၃ ဖာလုံ ရှိသည်။ ထိုခရီးစဉ် ဝဲ–ယာ လမ်းဘေး တစ်ဘက်တစ်ချက်တွင် သာသနာ့အလံတော်ပေါင်း ၄၆၀ စိုက်ထူထားသည်။ ထို့အပြင် ဆယ်မိုင်ကုန်း၊ မြိုင်ဟေဝန် ပန်းခြံထောင့်၊ ကမ္ဘာအေးလိုဏ်ဂူပေါက် (တစ်ဂိတ်) နှင့် လမ်းသစ် ဝင် ဂိတ် အ ပေါက် တို့ တွင် ကား လမ်း ဖြတ် ၁၇ ပေ အမြင့် မုခ်ဦးကြီးများ တည်ဆောက်ထားသည်။ မုခ်ဦးကြီးများ၏ မျက်နှာစာ နဖူးစည်းတွင် " ဘွဲ့တံဆိပ်တော်ခံ ပြည်ပမှ ဆရာတော်ဘုရားကြီးများအား ပူဇော် ဂါရဝပြုပါ၏ " စာတန်းနှင့် " Pujēma Mahāthera Gāravena " ဆိုသည့် ပါဠိလို ရေးထားသည့် စာတန်းကို ထက်အောက်ယှဉ်၍ ရေးထိုးထားသည်။ မုခ်ဦးအပေါ်တွင် သာသနာ့ အလံ ၁၄ ခုစီ စိုက်ထူထားသည်။ လမ်းဘေး ဝဲ-ယာ တို့တွင်လည်း ကိုးမြို့နယ်ဖြစ်သော ဒဂုံလာဒုံ၊ အင်းစိန်၊ လှိုင်၊ မရမ်းကုန်း၊ ကမာရွတ်၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ရန်ကင်း၊ စမ်းချောင်း မြို့နယ်တို့မှ ပြည်သူ ၁၂,၀၀၀၀ ကျော်တို့က တစ်မြို့နယ်လျှင် မဏ္ဍပ်တစ်ခုစီထိုးပြီး သာသနာ့ အလံများစိုက်ထူကာ ကြိုဆိုကြသည်။

ထို့ပြင် ဆရာတော်ကြီးများပင့်ဆောင်လာစဉ် လမ်းဘေး ဝဲ-ယာ တစ်ဘက်တစ်ချက်မှနေ၍ စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သီလရှင်များ၊ ဝတ်အသင်းအဖွဲ့များမှ အသင်းသူ အသင်းသားများ၊ ရဟန်းသာမဏေများ၊ တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက မေတ္တာပို့ သံပေါက်များ ရွတ်ဆို၍ လည်းကောင်း၊ သပြေပန်းများ၊ ပန်းများကပ်လှူ၍ လည်းကောင်း၊ သာ သ နာ့ အ လံ ငယ် က လေး များ ကိုင် ကာ လက်အုပ်ချီ၍ လည်းကောင်း၊ မြေပြင် တွင် ဒူး ထောက် ကာ ဦးချ၍လည်းကောင်း ပူ ဇော် ကန် တော့ ကာ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဤသို့ကြိုဆိုကြသည့် အခမ်းအနားမြင်ကွင်းကိုကြည့်ပြီး မြတ်စွာဘုရားသခင် ကပိလဝတ်ပြည်သို့ ကြွလာစဉ်က ကြိုဆိုကြသည့် လူထုပရိသတ်ကြီး၏ အသွင်သဏ္ဌာန်ကို ရေးဖွဲ့ထားသည့်—

"တစ်ယောက်မလွတ်၊ ရိုးညွတ်ကိုယ်စီ၊ လက်အုပ်ချီ၍၊ ပန်းသီပန်းကုံး၊ လှဆုံးပန်းခိုင်၊ စွဲလျက်ကိုင်၍၊ ပည်းလိုင်ဂုဏ၊ သုံးလူဘကို၊ မျှော်ကြပြောပြော၊ ရှုမိန်းမောလျက်၊ စိတ်ဇောကြည်လင်၊ ဦးထိပ်တင်သည်၊ သောင်းခွင်အလံ အထပ်တည်း။"

ဆိုသည့် ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့မှ ကဗျာကို သတိရလာမိသည်။ ဆရာတော်ကြီးများ ဖူးမြော်ကြိုဆိုကြသည့် လူထုပရိသတ်ကြီး မှာလည်း ဤကဗျာထဲမှ ပရိသတ်ကြီးနှယ် ဖြစ်သည်။ စည်းကားသိုက်မြိုက်သည်မှာလည်း ကြက်သီးမွေးညင်းထဖွယ် ဖြစ်၏။

ကျွန်တော်သည် နိုင်ငံတော်ကကြိုဆိုသည့် အခမ်းအနားအစီအစဉ်နှင့်ပတ်သက်ပြီး သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၊ မကုဋာရာမကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တသိဂ္ဂဝ၏ သဘောထားအမြင်ကို သိလို၍ လျှောက်ထားမေးမြန်းကြည့်မိသည်။ ဆရာတော်က ပြန်လည်မိန့်ကြားရာ၌—

"ဆရာတော်က စစ်ကိုင်းတိုင်း မြောင်မြို့ကပါ။ မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့သွားရောက် သာသနာပြုနေသည်မှာ ၅၇ နှစ်ရှိပြီဖြစ်ကြောင်း၊ ယခုအကြိမ် မြန်မာနိုင်ငံသို့ ကြွလာခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ယခုလိုပြန်ကြွလာသည့်အခါ နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားများက သောင်းသောင်းဖြဖြဖြင့် တခမ်းတနား ကြိုဆိုကြလို့ ကြည်နူးဝမ်းမြောက်ရပါကြောင်း၊ ဤကဲ့သို့ ကြိုဆိုသည့်အခမ်းအနားမျိုးကို ယခင်က မတွေ့မမြင်ဖူးကြောင်း၊ ဒါကြောင့် လေယာဉ်မှ ဆင်းလိုက်သည့်အခါ ခြိမ့်ခြိမ့်သဲ ကြိုဆိုနေကြသည့် ပရိသတ်ကြီးကို မြင်လိုက်သည်နှင့် ဝမ်းသာဝမ်းနည်းဖြစ်ပြီး မျက်ရည်များပင်ကျခဲ့ရကြောင်း၊

ဝမ်းသာရတာကတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်မြေ၊ ကိုယ့်ရေကို ပြန်လည်ခြေချရလို့ ဖြစ်ကြောင်း၊ ကိုယ့်နိုင်ငံမှ ဒါယကာ ဒါယိကာမများနှင့် ပြန်လည်တွေ့ဆုံခွင့်ရလို့ ဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း မင်းခမ်းမင်းနားဖြင့် စည်းကားသိုက်မြိုက်စွာ ကြိုဆိုလို့ဖြစ်ကြောင်း၊ ဝမ်းနည်းရတာကတော့ ဆရာတော်ကဲ့သို့ သာသနာ့တာဝန်ကိုထမ်းဆောင်နေသည့် အစ်ကိုတော်ရှိခဲ့ကြောင်း၊ ယခု အစ်ကိုတော်ပျံလွန်သွား၍ မရှိတော့ကြောင်း၊ အစ်ကိုတော်သာရှိပါက မိမိကဲ့သို့ပင် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရမည်လို့ ထင်ကြောင်း၊ ဆရာတော်များ ယခု လာရောက် ဘွဲ့တံဆိပ်တော် ခံယူသည်ကို အစ်ကိုတော်မြင်တွေ့မသွားရ၍ ဝမ်းနည်းမိကြောင်း၊ ဒါကြောင့် လေယာဉ်ကွင်းရောက်သည့်အခါ ဝမ်းသာဝမ်းနည်းဖြစ်ပြီး မျက်ရည်ကျခဲ့ခြင်းဖြစ်ကြောင်း၊ နောက်မျက်ရည်ကျခြင်း အကြောင်း တစ်ရပ်က ပီတိ မျက် ရည် ဖြစ်ကြောင်း၊ ဝမ်း သာ လွန်း တော့ လည်း မျက်ရည်ကျရကြောင်း" မိန့်ကြားသည်။

ဆရာတော်ကြီးများ ပင့်ဆောင်လာသည့် ယာဉ်တန်းကြီးသည် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်သို့ ရောက်သည့်အခါ ရပ်နားလိုက်သည်။ ဆရာတော်ကြီးများ စီးနင်းလိုက်ပါသည့်ယာဉ်များက ဇမ္ဗူဒီပကျောင်းဆောင်သို့ ဆက်လက်မောင်းနှင်သွားသည်။ ဆရာတော်ကြီးများ

ဇမ္ဗူဒီပကျောင်းဆောင်သို့ ရောက်သည့်အခါ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ရဲကျော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဗိုလ်ချုပ်တင်ဦး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၏ တပ်မှူးချုပ် ဗိုလ်မှူးကြီးဖေသိန်း၊ ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဆရာတော်ကြီးများ အား နိုင် ငံ တော် သံဃာ့မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ သန်လျင် မင်းကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရိက ဇမ္ဗူဒီပကျောင်းဆောင် အ စည်း အ ဝေး ခန်း မ သို့ ပင့်ဆောင်၍ နိုင်ငံတော် သံဃာ့မဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများနှင့် တွေ့ဆုံမိတ်ဆက်ပေးသည်။

ယင်းတွေ့ဆုံမိတ်ဆက်ပွဲတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ပဲခူးမြို့မဆရာတော်ဘုရားကြီးအား ပြည်ပမှ ဘွဲ့တံဆိပ်တော်ခံဆရာတော်ကြီးများဖြစ်သည့် သီရိလင်္ကာနိုင်ငံမှဆရာတော် ဘဒ္ဒန္တရာဟုလာနှင့် ဆရာတော်ဘဒ္ဒန္တသိဂ္ဂဝ၊ ထိုင်းနိုင်ငံမှ ဆရာတော်ဘဒ္ဒန္တဓမ္မာနန္ဒနှင့် ဂျပန်နိုင်ငံမှ ဆရာတော်ဘဒ္ဒန္တဝေပုလ္လတို့က ဂါရဝပြုကြသည်။

ထို့နောက် သီရိလင်္ကာနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တရာဟုလာက ဆ ရာ တော် ကြီး များ အား မြန်မာနိုင်ငံ၏ သာသနာရေးဆောင်ရွက်မှု ကိစ္စရပ်များနှင့်ပတ်သက်၍ လျှောက်ထားရာ၌—

"မိမိသည် ၁၉၅၀ ပြည့်နှစ်မှ စတင်၍ ကမ္ဘာလှည့်ပြီး သာသနာပြုခဲ့ကြောင်း၊ နှစ်ပေါင်း ၄၀ အတွင်း လှည့်လည်ရာ၌ မြန်မာနိုင်ငံကဲ့သို့ ဘာသာရေး ကိုင်းရှိုင်းမှု၊ သာသနာရေး အားပေးမှုမျိုး မည်သည့်နိုင်ငံတွင်မှ မတွေ့ဖူးကြောင်း၊ သီ ရိ လင်္ကာ၌ မြန်မာနိုင်ငံ သံအမတ်ကြီးက ခြိမ့် ခြိမ့် သဲ ကြိုဆိုလိမ့်မည်ဟု လျှောက်ထားခဲ့ကြောင်း၊ ယင်းလျှောက်ထားချက်ကို ကိုယ်တိုင် မြင်တွေ့ ရသည့်အခါ မယုံကြည် နိုင်လောက်အောင် ပရိသတ်များ များပြား ခဲ့ကြောင်း၊ ယခုကဲ့သို့ ဘာသာရေး စိတ်ဓာတ်၊ သာသနာရေး စိတ်ဓာတ်များ ရှိကြသည်ကို တွေ့ရ၍ ကြည်နူး ဝမ်းမြောက် ပါကြောင်း၊ သာ သ နာ ရေး ကို အား ပေး ချီး မြှောက် ကြ သော ကြောင့် မြန် မာ ပြည်သူ ပြည်သား များအား ကျန်းမာ၍ ချမ်းသာပါစေဟု မိမိမေတ္တာပို့ပါကြောင်း"

"မြန်မာနိုင်ငံသည် သယံဇာတ ကြွယ်ဝမှု၊ ရေမြေသဘာဝ ကောင်းမွန်မှု တို့မှာ မည်သည့်နိုင်ငံနှင့်မျှ မတူကြောင်း၊ မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်က သာသနာရောင် ထွန်းပြောင်ခဲ့ကြောင်း၊ ကမ္ဘာကျော် ရွှေတိဂုံ စေတီတော်ကြီး ရှိပြီး မည်သည့် အချိန် ကြည့်ကြည့် ရွှေရောင် တဝင်းဝင်းနှင့် ကြည်ညိုဖွယ် ကောင်းလှကြောင်း၊ မိမိသည် လေယာဉ်ပေါ်မှ ရွှေ တိ ဂုံ စေတီတော်ကြီးကို ဖူးတွေ့ရကြောင်း၊ ပိဋကတ် တော်များကို ကျောက်ဖြူ ကျောက်ပြား ကြီးများ ပေါ်တွင် ထွင်းထုထားရှိသည်မှာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာ ပြုလုပ်နိုင်ခဲ့ကြောင်း "

“မြန်မာနိုင်ငံနှင့် သီရိလင်္ကာ နိုင်ငံတို့သည် ရှေးယခင်ကပင် ယဉ်ကျေးမှုအရ လည်းကောင်း၊ ဘာသာ သာသနာရေး အရ လည်းကောင်း အစဉ် မပြတ် ကူး လူး ဆက် ဆံ မှု ပြု လုပ် ခဲ့ ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် သွားရောက် ကြ၍ ဘာသာရေး ဆိုင်ရာ များကို လေ့ လာ မှု များ ပြုလုပ်ခဲ့ကြကြောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင်လည်း သီရိလင်္ကာနိုင်ငံမှ ဆရာတော်များ ကြွရောက် ချီးမြှင့်ခဲ့ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဘာသာ သာသနာရေး ကိစ္စများ အတူလက်တွဲဆောင်ရွက် သွားပါက ဗုဒ္ဓသာသနာ ထွန်းကား တောက်ပမည် ဖြစ်ကြောင်း၊”

“သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံချင်းဖြစ်၍ စဉ်ဆက်မပြတ် ယနေ့အထိ သာသနာထွန်းကားလျက်ရှိကြောင်း၊ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၊ သီရိလင်္ကာ၊ ထိုင်း၊ လာဩ၊ ကမ္ဘောဒီးယား နိုင်ငံဟူ၍ ရှိကြောင်း၊ မိမိတို့သည် ဘာသာရေး၊ သာသနာရေးကို စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထေရဝါဒဗုဒ္ဓ သာသနာသည် ယခုအခါ မြန်မာနိုင်ငံ၌ စည်ပင် ပြန့်ပွားလျက် ရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရက ဘာသာရေး၊ သာသနာရေးကို အားပေးသည်ကိုတွေ့ရ၍ ဝမ်းသာမိကြောင်း၊သာသနာတော်ထွန်းကားပြီး လောဘ၊ ဒေါသ၊ မောဟ ချုပ်ငြိမ်းလျှင် ကမ္ဘာကြီး ငြိမ်းချမ်း သာယာမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ယခုအခါ ပိဋကတ်သုံးပုံမူရင်းအတိုင်း ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း”

“နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး ယခုအခါ သက်တော် ၉၄ နှစ် ရှိပြီးဖြစ်ရာ အသက် ရာကျော် အထိ ရှည်ပြီး ဘာသာရေး၊ သာသနာရေးကို ဆက်လက် ဆောင်ရွက်နိုင်ပါစေဟု မိမိ ဆုမွန်ကောင်းများ တောင်းပါကြောင်း” လျှောက်ထားပါသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆ ရာ တော် ဘုရားကြီး ကလည်း “မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော် ထွန်းကားနေကြောင်း၊ နိုင်ငံတော် အစိုးရကလည်း သာသနာ ထွန်းကားရေးအတွက် အားပေးချီးမြှင့် နေကြောင်း၊ ထေရဝါဒ ဗုဒ္ဓဘာသာကို နှစ်နိုင်ငံအကျိုးတူ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ထေရဝါဒ နိုင်ငံအချင်းချင်း ဆက်သွယ်ရန် ယခင်က အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ ယခုအခါ အစိုးရ၏ အားပေးမှုကြောင့် အောင်မြင်ခဲ့သည် ဖြစ်၍ လွန်စွာဝမ်းမြောက်ကြောင်း၊ သီရိလင်္ကာ ဆရာတော် ဘုရားကြီး ယခုကဲ့သို့ ကျန်းမာစွာ မြန်မာနိုင်ငံသို့ ကြွရောက်လာသဖြင့် များစွာဂုဏ်ယူမိပါကြောင်း” စသည်ဖြင့် ပြန်လည်လျှောက်ထားသည်။

ဆရာတော်ကြီး နှစ်ပါး၏ လျှောက်ထားချက်များကို တက်ရောက် လာကြသူများက သာဓု အနုမောဒနာ သုံးကြိမ်ခေါ်ကြပြီး တွေ့ဆုံဂါရဝပြုပွဲ အစီအစဉ်ကို ရုပ်သိမ်း လိုက်သည်။ ထို့နောက် ပြည်ပမှ ဘွဲ့တံဆိပ်တော်ခံ ဆရာတော်ကြီးများက တက်ရောက်လာကြသည့် နိုင်ငံတော် အကြီးအကဲ များကို ရင်း နှီး စွာ နှုတ် ဆက် ကြပြီး သီတင်း သုံးတော် မူမည့် အလုံလမ်း မနော်ဟရီဝိဟာရ စံကျောင်းဆောင်သို့ ကြွရောက် သီတင်းသုံးတော် မူကြသည်။

နိုင်ငံတော် အစိုးရသည် ဆရာတော်ကြီးများ သီတင်းသုံးမည့် မနော်ဟရီ ဝိဟာရ စံကျောင်းတော်များကိုလည်း လိုလေသေး မရှိအောင် စီစဉ်ထားသည်။ နိုင်ငံခြားမှ ခေတ်မီ ဟိုတယ်ကြီးများကဲ့သို့ အဆင့်မီအောင် ပြင်ဆင်မွမ်းမံ ထားသည်။ ဆရာတော်ကြီးများ သီတင်း သုံးခိုက်တွင် မိမိ ကျောင်းမှာပင် သီတင်း သုံးရ သကဲ့သို့ရှိအောင် ဘုရား ခန်းများ ကိုလည်း ဖွင့်ထား ပေးသည်။ ယင်းဘုရားခန်းများထဲတွင် အဆင့်မြင့် တံကဲပလ္လင်များ ထားရှိပြီး ဆင်းတုတော်များ ပင့်ဆောင်ထားပေးသည်။ ဆရာတော်ကြီးများသည် မြန်မာနိုင်ငံတွင် ခေတ္တ သီတင်းသုံး နေထိုင်တော်မူစဉ်အတွင်း ထိုဝိဟာရကျောင်းဆောင်များတွင် နှလုံးစိတ်ဝမ်းချမ်းမြေ့စွာ သီတင်းသုံး သွားတော်မူကြပါသည်။

# ၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ ဆွမ်းကပ်လှူဒါန်းမှုနှင့် ဆွမ်းဆန်စိမ်း လောင်းပွဲ ရေစက်သွန်းချ အမျှဝေအခမ်းအနား

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံဖွား တိုင်းရင်းသားတို့သည် အလှူရေစက် လက်နှင့် မကွာ လှူဒါန်းလေ့ရှိကြသည်။

ဗုဒ္ဓဘာသာတိုင်းလိုလိုပင်-ပါရမီ ၁၀ ပါးကို ဖြည့်ကျင့်တတ်ကြသည်။ ယင်းသို့ ဖြည့်ဆည်း ကျင့်ကြံသော ပါရမီအနက် ဒါနပါရမီကိုမူကား စွဲစွဲ မြဲမြဲ ဆောင်ရွက်တတ်စမြဲဖြစ်ပေသည်။

မြန်မာနိုင်ငံတိုင်းရင်းသားတို့သည် အလှူအတန်း၌ ရက်ရောတတ်ကြသည်။ ရဟန်းသံဃာတော် ကဲ့သို့သော မြင့်မြတ်သော အလှူခံများအတွက်မူ ပြောဖွယ်ရာပင်မရှိတော့။

ကျွန်တော်တို့ ဗုဒ္ဓဘာသာများသည် ပြုပြီးသောဒါန၊ သီလ၊ ဘာဝနာတို့အတွက် ရေစက်သွန်း ချ အမျှဝေကြစမြဲဖြစ်သည်။ မိမိပြုခဲ့သော ကုသိုလ် အဖို့ဘာဂကို အမျှပေးဝေ သကဲ့သို့ သူတစ်ထူး သူတစ်ဦးတို့ ပြုလုပ်သော ကောင်းမှုကုသိုလ်တို့အတွက် အမျှပေးဝေခြင်းအပေါ် သာဓု ခေါ်နေကြ ခြင်းလည်း ဖြစ်ပါသည်။

ဤသည်မှာ ကိုယ်ပြုသော ကုသိုလ်၏ အဖို့ဘာဂကို အခြားသူများရပါစေ။ ထို့အတူ အခြား သူများပြုရသော ကုသိုလ်အဖို့ဘာဂကိုလည်း ကောင်းလေစွဟု သာဓု အနုမောဒနာ ပြုခြင်းပင် ဖြစ် ပါသည်။

ဤသဘောတရားအရ လှူကြတန်းကြပြီးတိုင်းတွင် ရေစက်သွန်းချသည်။ အမျှပေးဝေကြသည် မှာကား ဗုဒ္ဓဘာသာဝင်တိုင်း၏ ဓလေ့ထုံးစံပင်ဖြစ်ပါသည်။

လှူပြီးသည်၏ တစ်ခဏမှာပင် ရေစက် သွန်းချ အမျှပေးဝေရသည်ဖြစ်ရကားအလှူနှင့် ရေစက် သည် ထက်ကြပ်မကွာ ဒွန်တွဲလျက်ရှိသည်။

သို့ဖြစ်၍လည်း မြန်မာမှုနယ်ပယ်တွင် အလှူရေစက် လက်နှင့်မကွာ ဟု သုံးစွဲနေကြခြင်းပင် ဖြစ်သည်။

ကျွန်တော်သည် ၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ၂၇-၂-၉၁ ရက်နေ့ နံနက် ၇ နာရီ တွင် ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းတော်၌ပြုလုပ်သော တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးနှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော် မူလာ ကြကုန်သော ဆရာတော် သံဃာတော် ၄၄၃ ပါးတို့အား ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူခြင်းအတွက် ရေစက်သွန်းချ အမျှပေးဝေသည့်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု **တည်ဆောက်ရေးအဖွဲ့** ဥက္ကဋ္ဌ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပရေး ဗဟိုအဖွဲ့နာယက တိုင်းမှူး၊ ဗိုလ်ချုပ် မျိုးညွန့်နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စုနှင့် မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပရေး ဗဟိုအဖွဲ့၊ အခမ်းအနား ပြင်ဆင်ရေးနှင့် နေရာချထားရေးအဖွဲ့၊ လှူဖွယ်ဝတ္ထုသိမ်းဆည်းရေးအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ လှူဖွယ်ပစ္စည်း စုဆောင်းလက်ခံရေးနှင့် လှူဒါန်းမှုစီစဉ်ရေးအဖွဲ့၊ မှတ်တမ်းနှင့် ပြန်ကြားရေးအဖွဲ့၊ သယ်ယူပို့ဆောင်ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့နှင့် လုံခြုံရေးအဖွဲ့ စသည့် အထောက်အကူပြုအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ သာသနာရေးဦးစီးဌာနမှတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဘာသာရေး အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် စေတနာရှင် ပြည်သူများ တက်ရောက်ကြသည်။

တိုင်းသာသနာရေး ဦးစီးဌာနမှူး ဦးတင်အောင်က အဆိုပါအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပရေး ဗဟိုအဖွဲ့ နာယက၊ ရန်ကုန်တိုင်း **စစ်ဌာနချုပ်** တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်က လျှောက်ထားရာတွင်—

" တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်း အဝေးပွဲကြီးနှင့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော သာသနာ့ဦးသျှောင် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားရှင်တိုင်းသည် ကဆုန်လပြည့်နေ့၌ ဗုဒ္ဓဖြစ်တော်မူကြပြီး၊ တပေါင်းလပြည့်နေ့၌ ဩဝါဒပါတိမောက် တရားတော်ကို အမြဲဟောကြားတော်မူကြောင်း မှတ်သားပါသည်ဘုရား။

ဤထူးမြတ်သော တပေါင်းလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့တွင် ကျေးဇူးရှင်သက်တော်ရှည် သာသနာ့ဦးသျှောင် ဆရာတော်ကြီးများအား စုံစုံညီညီ ဖူးမြော်ခွင့်၊ ကြည်ညိုခွင့်ရရှိသဖြင့် လွန်စွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါကြောင်းကို ရှေးဦးစွာ လျှောက်ထားပါသည်ဘုရား " X X X အစချီကာ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပရခြင်းနှင့် ဆောင်ရွက်ခဲ့ပုံအဖုံဖုံတို့ကို ဆရာတော် သံဃာတော်များအား လျှောက်ထားခဲ့ပေသည်။

**ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည်** ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၏မေတ္တာရပ်ခံချက်အရ၊ တတိယအကြိမ်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဒုတိယအစည်းအဝေးပွဲကြီးနှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ အခမ်းအနားကြီးအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကိုခြိမ့်ခြိမ့်သဲမျှ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက်စီမံချက်များရေးဆွဲခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေးနာယကအဖွဲ့၊ ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ရန်ကုန်တိုင်းအတွင်းရှိ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စုနှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများကို ဖိတ်ကြား၍အဆိုပါအခမ်းအနားကြီးပြီးစီးအောင်မြင်ရေးအတွက် နိုးဆော်ခြင်း၊ ဆွေးနွေးခြင်း၊ စီစဉ်ခြင်းများကိုလည်း တက်ကြွစွာ ဆောင်ရွက်ခဲ့ကြသည်။

၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၇-၂-၉၁) ရက်နေ့တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆၄ ပါး၊ နိုင်ငံတော်သြဝါဒစရိယဆရာတော်ကြီး ၁၀၃ ပါး၊ နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီး ၃၅ ပါး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီး ၂၃၆ ပါး၊ စုစုပေါင်းဆရာတော်ကြီး ၄၃၃ ပါးတို့အားရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏နိုးဆော်မှုဖြင့် စေတနာရှင်၊ သဒ္ဓါရှင်၊ ပါရမီရှင်ပြည်သူများ၏လှူဒါန်းအပ်သောဒါတဗ္ဗဝတ္ထုအစုစုတို့ကိုဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။

ဆွမ်းကွမ်းဆေးမှအစ ဝေယျာဝစ္စများကိုလုပ်ကျွေးပြုစုခဲ့ကြသည်။ ကောင်းမှုကုသိုလ်ထူးများအတွက် ကိုယ်နှုတ်နှလုံး သုံးပါးစလုံးဖြင့် ရိုသေကြိုးကုတ်အားထုတ်ဆောင်ရွက်ခဲ့ကြသည်။

ထိုထိုသောပူအပ်ဖွယ်ရာ ကောင်းမှုကုသိုလ်အဖြာဖြာကို ဆရာတော်ကြီးများအား အာရုံပြု၍ ဆည်ပူးဆောင်ရွက်ခဲ့ကြပေသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်ဒါယကာ ဒါယိကာမ အပေါင်းတို့က ထိုသို့အာရုံပြုဆည်းပူးဆောင်ရွက်ကြရခြင်းမှာ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရောက်ရပါစေခြင်းအလို့ငှာ အထောက်အပံ့ ဖြစ်စေရန် အတွက် ရည်ရွယ်၍ ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြခြင်းပင်ဖြစ်ပေသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် "ပူဇာစပူဇနေယျာနံ" ဟူသောမင်္ဂလာတရားတော်နှင့်အညီ ပူဇော်ထိုက်သူကို ပူဇော်၊ ချီးမြှင့်ထိုက်သူကို ချီးမြှင့်လျက်ရှိရကား–

သုံးလောကထွတ်ထား သမ္ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ်သန့်ရှင်းစင်ကြယ်ရေး၊ အဓွန့်ရှည်စွာတည်တံ့ရေး၊ ပြန့်ပွားရေးအတွက် နေ့ညမလပ်ကြိုးပမ်းဆောင်ရွက်တော်မူကြသောဆရာတော်ကြီးများ၏ စာပေပရိယတ္တိတာဝန်ဆိုင်ရာဆောင်ရွက်ချက်များကို အလေးအမြတ်ပြု၍ မြတ်နိုးကော်ရော်ပူဇော်သောအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၃၅၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ရက် (၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်) လွတ်လပ်ရေးအောင်ပွဲနေ့တွင် သက်တော်ရှည်ဆရာတော်ကြီး ၅ ပါးတို့အား "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ပရိယတ္တိဝန်ဆောင် ဆရာတော်ကြီး ၆၃ ပါး တို့အား "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်းဆက်ကပ်လှူဒါန်းခဲ့သည်။ တစ်ဖန် ၁၃၅၂ ခုနှစ်၊ တပို့တွဲလဆန်း၉ရက် (၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက်) နေ့တွင်မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၁ ပါးနှင့် ထိုင်းနိုင်ငံမှ ဆရာတော်ကြီး ၁ ပါး တို့အား "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်များလှူဒါန်းခဲ့ပေသည်။

ယခုနှစ်တွင် ပြည်တွင်းမှ ဆရာတော်ကြီး ၅၄ ပါးနှင့် ပြည်ပမှဆရာတော် ၁၆ ပါး၊ စုစုပေါင်း

ဆရာတော်ကြီးအပါး ၇၀ တို့အား စေတနာသဒ္ဒါထက်သန်စွာဖြင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

"ပရိယတ္တိသာသနာ့တာဝန်ကိုကျေပွန်စွာသယ်ပိုး ဆောင်ရွက်တော်မူခဲ့ကြသည့်ဆရာတော်ကြီးများအားဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ဂုဏ်ပြုရခြင်းမှာ ပရိယတ္တိသာသနာတည်းဟူသောအခြေခံအုတ်မြစ်ကိုခိုင်ခံ့အောင်ပြုလုပ်ပေးခြင်းဖြစ်သည့်အပြင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်စေရန်အတွက်ကိုပါ အထောက်အကူပြုပေးနေခြင်းဖြစ်ပါသည်ဘုရား–"ဟူ၍အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီးဘုန်းမြင့်က လျှောက်ထားခဲ့သည့်အတိုင်းပင် ပရိယတ္တိသာသနာကိုအခြေခံခိုင်မာသည်ထက် ခိုင်မာအောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပေသည်။

ဤသို့ဖြင့် ၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့) နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ ကျင်းပသောအခမ်းအနားသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၂/၉၁)နှင့် (၁၁/၉၁)တို့အရ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့်အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အဆောင်အယောင်များဆက်ကပ်သည့်ပူဇော်ပွဲကြီးနှင့် တတိယအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကြီးသို့ အသီးသီးကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအားတပေါင်းလပြည့်နေ့အတွက် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့အတွက် အောင်မြင်ပြီးမြောက်သော သာဓုအနုမောဒနာပြု ရေစက်ချအခမ်းအနားဖြစ်ပေသည်။

တပေါင်းလပြည့်နေ့ကကျင်းပသော ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင် ရန်ကုန်တိုင်းအတွင်းမှ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများကတပေါင်းလပြည့်နေ့တစ်ရက်တာဆွမ်းကပ်လှူခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုလှူဒါန်းသောတန်ဖိုးငွေပမာဏမှာ ငွေကျပ်ငါးဆယ့်သုံးသိန်းကျော် (ကျပ် ၅၃၃၇၀၀၀)ဖြစ်ပေသည်။

ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်မျိုးညွန့်ကဆရာတော်များအား ဆက်လက်လျှောက်ထားရာတွင်–

"ယနေ့ပူဇော်လှူဒါန်းရသော အခမ်းအနားသည်လုပ်ငန်းပမာဏလွန်စွာများပြားလှပါသဖြင့် ဆွမ်းဆက်ကပ်လှူဒါန်းရာ၌ လည်းကောင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူကြရာ၌ လည်းကောင်း၊ ဝေယျာဝစ္စများဆောင်ရွက်ရာ၌လည်းကောင်းဘုရားတပည့်တော်နှင့်တကွ ဒါယကာဒါယိကာမများကပုထုဇဉ်တို့သဘာဝအရပြုထိုက်သောကိစ္စကိုမပြုလိုက်မိသောအပြစ် မပြုထိုက်သောကိစ္စကိုပြုလိုက်မိသောအပြစ်များအကယ်၍ပြုမိဖြစ်မိပါလျှင် ဆရာတော်အရှင်သူမြတ်တို့ကသနားသောအားဖြင့်အနာမယူခွင့်လွှတ်တော်မူကြပါရန် ရိုသေစွာတောင်းပန်လျှောက်ထားအပ်ပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် ဘုရားတပည့်တော်များ ဤသို့လှူဒါန်းရသောကုသိုလ်ကောင်းမှုများနှင့် စပ်လျဉ်း၍ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသော ကောင်းကျိုးတိုးပွားစေမည့် တရားဒေသနာတော်များကို ဟောကြားချီးမြှင့် ပေးတော်မူပါရန်နှင့် ဤသို့ပြုစုဆောင်ရွက်ရသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချပေးတော်မူပါရန် ရိုသေစွာခြေတော်စုံကို ဦးခိုက်၍လျှောက်ထားအပ်ပါသည်ဘုရား ”— ဟူ၍ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးလျှောက်ကြားသွားခဲ့ပါသည်။

ထို့နောက်တက်ရောက်လာကြသည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မြင်းခြံဆရာတော်ဘဒ္ဒန္တသောဘိတထံမှ ရှစ်ပါးသီလကိုခံယူဆောက်တည် ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

တစ်ဖန်အကျိုးတော်ဆောင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကအဘိဓဇမဟာရဋ္ဌဂုရုမင်းကွန်းဆရာ တော်ဘုရားကြီးဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသကအနုမောဒနာတရား ဟောကြားတော်မူပြီးနောက်ရေစက် သွန်းချအမျှပေးဝေခဲ့ကြသည်မှာ ဇမ္ဗူဒီပကျောင်းဆောင်မှဟိန်းထွက်လျက် စကြာဝဠာတိုက်တစ် သောင်းမှ ကြားကြားသမျှဝေနေယျသုခိတဒုက္ခိတ သတ္တဝါများအားလုံးရွှင်ပြုံးအားရ သာဓု ခေါ်နိုင်ကြမည်ဟု ကျွန်တော်ယုံကြည်မိခဲ့ပါတော့သတည်း။

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ
## ဗိုလ်ချုပ်မှူးကြီး စောမောင်

# ပြည်ပနိုင်ငံများမှ ဘွဲ့တံဆိပ်တော်အလှူခံယူမည့် ဆရာတော်ကြီးလေးပါးအား ဖူးမြော်ကန်တော့ခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် သည် နိုင်ငံခြားတိုင်းပြည်များမှ ဘွဲ့တံဆိပ်တော် အလှူခံယူရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော ထိုင်းနိုင်ငံ၊ လန်းပန်းမြို့၊ ဝပ်ထာ့မအိုးကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ၊ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မှ ဘဒ္ဒန္တရာဟုလာ၊ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ မကုဋာရာမကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသိဂ္ဂဝနှင့် ဂျပန်နိုင်ငံ၊ ကိတကျူရှုမြို့၊ မိုဂျီ ကမ္ဘာအေးစေတီကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဝေပုလ္လ တို့အား ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက် ၉ နာရီတွင် ဆရာတော်ကြီးများ သီတင်းသုံးနေထိုင်ရာ အလုံလမ်းရှိ မနော်ဟာရီစံကျောင်းတော်သို့ သွားရောက်ဖူးမြော်ကန်တော့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် မနော်ဟာရီစံကျောင်းတော်သို့ ရောက်ရှိလာရာတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ၊ အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ အတွင်းရေးမှူး(၁) ဗိုလ်ချုပ် ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဗိုလ်ချုပ် တင်ဦး၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်လှ၊ နိုင်ငံသမိုင်း ဖြစ်ရပ်မှန်များ ပြုစုရေးသားရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ညွန့်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံးမောင်တို့က ကြိုဆိုကြသည်။

### ဖူးမြော်ကန်တော့

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့်အဖွဲ့သည် ဆရာတော်ကြီးလေးပါးအား ဖူးမြော်ကန်တော့ကြပြီး ဗိုလ်ချုပ်မှူးကြီးစောမောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ယင်းနောက် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တရာဟုလာက မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ အပြန်အလှန်သာသနာရေးဆက်သွယ်မှုများ၊ နှစ်နိုင်ငံ သာသနာရေး ပူးပေါင်းဆောင်ရွက်ချက်များကို မိန့်ကြားတော်မူသည်။

## ဆက်ကပ်လှူဒါန်းပူဇော်

ထို့နောက် ဆရာတော်ကြီးလေးပါးက အောင်ဆုဂါထာများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ကာ နံနက် ၉ နာရီခွဲတွင် မနော်ဟရီ စံကျောင်းတော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

## ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးများ ရန်ကုန်မြို့တွင်းရှိ ဘုရားများကို လှည့်လည်ဖူးမြော်ကြည်ညို

## ရွှေတိဂုံစေတီတော်

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အလှူတော်ခံယူခဲ့ကြသော ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးလေးပါးသည် ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်သို့ ဆိုက်ရောက်လာရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ကနက္ကဒဏ်ထီးဖြူတော်များမိုးလျက် ပင့်ဆောင်လာကြစဉ် ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဆိုကြပြီး သာသနာ့အလံနှင့် အောင်သပြေပန်းများ ကိုင်ဆောင်ကာ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

ဆရာတော်ကြီးများ ချမ်းသာကြီးတန်ဆောင်းသို့ ရောက်ရှိတော်မူလာသောအခါ ဂေါပကအဖွဲ့ဝင် ဦးမောင်ထူးက ရွှေတိဂုံစေတီတော် တပေါင်းပွဲတော်ကျင်းပပုံနှင့် စေတီတော်ကြီး၏ဘက်စုံစီမံကိန်းလုပ်ငန်း သုံးရပ်အကြောင်းကို ရှင်းလင်းလျှောက်ထားပြီး ဆရာတော် ဘဒ္ဒန္တရာဟုလာက သမ္မောဒနီယစကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဆရာတော်ကြီးများအား ဓမ္မဒါနလက်ဆောင်ပစ္စည်းများ ဆက်ကပ်ကြသည်။

## ပူဇော်ကြည်ညို

ထို့နောက် ဆရာတော်ကြီးများသည် ရွှေတိဂုံစေတီတော်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ကြည်ညိုကာ ဗုဒ္ဓဝင်ပြတိုက်ကို ဝင်ရောက်ကြည့်ရှုလေ့လာသည်။

## မဟာဝိဇယစေတီတော်

ဆရာတော်ကြီးများသည် ရွှေတိဂုံစေတီတော်မှ မဟာဝိဇယစေတီတော်သို့ ဆက်လက်သွားရောက်ကြရာ ဂေါပကအဖွဲ့ဝင် မြို့တော်ဝန် ဦးကိုလေး၊ ရန်ကုန်မြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် ဒုတိယ ဗိုလ်မှူးကြီး လှမိုးတို့က ကြိုဆိုပင့်ဆောင်ကြပြီး မြန်မာနိုင်ငံသို့ သာသနာရောက်ရှိလာပုံ အကြောင်းအရာများနှင့် ပတ်သက်သည့် စေတီတော်လိုဏ်ပတ်လမ်းအတွင်းရှိ ပန်းချီ၊ ပန်းပုများကို လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် မဟာဝိဇယစေတီတော်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်ကြည်ညိုပြီး မော်တော်ယာဉ်များဖြင့် ဗိုလ်တထောင်စေတီတော်သို့ ဆက်လက် သွားရောက်ကြသည်။

## ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်မုခ်ဦးမှ ဂေါပကအဖွဲ့ဝင်များက ကြိုဆို ကြပြီး နန်းဦးဘုရားကြီးတန်ဆောင်းတွင် ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြပြီး ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထိုနောက် စေတီတော် ကြီး၏ သမိုင်းကြောင်းနှင့် ဘက်စုံမွမ်းမံပြင်ဆင်တည်ဆောက်ရေး လုပ်ငန်းများကို ဂေါပကအဖွဲ့ဝင် ဦးအောင်ဆုက ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများအား မြတ်ဆံတော်ပုံနှင့် စေတီတော် သမိုင်းကြောင်း စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ဆရာတော်ကြီးများသည် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုကြပြီး မနော်ဟရီဝိဟာရသို့ ပြန်လည်ကြွချီတော်မူကြသည်။

## မဟာထေရပူဇော်ပွဲ

ပြည်ပဆရာတော်ကြီးများသည် မွန်းလွဲ ၁ နာရီတွင် ကမ္ဘာအေးကုန်းမြေ ဓမ္မသာလာ ဆွမ်းစား ဆောင်၌ ကျင်းပသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ပြည်တွင်း ပြည်ပမှ အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး များအား ပိဋကတ်သုံးပုံ ကျမ်းစာအုပ်များနှင့် သက်နိုးအစရှိသည့် လှူဖွယ်ပစ္စည်းများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ကိုယ်တော်တိုင် ဆက်ကပ်လှူဒါန်းသည့် မဟာထေရ ပူဇော်ပွဲ အလှူတော်အခမ်းအနားသို့ တက်ရောက်သည်။ ထိုနောက် ကမ္ဘာအေးစေတီတော်သို့ သွားရောက်ကြည်ညိုကြသည်။

## ပြတိုက်လေ့လာ

ဆရာတော်ကြီးများသည် သာသနာရေးဦးစီးဌာန၏ ပိဋကတ်တိုက်နှင့် ပြတိုက်တို့ကို သွားရောက် ကြည့်ရှုလေ့လာကြရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များကကြိုဆိုကြပြီး ပိဋကတ်တိုက်နှင့် ပြတိုက်အတွင်း လှည့်လည်ရှင်းလင်းပြသကြသည်။

## ဂါရဝပြု

ထိုနောက် ဆရာတော်ကြီးများသည် ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘိတနှင့် အကျိုးတော်ဆောင်ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော် ဘုရားကြီးတို့ အမှူးပြုသော ဆရာတော်ကြီးများအား သွားရောက်ဂါရဝပြုသည်။

ဤသို့ဂါရဝပြုရာတွင် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏသိရိနှင့် ဒုတိယဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘိတတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သဘောထားများကို ရှင်းလင်းပြောကြားပြီး နိုင်ငံသမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ညွန့်က မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်ရှိထွန်းကားလာပုံနှင့် သံဃနာယကအဖွဲ့များ ဖွဲ့စည်းပုံကို ရှင်းလင်းလျှောက်ထားသည်။

## နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်

ပြည်ပဆရာတော်ကြီးများသည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်သို့ သွားရောက်ကြရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဒုတိယ နာယကချုပ်ဆရာတော်နှင့် သံဃာတော်များက ကြိုဆိုကြပြီး မဟာဌာနမုခ်ဦးဆောင်တွင် ပြည်ပဆရာတော်များအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် ညနေ ၄ နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေမှ မနော်ဟာရီစ်ကျောင်းသို့ ပြန်လည်ထွက်ခွာလာကြသည်။

## ပြည်ပနိုင်ငံများမှ ဘွဲ့ခံ ဆရာတော်ကြီးများအား ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်နှင့် အဖွဲ့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်သည် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်တင်လှ တို့နှင့်အတူ ပြည်ပနိုင်ငံများမှ ဘွဲ့ခံ ဆရာတော်ကြီးများ သီတင်းသုံး နေထိုင်ရာ ရန်ကုန်မြို့ အလုံလမ်းရှိ မနော်ဟာရီစ်ကျောင်းသို့ ၁၉၉၁ ခုနှစ်၊ မတ်လ ၆ ရက်နေ့ ညနေ ၃ နာရီတွင် သွားရောက် ဖူးမြော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## သြဝါဒကထာမြွက်ကြား

ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းရာတွင် ဂျပန်နိုင်ငံ ကိတကျူးရှူမြို့ မိုဂျီ ကမ္ဘာအေးစေတီ ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လက ငါးပါးသီလချီးမြှင့်၍ ထိုင်းနိုင်ငံ လန်းပန်းမြို့ ဝပ်ထာ့မအိုးကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒက ရေစက်ချတရားတော်ချီးမြှင့်သည်။ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဟုလာက မြန်မာပြည်သူ၊ ပြည်သားများ၏ စေတနာသဒ္ဓါတရားမှာ အံ့သြဖွယ်ရာကောင်းကြောင်း စသည်ဖြင့်သြဝါဒကထာ မြွက်ကြားတော်မူသည်။

## ဆက်ကပ်လှူဒါန်း

ဗိုလ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ တိုင်းမှူးဗိုလ်ချုပ်မျိုးညွန့်၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်တပ်မမှူး ဗိုလ်မှူးချုပ်တင်လှ နှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်အေး တို့က ဆရာတော်ကြီးများအား ကျောက်ဆင်းတုတော်တစ်ဆူစီနှင့် အဋ္ဌကထာဋီကာ ကျမ်းစာအုပ်များကို ဆက်ကပ် လှူဒါန်းကြသည်။ ဆရာတော်ကြီးများက ဆုတောင်းဂါထာတော်များ ရွတ်ဖတ် ချီးမြှင့်တော်မူကြသည်။

# ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနား

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၃၅၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ (၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်) နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂/၉၁)ဖြင့် လည်းကောင်း၊ ၁၃၅၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ (၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်) နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် (၁၁/၉၁) ဖြင့် လည်း ကောင်း အဘိဓဇ မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းပြည်ပမှ ဆရာတော်ကြီး ၇၀ ပါးတို့အား ဆက်ကပ်လှူဒါန်းကြောင်း ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်များနှင့်အညီ ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲကို ၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့် (၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်) ဗုဒ္ဓဟူးနေ့တွင် ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း၌ မွန်းတည့် ၁၂ နာရီတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကို ဝတ်ကျေတန်းကျေ အစဉ်အလာမျှသာ မပြုလုပ်ဘဲ၊ နိုင်ငံတော်အဆင့် ပီပြင်စေရန် လည်းကောင်း၊ သာသနာ ယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ဖြစ်စေရန်လည်းကောင်း ထူးထူးခြားခြားဖြစ်အောင် ဆောင်ရွက်ခဲ့သည်။

ယခုနှစ်ပြုလုပ်သော ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲသည် ဘွဲ့တံဆိပ်တော် ဆက်ကပ်ရာ သမိုင်းတစ်လျှောက်တွင် အထူးခြားဆုံးဟု ဆိုရမည်ဖြစ်ပါသည်။ ယခုနှစ်တွင် ပြည်တွင်းမှ ဆရာတော်ကြီးများသာမက ပြည်ပမှ ဆရာတော်ကြီးများပါ ဆက်ကပ်ခဲ့သည်။ ဘွဲ့တံဆိပ်တော် ဆက် ကပ် သည့် ဆရာတော်ကြီးပေါင်းမှာ ၇၀ ပါးရှိရာ ပြည်တွင်းမှ ၅၄ ပါးနှင့် ပြည်ပမှ ၁၆ ပါးဖြစ်သည်။ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲအပြီးတွင် ဆွမ်းဆန်စိမ်း လောင်း လှူ ပွဲ ကြီး ကို ပါ စေတနာ သဒ္ဓါထက်သန်စွာဖြင့် လောင်းလှူခဲ့သည်။

ဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့ရသည့် နိုင်ငံခြားမှ ဆရာတော်ကြီး ၁၆ ပါးထဲတွင် ထိုင်းနိုင်ငံမှ ၁၁ ပါး၊ သီရိလင်္ကာ နိုင်ငံမှ ၂ ပါး၊ နီပေါ နိုင်ငံမှ ၁ ပါး၊ ဂျပန် နိုင်ငံမှ ၁ ပါးနှင့် အင်္ဂလန်နိုင်ငံမှ ၁ ပါးတို့ ပါဝင်သည်။ ယင်း ၁၆ ပါးထဲတွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ခံ ဆရာတော်ကြီး ၁ ပါး ပါဝင်ရာ ထိုဆရာတော်ကြီးမှာ ထိုင်းနိုင်ငံမှဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာ ထွန်းကားသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံကွဲပြားမှု၊

လူမျိုးကွဲပြားမှုကို အဓိကမထားဘဲ ဗုဒ္ဓ၏သားတော်များအဖြစ် ခံယူကာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ပြည်ပမှ ဆရာတော်ကြီးများအား ယခင်က ဘွဲ့တံဆိပ်များ ဆက်ကပ်ခဲ့ဖူးသော်လည်း ပြတ်တောက်သွားခဲ့သဖြင့် ယခုနှစ်တွင် ပြန်လည်ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်က ပြည်ပမှ ဆရာတော်ကြီးများအား အမြင့်ဆုံးသော သာသနာ့ဘွဲ့ထူး၊ ဂုဏ်ထူးများ ဆက်ကပ်လှူဒါန်းခြင်းသည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ထူးခြားပြည့်ဝသော ဂုဏ်ကို ဆောင်လျက်ရှိနေပါသည်။ ဤသို့ဆက်ကပ်ခြင်းဖြင့် မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓ ဘာသာ သာသနာ စည်ပင်ပြန့်ပွားသော နိုင်ငံဖြစ်ကြောင်း ကမ္ဘာကသိရှိစေပါသည်။ ဘာသာရေးကို အကြောင်းပြုပြီး ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာ ထွန်းကားရာ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးပွားလာနိုင်ပါသည်။ နှစ်နိုင်ငံ ယဉ်ကျေးမှုများ အပြန်အလှန် ပေါင်းကူးနိုင်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ ကမ္ဘာ့သို့ပြန့်ပွားစေနိုင်ပါသည်။ ဗုဒ္ဓသာသနာ ကမ္ဘာ ပြန့်ပွားပါက လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားများ လျော့နည်းသွားနိုင်ပါသည်။ ယင်းသို့ လျော့နည်းသွားပါက ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်မှုကို အထောက်အကူ ပြုသွားနိုင်သည့် အကျိုးထူးတရားများ ရရှိနိုင်ပါသည်။

သို့ဖြစ်၍ ဤနှစ်တွင် ယခင်နှစ်များနှင့်မတူ တမူထူးခြားစွာဖြင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနားကို စည်းကားသိုက်မြိုက်စွာ ခြိမ့်ခြိမ့်သဲ ဆင်ယင် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ ဘွဲ့တံဆိပ်တော်ဆက်ကပ်မည့် မဟာပါသာဏလိုဏ်ဂူတော်ကြီးကိုလည်း မွမ်းမံ ပြင်ဆင်ထားရာ လိုဏ်ဂူတော်ကြီးအတွင်း ဝင်လိုက်သည်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်သည့် အခမ်းအနား အခင်းအကျင်း များကို ကြည်ဖြူသဒ္ဓါပွားများဖွယ်ရာ တွေ့ရပါသည်။ ဘွဲ့တံဆိပ်တော်ခံ ဆရာတော်ကြီး များ ထိုင်မည့် သံဃာစင်အထက်တွင် အစိမ်းရောင် ကတ္တီပါနဖူးစီး ကားချပ်ကြီးကို ချိတ်ဆွဲထားပါသည်။ ထိုအစိမ်းရောင် ကတ္တီပါ ကားချပ်ပေါ်တွင် "အဘိဓဇ မဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနား" စာတန်းကို အဖြူရောင် စာလုံးကြီးများဖြင့် လည်းကောင်း၊ ယင်းစာတန်း အောက်ရှိ သာသနာ ၂၅၃၄ စာတန်းနှင့် "ကောဇာ ၁၃၅၂" သက္ကရာဇ် စာတန်းကို အဖြူရောင် စာလုံးသေးဖြင့်လည်းကောင်း ရေးထိုးထားသည်။ ထိုသက္ကရာဇ် စာတန်းနှစ်ခုကြားတွင်မှ အပြာရောင် စက်ဝိုင်းဖောက်ထားသည်။ ယင်းစက်ဝိုင်းထဲတွင် အဖြူရောင် ကြာငါးခိုင်ပုံ ရေးဆွဲထားသည်။ ကြာငါးခိုင်၏ အဓိပ္ပာယ်မှာ ဘဒ္ဒ ဤကမ္ဘာတွင် ပွင့်တော်မူသည့် ဘုရားငါးဆူကို ရည်ညွှန်းပြီး သရုပ်ဖော် ရေးဆွဲထားခြင်းဖြစ်သည်။ ကြာငါးခိုင်တွင် လေးပွင့်မှာ အပွင့် ဖြစ်ပြီး တစ်ပွင့်မှာ အငုံဖြစ်သည်။ အပွင့်လေးပွင့် အဓိပ္ပာယ်မှာ ပွင့်တော်မူပြီး ဘုရားလေးဆူကို ရည်ညွှန်းပြီး အငုံမှာ နောင်ပွင့်တော်မူလာမည့် အရိမေတ္တေယျဘုရားကို ရည်ညွှန်းသရုပ်ဖော်ထားခြင်းဖြစ်သည်။

ထိုနဖူးစီးစာတန်း အထက်တွင်ရှိ ဘုရားစင်တွင် မီးရောင်စုံများဖြင့် ရောင်ခြည်တော် ကွန့်မြူးနေသည့် ဘုရားဆင်းတုတော်ကို ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရသည်။ ယင်းဘုရားစင် အောက်ရှိ

သံဃာစင်တွင် ဘွဲ့တံဆိပ်တော်ခံ ဆရာတော်ကြီးများ ထိုင်မည့် ထိုင်ခုံများကို ဝါစဉ်အလိုက် စီစဉ်ထားရာ ရှေ့ဆုံးတန်းတွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ခံ ဆရာတော်ကြီးများ ထိုင် မည့် ထိုင်ခုံကို ထိပ်ဆုံးမှ စီစဉ်ထားသည်။ ထို့နောက်မှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ခံ ဆရာတော်ကြီးများနှင့် နိုင်ငံတော် သြဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများထိုင်ရန် နေရာများ စီစဉ်ထားသည်။ ဆရာတော်ကြီးများထိုင်သည့် ထိုင်ခုံဘေးတွင် ဆက်ကပ်လှူဒါန်းမည့် လှူဖွယ်ပစ္စည်းများနှင့် ဘွဲ့တံဆိပ်တော် လက်မှတ်များကို အောင် တံ ခွန် အ လံ များ စိုက်ထူပြီး ချထားသည်။ အထူးသဖြင့် ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံမှ ဤအခမ်းအနားသို့ တက်ရောက်လာသော မဟာယနဗုဒ္ဓဘာသာ ဆရာတော်နှစ်ပါးကို ညာဘက်သံဃာစင်၌ ဖူးတွေ့ရသည်။

အခမ်းအနား အစီအစဉ်မစမီ နိုင်ငံတော် သြဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင် ငံ တော် ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများနှင့် ပြည်နယ်နှင့်တိုင်း ၁၄ ခုတို့မှ ဆရာတော်ကြီးများသည် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ကြိုတင်တက်ရောက်ကာ နေရာယူတော်မူကြသည်။ ထို့နောက် ဒါယကာ၊ ဒါယိကာမများက အမျိုးသားဝတ်စုံများ ဝတ်ဆင်၍ လိုဏ် ဂူ တော် ကြီး အတွင်း၌ ကြိုတင်နေရာယူကြသည်။ အဆိုပါဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဉက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ ဦးဆောင်သော နိုင်ငံတော် အကြီးအကဲများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သီလရှင်များ၊ ဖိတ်ကြား ထားသည့် ဧည့်သည်တော်များနှင့် စေတနာရှင် ကုသိုလ်ရှင်များ လိုဏ်ဂူခန်းမပြည့်မျှ တက်ရောက် ကြည်ညိုကြသည်။ ထိုအချိန်တွင် တက်ရောက်လာကြသည့် ဧည့်ပရိသတ်ကြီးအား လိုဏ်ဂူတော် အဝင်ဝရှိ နိုင်ငံတော် ဆိုင်းဝိုင်းအဖွဲ့က ဘုန်းတော်ဘွဲ့ကြိုး သီ ချင်းကြီးများဖြင့် သီဆိုဖျော်ဖြေဧည့်ခံသည်။

နံနက် ၁၁ နာရီ ၄၅ မိနစ် အချိန်တွင် အခမ်းအနားမှူး၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်က အခမ်းအနား အစီအစဉ်များကို အချိန်အခါရောက်၍ ကြေ ညာ သည်။ ယင်းသို့ကြေညာလိုက်သည်နှင့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီး ၅ ပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ၆၅ ပါးတို့အား တာဝန်ရှိသူများက မဂ်လာနတ်လမ်းမှ ပင့်ဆောင်လာကြသည်။ ယင်းသို့ပင့်ဆောင်ရာတွင် သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်က အောင်သပြေစိုက် ငွေဖလားကို ပိုက်၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းက ကွမ်း တောင် ကိုင် ဆောင် ၍ လည်းကောင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းအောင်က ပန်းကလပ်ကိုကိုင်၍လည်းကောင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ဦးက နိုင်ငံတော် သံဃာ့မဟာနာယက ဆိုင်းဘုတ်ကို ကိုင်ဆောင်၍လည်းကောင်း နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများအား ရှေ့ဆုံးမှ ပင့်ဆောင်လာသည်။

ထို့နောက်မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးညွန့်မောင်က အဘိဓဇ မဟာရဋ္ဌဂုရု ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရမည့် ဆရာတော်ကြီး ၅ ပါးကို ပင့်ဆောင်လာသည်။ ဆက်လက်ပြီး သုတေသနမှူး ဦးအောင်သိန်းညွန့်က အဂ္ဂမဟာပဏ္ဍိတ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရမည့် ဆရာတော်ကြီး ၆၅ ပါးတို့ကို ပင့်ဆောင်လာသည်။ ထိုစဉ် ဌာနစုမှူး ဦးဌေးအောင်က ပန်းမိုးရွာပြီး လိုက်ပါလာသည်။ နိုင်ငံတော်ဆိုင်းအဖွဲ့က ရောင်ခြည်တော်ဘွဲ့သီချင်းကြီးများကို ငြိမ့်ညောင်းသာယာစွာ တီးမှုတ်၍ ပူဇော်သည်။

ဆရာတော်ကြီးများ လှိုဏ်ဂူအဝင်ဝ ရောက်သည့်အခါ အခမ်းအနားမှူးက နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်ကြီးများ ဦးဆောင်လျက် ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူကြမည့်ဆရာတော်ကြီးများ ကြွရောက်တော်မူလာကြပါပြီဟု ကြေညာလိုက်ရာ ဧည့်ပရိသတ်ကြီးက ဆရာတော်ကြီးများ ကြွချီရာလာရာ နတ်လမ်း တစ်လျှောက်ဆီသို့ မျက်နှာမူကာ လက်အုပ်ချီပြီး ဖူးမြော်ကြသည်။ ဆရာတော်ကြီးများနတ်လမ်းတစ်လျှောက်အတိုင်းကြွချီလာတော်မူစဉ် ပရိသတ်ကြီးထဲမှ စေတနာရှင်အချို့က ခြုံပဝါများ ဖြန့်ခင်း၍လည်းကောင်း၊ အချို့က ပန်းများ၊ ပေါက်ပေါက်များ ကြဲပက်၍လည်းကောင်း၊ အချို့က အလှူငွေများ ဆက်ကပ်၍လည်းကောင်း ပူဇော်ကန်တော့ကြသည်။ ဆရာတော်ကြီးများအားလုံး သံဃာ့စင်ပေါ် တက်ရောက်နေရာယူပြီးသည့်အခါ နိုင်ငံတော်ဆိုင်းအဖွဲ့က တီးမှုတ်ပူဇော်ခြင်း အစီအစဉ်ကို ရပ်နားလိုက်သည်။

ထို့နောက် အခမ်းအနား အစီအစဉ်အရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယ ဗိုလ်မှူးကြီး သန်းညွန့်က အခမ်းအနားဖွင့် စာတမ်းကို ဖတ်ကြား၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပရိတ်သတ်များက နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မြင်းခြံကိုးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဆက်ကပ်လှူဒါန်းသည့်ဘွဲ့တံဆိပ်တော်ခံ ပြည်တွင်း ပြည်ပမှအဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ၅ ပါးနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ၆၅ ပါးတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက်ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထား အစီရင်ခံသည်။ ဝန်ကြီး၏ သာသနာရေးဆိုင်ရာ လျှောက်ထားချက်မှာ—

"ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်။ ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား"—

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ

ကျောင်းပရာ ဤမဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ကို အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများအား စုံညီစွာ ဖူးမြော်ကြည်ညိုခွင့် ရသည်အတွက် အတိုင်းမသိကြည်နူးဝမ်းမြောက်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

သုံးလောကထွတ်ထား သမ္ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ် သန့်ရှင်းစင်ကြယ်ရေး၊ အဓွန့်ရှည်စွာတည်တံ့ရေး၊ ပြန့်ပွားရေးအတွက် နှေးညမလပ်ကြိုးပမ်းဆောင်ရွက်တော်မူကြသော ဆရာတော်ကြီးများ၏ စာပေပရိယတ္တိတာဝန်ဆိုင်ရာ ဆောင်ရွက်ချက်များကို အလေးအမြတ်ပြု၍ မြတ်နိုးကော်ရော်ပူဇော်သောအားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၃၅၂ ခုနှစ်၊ မြာသိုလပြည့်ကျော် ၅ ရက် (၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်) လွတ်လပ်ရေးအောင်ပွဲနေ့တွင် သက်တော်ရှည် ဆရာတော်ကြီး ၅ ပါးတို့အား "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပရိယတ္တိဝန်ဆောင် ဆရာတော်ကြီး ၆၃ ပါးတို့အား "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်း ခဲ့ပါသည်ဘုရား။ တစ်ဖန် ၁၃၅၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်(၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်) နေ့တွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၁ ပါးနှင့် ထိုင်းနိုင်ငံမှ ဆရာတော်ကြီး ၁ ပါးတို့အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်ဘုရား။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အဆက်ဆက်လှူဒါန်းဆက်ကပ်ခဲ့သည့် ဘွဲ့တံဆိပ်တော်သမိုင်းတစ်လျှောက်တွင် ယခုနှစ်သည် မကြုံစဖူး အထူးခြားဆုံးဟု ဆိုရမည် ဖြစ်ပါသည်ဘုရား။ အကြောင်းမူ ယခုနှစ်တွင် ပြည်တွင်းမှ ဆရာတော်ကြီး ၅၄ ပါးနှင့် ပြည်ပမှ ဆရာတော်ကြီး ၁၆ ပါး စုစုပေါင်း ဆရာတော်ကြီးအပါး ၇၀ တို့အား စေတနာသဒ္ဓါထက်သန်စွာဖြင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်ဘုရား။

ယခုနှစ် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံရသည့် ဆရာတော်အရေအတွက်မှာ ယခင်နှစ်များနှင့်နှိုင်းစာလျှင် များသည်ဟု ဆိုကြမည်ဖြစ်သော်လည်း အမှန်စစ်စစ် ယင်းဘွဲ့တံဆိပ်တော်များနှင့် ထိုက်တန်သည့် ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံသော ဆရာတော် သံဃာတော်များမှာ အပါး ၅၀၀ ခန့်ရှိနေ၍ဘွဲ့တံဆိပ်တော်ဆက်ကပ်သည့် အရေအတွက်မှာ နည်းသေးသည်ဟု ဆိုရမည် ဖြစ်ပါသည်ဘုရား။ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပိုမိုများပြားလာလေလေ သာသနာတော်အတွက် ဂုဏ်ယူအားတက်ဖွယ်ကောင်းလေလေဖြစ်ပြီး ဒါယကာ ဒါယိကာမများမှာလည်း ဆရာတော်ကြီးများ၏ အဆုံးအမ ဩဝါဒကို နာခံရသဖြင့် ပိုမိုယဉ်ကျေးသိမ်မွေ့လာနိုင်မည် ဖြစ်ပါသည်ဘုရား။

ပရိယတ္တိသာသနာ့တာဝန်ကို ကျေပွန်စွာ သယ်ပိုးဆောင်ရွက်တော်မူခဲ့ကြသည့် ဆရာတော်ကြီးများအား ယခုကဲ့သို့ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း၍ ဂုဏ်ပြုပူဇော်ရခြင်းသည် ပရိယတ္တိသာသနာတော်တည်းဟူသော အခြေခံအုတ်မြစ်ကို ခိုင်ခံ့အောင် ပြုလုပ်ပေးခြင်းဖြစ်သည့်အပြင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်စေရန်လည်း အထောက်အကူပြုပေး နေခြင်းဖြစ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ဦးဆောင်ပြီး သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အချိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ညွှန်ကြားချက်များ၊ ဆုံးဖြတ်ချက်များကို လိုက်နာကြစေရန် အာဏာစက်ဖြင့် လိုအပ်သလို ထောက်ပံ့ကူညီဆောင်ရွက်ပေးနေသည်ကို ဆရာတော်ကြီးများ သိရှိတော် မူကြပြီး ဖြစ်ပါသည်ဘုရား။

ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား—

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဓမ္မစက်ဖြင့် ဦးဆောင်လမ်းညွှန်မှု နိုင်ငံတော်အစိုးရ၏ အာဏာစက်ဖြင့် ကူညီပံ့ပိုးမှုတို့ဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်မှုများ အချိန်အဟုန်မြင့်မားလာသည်နှင့်အမျှ ရဟန်းသာမဏေများနှင့် မလျော်သော အမှုကိစ္စများကို ကျူးလွန်ပြုလုပ်သည့် ရဟန်းသာမဏေအရေအတွက်လည်း တစ်နေ့တခြား နည်းပါးလာသည်ကို ကြားမြင်သိရှိရသည့်အပြင် ရဟန်းသာမဏေအားလုံး ကြည်ညိုဖွယ်ရာဂုဏ်ဆောင်သည့် လဇ္ဇီသူမွန် သီလဝန်ပုဂ္ဂိုလ်များ ဖြစ် လာ စေ ရန် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က သံဃာ့အဖွဲ့အစည်း အခြေခံလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲဆုံးမ နေတော်မူကြသည်ကို တွေ့ရှိရသဖြင့် အနာဂတ်သာသနာတော်အတွက် လွန်စွာအားတက်မိပါကြောင်း နိဂုံးချုပ်အားဖြင့် လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား''ဟု လျှောက်ထားသည်။

ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာနန္ဒ ပဏ္ဍိတာဘိဝံသမထေရ်မြတ်က ဩဝါဒကထာ ချီးမြှင့်ရန်ဖြစ်သော်လည်း ကျန်းမာရေးအခြေအနေအရ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ သန်လျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရိက ဆရာတော်ကြီး ကိုယ်စား ဩဝါဒ ကထာ ကို ဖတ်ကြား ချီးမြှင့်သည်။ ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာမှာ—

"ယနေ့ ၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ကြီးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နိုင်ငံ ၆ နိုင်ငံမှ ဆရာတော်ကြီး

များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသော ပူဇော်ပွဲနေ့ကြီး ဖြစ်ပါသည်။ ဤခမ်းနားကြီးကျယ်လှသော ဆက်ကပ်ပူဇော်ပွဲနေ့ကြီးတွင် ဆရာတော်အနေဖြင့် ဩဝါဒစကား ပြောကြားလိုသည်မှာ လူ့ပြည်လောက၌ သာသနာတော်တွင်းသား ရဟန်းတော်များနှင့် လူ့ဘောင်နေ ဒါယကာ ဒါယိကာမများဟု ၂ မျိုး ၂ စား ရှိနေကြပါသည်။ သာသနာတော်တွင်းသား ရဟန်းကောင်းများသည် ဗုဒ္ဓ၏ဝိနည်းဥပဒေ စည်းကမ်းအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ် နေထိုင်တော်မူကြပြီး ရဟန်းလေး ၊ ရဟန်းဆိုး၊ ရဟန်း ယုတ် များ သည် ဝိနည်း စည်းကမ်း ဥပဒေများကို မလိုက်နာဘဲ ဖောက်ဖျက်ကျူးလွန်လျက် နေထိုင်ကြပါသည်။ ထိုအခါ ဆိုင်ရာအဖွဲ့အစည်းများက ရဟန်း၊ လေး၊ ရဟန်းဆိုး၊ ရဟန်းယုတ်များကို ရဟန်းကောင်းများ ဖြစ်လာစေရန် ဥပဒေစည်းကမ်းချက်ဖြင့် နှိပ်ကွပ်ဆုံးမရာတွင် မသိမလိမ္မာသော ရဟန်းရှင်လူတို့က ဆိုဆုံးမသော ဆိုင်ရာအဖွဲ့အစည်းများကို မကောင်းမြင်၍ ပြစ်တင် ကဲ့ရဲ့ တတ် ကြ လေသည်။ ထိုမကောင်းမြင်ချက်ကို ဖော်ပြလတ္တံ့ပါဂါထာဖြင့် သိအပ်လေသည်—

ခေတ္တေ တိဏာနိ သောဓေန္တံ၊ ဗာလော ကုဇ္ဈတိ ကဿကော။

တထာ မလံ သကေရဋ္ဌေ သာသနဿ ဝိသောဓကံ

ဤဂါထာ၏ မြန်မာအဓိပ္ပာယ်မှာ အထင်လွဲမှား မသိငြားသော တောင်သူယောကျ်ား လယ်သမားသည် မိမိပိုင်လယ်အတွင်း၌ ပေါက်လျက်ရှိသော မြက်မှိုက်ပေါင်းပင်တို့ကို သုတ်သင် ရှင်းလင်းပေးသောသူကို ကြမ်းတမ်း စိတ်ဆိုး သူခိုးရိုးသကဲ့သို့ ထို့အတူ မသိမလိမ္မာကုန်သော နိုင်ငံသူ နိုင်ငံသားတို့က မိမိတို့နေထိုင်ရာ မြို့ရွာအတွင်း၌ သာသနာတော်၏ အညစ်အကြေး ရဟန်းလေး ရဟန်းဆိုးများကို သုတ်သင်ရှင်းလင်းပေးသော သာသနာပြုပုဂ္ဂိုလ်ကို သူ့ဘက် ငါ့ဘက် အမျက် ထွက်ကာ ငဲ့ရှာကြလေကုန်၏။

ထိုမကောင်းမြင်မှုတစ်ပါး အကောင်းမြင်ချက်ကို မိန့်ကြားရလျှင် လောကသဘာဝနှင့် မဆန့်ကျင်ဘဲ ဆင်ခြင်ဆုံးသပ်သော ပညာရှိပုဂ္ဂိုလ်များကမူ အပြစ်ရှိသူကို ယဉ်ကျေးလာအောင် နှိပ်ကွပ်ဆုံးမခြင်းသည် ဖြူစင်ကောင်းမြတ်သော အဖိုးအစုရှိသည်ဟု အပြစ်မမြင်တတ်ကြလေကုန်။ ထိုအကောင်းမြင်ချက်ကို သိမြင်သောပညာရှိများသည် မကောင်းမြင်သူတို့အပေါ်၌ ဖော်ပြလတ္တံ့ ပါဂါထာဖြင့် နှလုံးသွင်းတော်မူကြလေကုန်၏—

ပတ္တဋ္ဌာဝ ဇနာ ဘုမ္ပံ သဗ္ဗေ အသာရကမ္ပိနော။

ယထာဘူတံ ဝိပဿိနံ နိဗ္ဗိဒါရဟာရူပကာ။

ဤဂါထာ၏ မြန်မာအဓိပ္ပာယ်မှာ အနှစ်မရှိထင်မိထင်ရာပြု၍ နေကြကုန်သော အလုံးစုံသော ရဟန်းရှင်လူတို့သည် ဇမ္ဗူသောင်ခွင်မြေအပြင်၌ ပျံ့နှံ့ထင်ရှားများပြားကုန်သာလျှင် ဖြစ်ကြလေ၏။ ထိုအနှစ်ကင်းစင်မြေအပြင်၌ ပေါ်ထင်နှံ့ပြား လူအများတို့သည် လောကသဘောကို ဟုတ်တိုင်း

မှန်စွာ မြော်မြင်ပိုင်းခြား စဉ်းစားမိသူ ပညာရှိဟူသမျှတို့အား ငြိးငွေ့စက်ဆုပ်သော သဘောရှိကြလေကုန်၏။

အထက်ဖော်ပြ ဂါထာ ၂ ရပ်တို့ဖြင့် အပြစ်ရှိသူတို့အား စည်းကမ်းဥပဒေအရ တရားသဖြင့် ဆုံးမသောသူကို မသိမလိမ္မာသူတို့၏ မကောင်းမြင်ချက်နှင့် ပညာရှိသူတို့၏ အကောင်းမြင်ချက် ၂ မျိုးတို့ကို ရဟန်းရှင်လူအပေါင်းတို့က အကုသိုလ်တရား ထပ်မံ မဖြစ်ပွား စေရေး အတွက် ခွဲခွဲခြားခြားသိရှိကြရန် လိုအပ်ကြောင်း တိုက်တွန်းအပ်ပါသည်။ ထို့ကြောင့် နှိပ်ကွပ်ဆုံးမရမည့်သူကို နှိပ်ကွပ်ဆုံးမ၍ ချီးမြှောက်ရမည့်သူကို ချီးမြှောက်လျက် ဗုဒ္ဓသာသနာတော်ကြီး တိုးတက်စည် ကားဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်ကြ၍ နိဗ္ဗာန်တိုင်အောင် လျှောက်သွားနိုင်သောသူတော်ကောင်း ပုဂ္ဂိုလ်များ ဖြစ်ကြပါစေကုန်သတည်းဟု မိန့်ကြားတော်မူသည်။

ဆရာတော်ကြီး၏ ဩဝါဒကထာ ချီးမြှင့်မှုအပြီးတွင် ညှော်ပရိသတ်များက သာဓုအနုမောဒနာ သုံးကြိမ်ခေါ်ကြသည်။ ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ အရှင်မြတ်က ရေစက်ချတရား ချီးမြှင့်ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေ အမှူးပြုသော ပရိသတ်ကြီးက နာယူကြည်ညိုကြသည်။ ရေစက်ချတရားပွဲပြီးသည့်အခါ ဆရာတော်ကြီးနှင့် အတူ ပရိသတ်များက အမျှပေးဝေကြပြီး သာဓုအနုမောဒနာ သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ ပရိသတ်ကြီး၏ အမျှပေးဝေသံနှင့် သာဓုအနုမောဒနာပြုသံတို့သည် မဟာပါသာဏလိုဏ်ဂူတော်ကြီး တစ်ခုလုံးကို လွှမ်းခြုံပျံ့လွှင့် သွားပါတော့သတည်း။ ဤ အစီ အစဉ် များ ကို တစ်ပြည်လုံးရှိ ရဟန်းရှင်လူ ပြည်သူအများ ကြည့်ရှုကြည်ညိုသဒ္ဓါပွားများ နိုင်စေရန် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံတို့က ရုပ်သံလွှင့်အစီအစဉ်များကို တိုက်ရိုက်ထုတ်လွှင့်လာခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ၌ ကျွမ်းကျင် လိမ္မာတော်မူကြကုန်သော သာသနာ့ဦးသျှောင်သက်တော်ရှည် ဆရာတော်ကြီး ၅ ပါးတို့အား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဆက်ကပ်ရန်နှင့် ပရိယတ္တိ စာသင်တိုက်ကြီးများမှ စာသင်သား သံဃာတော်များကို ကြီးကြပ်အုပ်ချုပ်၍ စာပေပရိယတ္တိပို့ချနေတော်မူကြသော ဆရာတော်ကြီး ၆၅ ပါးတို့အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ပူဇော်ချီးမြှင့်ရန် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရွေးချယ်ခဲ့ပါသည်။

ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းမှုနှင့်ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားရာ အဂ္ဂမဟာပဏ္ဍိတဘွဲ့ဖြစ်ပါက အနည်းဆုံး သိက္ခာဝါ (၂၀) သက်တော် ၄၀ ရှိရသည်။ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ ဖြစ်ပါက အနည်းဆုံး သိက္ခာဝါ (၄၀) သက်တော် ၆၀ ရှိရသည်။ သတ်မှတ်ထားသော ပညာအရည်အချင်းနှင့် ညီပါက သိက္ခာဝါတော် သက်တော် ပြည့်ကျော်သည်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။ ဤသို့ ဝယဝဝုဒ္ဓိဂုဏ်ထက် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ကိုအလေးထား၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ အရေအတွက်လည်း တိုးတက်များပြားလာခဲ့သည်။

ထို့အပြင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား နှစ်စဉ်ချီးမြှင့်သည့် နဝကမ္မအလှူတော်ငွေကိုလည်း တိုးမြှင့်ထောက်ပံ့လှူဒါန်းခဲ့သည်။ ယခင်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား နဝကမ္မအလှူတော်ငွေ တစ်နှစ် ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်နှင့် ပျံလွန်တော်မူသောအခါ ဈာပနစရိတ် ကျပ် ၂၀၀၀ ထောက်ပံ့လှူဒါန်းခဲ့ရာမှ ယခုအခါ နှစ်စဉ်နဝကမ္မ အလှူတော်ငွေကျပ် ၅၀၀၀ နှင့် ဈာပနစရိတ်အလှူတော်ငွေ ကျပ် ၃၀၀၀ တိုးမြှင့်လှူဒါန်းခဲ့သည်။ ယခင်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား နှစ်စဉ် နဝကမ္မအလှူတော်ငွေ ကျပ် ၁၅၀၀ နှင့် ဈာပနစရိတ် ကျပ် ၃၀၀၀ ထောက်ပံ့လှူဒါန်းခဲ့ရာမှ ယခုနှစ်စဉ် နဝကမ္မအလှူတော် ကျပ် ၆၀၀၀ နှင့် ဈာပနစရိတ်အလှူတော်ငွေ ကျပ် ၅၀၀၀ အထိ တိုးမြှင့်လှူဒါန်းခဲ့ပါသည်။

ဤအချင်းအရာများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာတော်သုံးရပ် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် မည်သို့ကြိုးပမ်း ဆောင်ရွက်နေသည်များကို သိသာနိုင်ပါသည်။

# ၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

မြို့မှောင်ဝေကင်းသော တပေါင်းလ၏ သာယောင်သာယာ ဝန်းကျင်တွင် ကျွန်တော်သည် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပရာ သီရိမင်္ဂလာ ကမ္ဘာအေးစေတီသို့ ရောက်ရှိသွားခဲ့ပါသည်။

နွေဦးဂိမာန်ဖြစ်သည့်အလျောက် ရွက်သစ်လောင်း၍ ရွက်ဟောင်းကြွေလျက်ရှိသည့် သစ်ပင်တို့ကိုလည်းကောင်း၊ ဥယျာဉ်အတွင်းမှ အင်ကြင်း၊ သရဖီ၊ ပန်းစုံစီတို့၏ သိင်္ဂီဖျော်သွေး တို့သည်လည်းကောင်း၊ ဖူးတံဝေဝေဖြင့် မွှေးရနံ့ကြွယ်နေခြင်းတို့သည်လည်းကောင်း၊ ကြည့်ရှုတတ်သူများ အဖို့ အလှတရားများဖြစ်လေသည်။

ဟုတ်ပါသည်။ ရိုးတံကျဲကျဲဖြင့် နေပူထဲတွင် လောကဓံကိုမကြောက်မရွံ့ရဲဝံ့စွာရပ်တည်နေ သော သစ်ပင်များ၊ သစ်ပင်ထက်မှ ကြွေသက်လာ၍ အနိစ္စအမြဲမရှိခြင်း၏ သဘောကိုပြနေသော သစ်ရွက်ကြွေများ၊ ဖြစ်ခြင်းသဘောပြနေသည့် ဝေနေသော ဖူးတံများ။

ကမ္ဘာအေးစေတီတော်၏ ဝန်းကျင်တွင် ဇာတိ၏သရုပ်၊ ဇရာ၏သရုပ်၊ မရဏ၏သရုပ်တို့ကို တွေ့မြင်ရလေရာ တရားသံဝေ အောက်မေ့ ချောက ဖောက်ပြန်တတ်သော သဘောကို အထင်ကရတွေ့ မြင်ကြရမည်ဖြစ်ရာ သဘာဝအလှ၊ ဓမ္မအလှတို့ကိုရှုမြင်သုံးသပ်နိုင်ကြပါပေသည်။

> တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်း သာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူဆွသောင်ပြင် ငှက်ပေါင်းရှင်၍၊ သဘင်အညီ၊ သဲစေတီဟု၊ မြှောက်ချီရှင်ပ၊ လှူဒါန်းကြလျက်'' ဟူ၍ ဆိုသည်ရှာစား ဦးအောင်ကြီး စပ်ဆိုခဲ့သော တပေါင်းလ ဘွဲ့လူးတားကိုလည်းပြန်၍ အမှတ်ရမိသည်။

''တပေါင်းလသာ လတကာထက်နှိုင်းရာဖက်ရှောင် လများနောင်''ဆိုသောလူးတား၊ အတိုင်း တစ်ဆယ့်နှစ်လရာသီတွင် တပေါင်းလသည် အသာယာဆုံးဖြစ်သည်။

ကျွန်တော် သီရိမင်္ဂလာ ကမ္ဘာအေးစေတီသို့ ရောက်နေသည့် နေ့ရက်ကား ၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့(၂၇-၂-၁၉၉၁)ဖြစ်ပါသည်။

ဝန်ကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စုနှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ များ၊ ဘာသာရေးအသင်းအဖွဲ့များက ကမ္ဘာအေးစေတီတော်ကိုပတ်၍ ဇမ္ဗူဒီပ ကျောင်းဆောင် အဝင်ဝအထိမဏ္ဍပ်အခန်းပေါင်း ၃၃၇ ခန်းကိုဆောက်လုပ်ထားသည်မှာ စေတနာသုံးတန်ပြဋ္ဌာန်း လှသည့် ဗုဒ္ဓဘာသာဝင်တို့၏ စေတနာကိုတွေ့မြင်နေရခြင်းဖြစ်သည်။

ဤမျှကြီးကျယ်ခန်းနားသော ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ကျင်းပနိုင်ခြင်းမှာ—

ဗုဒ္ဓမြတ်စွာရှင်တော်ဘုရား၏ သာသနာတော် ညစ်ညမ်း မထင် စင်ကြယ် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၉၈၀ ပြည့်နှစ်၊ မေလ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့အထိလည်းကောင်း၊ ဒုတိယအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၉၈၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိလည်းကောင်း၊ တတိယအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၉၉၀ ပြည့်နှစ်၊ မတ်လ ၆ ရက်မှ ၇ ရက်နေ့အထိလည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင်ကျင်းပပြုလုပ်ခဲ့သည်။

ယင်းဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာတော်များထံမှ ဒေသအလိုက်၊ ဂိုဏ်းအလိုက် သံဃသမ္မုတိရ သံဃကိုယ်စားလှယ် ဆရာတော် ၁၂၀၀ ကျော်တက်ရောက်ကြပြီး သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် အဆုံးအဖြတ်ပြုခဲ့ကြသည်။

ယခုအခါ တတိယအကြိမ်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးကို ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်မှ ၂၅ ရက်နေ့အထိ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးကြီးသို့ နိုင်ငံတော်သြဝါဒစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ၃၇၄ ပါး တက်ရောက်ပြီး သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိစ္စအဝဝကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးအပြီး တစ်ဆက်တည်းမှာပင် ၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့(၂၇-၂-၁၉၉၁)ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၉၁ နှင့် ၁၁/၉၁ တို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်းခံရသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းပူဇော်သည့် အခမ်းအနားကြီးကိုပါ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆင်ယင်ကျင်းပခဲ့ပါသည်။

ထိုသို့ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားဆင်ယင်ကျင်းပပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ရှေ့ဆောင်၍ တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဒုတိယအစည်းအဝေးပွဲကြီးသို့ တက်ရောက်တော်မူကြသော ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးမှ နိုင်ငံတော် သြဝါဒစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ၄၄၃ ပါးတို့ ပါဝင်ကြွရောက်တော်မူကြပါသည်။

ဆရာတော်ကြီးများအား လုပ်သားပြည်သူများက စုပေါင်း၍ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၏ တောင်ဘက်မုခ်ဝမှစတင်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ကျင်းပကာ လှူဖွယ်ဝတ္ထုပစ္စည်းအစုစုဖြင့် လောင်းလှူကန်တော့ကြခြင်းဖြစ်သည်။

ထိုသို့ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်ရန်အတွက် တိုင်း-မြို့နယ်စု-မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းအတွင်းရှိဦးစီးဌာနများ၊ တိုင်းပညာရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့တို့ကို မိမိအင်အားအဖြစ် ဆောင်ရွက်စေခဲ့ပေသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့ကို ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မျိုးညွန့်၊ မြို့တော်ဝန် ဦးကိုလေး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့မောင်တို့ဖြင့်ဖွဲ့စည်းခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေး ဗဟိုအဖွဲ့ကိုရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဦးထွန်းတင်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးတင်အောင်က ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

အခမ်းအနား ပြင်ဆင်ရေးနှင့် နေရာချထားရေးအဖွဲ့ကို ရန်ကုန်မြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှမိုးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အတွင်းရေးမှူးအဖြစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံဌာနမှူး ဦးသန့်ဇင်က ဆောင်ရွက်ပြီး အဖွဲ့ဝင် ၄ ဦးပါရှိသည်။

လှူဖွယ်ဝတ္ထုပစ္စည်း သိမ်းဆည်းရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်း ပညာရေးမှူး ဒေါက်တာ ချစ်ရွှေက ဆောင်ရွက်ပြီး အတွင်းရေးမှူးအဖြစ် အခြေခံပညာဦးစီးဌာန၊ ဌာနခွဲမှူး (ငွေစာရင်း) ဦးတင်မောင်ကဆောင်ရွက်၍ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်း ကြက်ခြေနီတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်အောင်နှင့် မရမ်းကုန်း၊ ရန်ကင်း၊ လှိုင်၊ အင်းစိန်၊ ဗဟန်း၊ မြောက်ဥက္ကလာပနှင့် ကမာရွတ်မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများပါရှိသည်။

ဘဏ္ဍာရေးအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးတင်အောင်က ဆောင်ရွက်၍ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ရုံး အဖွဲ့မှူး ဦးအုန်းရွှေက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်၍ လက်ထောက်တိုင်း သာသနာရေးမှူးများဖြစ်ကြသည့် ဦးခင်မောင်သိန်းနှင့် ဦးဘုန်းမြင့်တို့က အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြသည်။

လှူဖွယ်ပစ္စည်း စုဆောင်းလက်ခံရေးနှင့် လှူဒါန်းမှုစီစဉ်ရေးအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် အင်းစိန်မြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မြဦးက ဆောင်ရွက်ပြီး၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်း သမဝါယမဦးစီးမှူး ဦးသောင်းရွှေက ဆောင်ရွက်ကာ အဖွဲ့ဝင် ၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

ပြန်ကြားရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် ရဲမှူးကြီးသိန်းလင်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အတွင်းရေးမှူးအဖြစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးမှူး ဦးတင်မောင်လတ်က ဆောင်ရွက်ပြီး အဖွဲ့ဝင် ၆ ဦး ပါရှိသည်။

သယ်ယူပို့ဆောင်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဦးဘုန်းကျော်က ဆောင်ရွက်ပြီး အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်း မော်တော်ယာဉ် လုပ်ငန်း ပေါင်း စုံ ထိန်း သိမ်း ရေး ကော် မ တီ အတွင်းရေးမှူး ဦးမြတ်လှက ဆောင်ရွက်ကာ အဖွဲ့ဝင် ၂ ဦး ပါရှိသည်။

ကျန်းမာရေးအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်နှင်းရီက ဆောင်ရွက်ပြီး အ တွင်း ရေး မှူး အ ဖြစ် မရမ်းကုန်းမြို့နယ် ဆရာဝန် ဒေါ်မာက ဆောင်ရွက်ပြီး အဖွဲ့ဝင် ၂ ဦး ပါရှိသည်။

လုံခြုံရေးအဖွဲ့ကို ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် ရဲမှူးကြီး သိန်းလင်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အတွင်းရေးမှူးအဖြစ် မရမ်းကုန်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းချစ်က ဆောင်ရွက်၍ မ ရမ်း ကုန်း မြို့ နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးဇော်ဝင်းက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ဖွဲ့စည်းထားပြီးဖြစ်သော အ ဖွဲ့ များ သည် မိမိတို့၏သတ်မှတ်ရာတာဝန်များကို "အမျိုး၊ ဘာသာ၊ သာသနာ" အတွက်ဟူသော ဦးတည်ချက်ဖြင့် ရှင်လန်းတက်ကြွစွာ ထမ်းဆောင်ခဲ့ကြသဖြင့်လည်း အ လွန် တ ရာ စည် ကား သိုက် မြိုက် သော ဆွမ်းဆန်စိမ်းလောင်းလှူဒါန်းပွဲကြီးကို အောင်မြင်စွာ ဆင်နွဲနိုင်ခဲ့ကြခြင်း ဖြစ်ပေသည်။

ဤသို့သောလုံ့လဝီရိယနှင့် စေတနာစွမ်းအားကြောင့်ပင်လျှင် ၁၃၅၂ ခုနှစ်၊ (၁၉၉၁ ခုနှစ်) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ်(၂/၉၁)နှင့်(၁၁/၉၁) ဖြင့် ဆက်ကပ်လှူဒါန်းခဲ့သော ပြည်တွင်းပြည်ပမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ နိုင်ငံတော်သြဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော်ကြီးများ စုစုပေါင်း ၄၄၃ ပါး တို့အား ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကြီးမှူး၍ စေတနာရှင်များ စုပေါင်းကာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၇-၂-၉၁)ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်း ပ မည့် ရန် ကုန် မြို့ ကမ္ဘာအေးကုန်းမြေရှိ ဆွမ်းဆန်စိမ်းလောင်းလှူရန် ဆောက်လုပ်ထားသည့် မဏ္ဍပ်များတွင် ယ မန် နေ့ နံနက်၊ နံနက်ပိုင်းမှစ၍ သဒ္ဓါကြည်လင်သည့် ပါရမီရှင်စေတနာရှင်များက လှူဖွယ်ဝတ္ထုအစုစုတို့ကို သဒ္ဓါတရားပွားများကြည်ညိုဖွယ်ရာ ခင်းကျင်းပြသထားသည်။

လှူဖွယ်ဝတ္ထုအစုစုကို ပုပ္ပ မုဠ္ဌ ပရ စေတနာသုံးတန်ဖြာ၍ စေတနာအရင်းခံ သဒ္ဓါမကျွင်းကျန်ရအောင် လာရောက်ကြည်ညိုကြသူများ၊ ပေါင်းလှူရန် ဝတ္ထုအစုစုကို လာရောက်ပို့ဆောင်ကြသူများဖြင့် အထူးစည်ကားနေသည်မှာလည်း သီရိမင်္ဂလာကမ္ဘာအေးစေတီကုန်းတော် တစ်ပြင်လုံးတွင် ဖွေးဖွေးလှုပ်လျက်ရှိသည်။

တို့ပြင် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ရန်ကုန်တိုင်းအတွင်းရှိသည့် မြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များနှင့် မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေးဗဟိုအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များမှ ပုဂ္ဂိုလ်များက ဆွမ်းဆန်စိမ်းလောင်းလှူရာ၌ စနစ်တကျရှိစေရန်အတွက် မမောမပန်းဘဲ လှည့်လည်ကြီးကြပ် ဆောင်ရွက်ပေးနေကြသည်ကိုလည်း တွေ့မြင်ရပေသည်။

မွန်းလွဲ(၁)နာရီအချိန်တွင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူကြသည့် ပဲခူးတိုင်း၊ ပြည်မြို့ ဗာရာဏသီကျောင်းတိုက်မှ သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၆၉) ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ ဆရာတော်ကြီးဦးဆောင်၍ ပြည်တွင်းပြည်ပမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများသည် ကနက္ကဒဏ်ထီးဖြူတော်မိုး၍ ဘွဲ့တံဆိပ်တော် အဆောင်အယောင်များဖြင့် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၏ အရှေ့ဘက်မုခ်ဝမှ စ၍ ကြွရောက်တော်မူကြပါသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒစရိယဆရာတော်ကြီးများ၊ တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မဆရာတော် ဘဒ္ဒန္တကုလန္ဒာစာရနှင့် အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အမှူးပြုသော သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများသည် အစီအစဉ်အတိုင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကြွရောက်၍အလှူခံတော်မူကြသည်ကိုလည်း ကြည်ညိုဖွယ်ရာ ဖူးတွေ့မြင်ခဲ့ရသည်။

ထိုကဲ့သို့ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများဦးဆောင်၍ နိုင်ငံတော်ဩဝါဒစရိယဆရာတော်ကြီးများ၊ တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူလာရာ၌ ရှေးဦးစွာ ဗဟိုမဏ္ဍပ်သို့ အရောက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပရေး ဗဟိုအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်နှင့် စေတနာရှင်ပြည်သူများက သပိတ်၊ သင်္ကန်း၊ ထီး၊ ဖိနပ် စသည့်လှူဖွယ်ဝတ္ထုအစုစုတို့ကို သဟတ္ထိကဒါနအဖြစ် ကိုယ်တိုင်ကိုယ်ကြပ် စတင်လောင်းလှူကြပါသည်။

ဗဟိုမဏ္ဍပ်တွင်ပင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တပ်မတော်တောက်လှမ်းရေးတို့က ပါဝင်လောင်းလှူကြပြီးသည့်နောက် ကုန်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ သမဝါယမ ဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်

ရေလုပ်ငန်းဝန်ကြီးဌာန အသီးသီးအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းများ၊ တပ်တော်(ရေ)၊ အမှတ်(၁၁)၊ အမှတ်(၂၂)၊ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်များ၊ တိုင်းပြည်သူ့ရဲတပ်ဖွဲ့၊ **မီးသတ်**ဦးစီးဌာန၊ မြန်မာ့လျှပ်စစ်လုပ်ငန်း၊ မြန်မာ့ရေနံဓာတုလုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့မီးရထား၊ တိုက်ကြီး၊ မှော်ဘီ၊ သုံးခွ၊ ခရမ်း၊ ကွမ်းခြံကုန်း၊ သံလျင်၊ ဆိပ်ကြီးခနောင်တို၊ လှည်းကူး၊ ဒေါပုံ၊ ရွှေပြည်သာ၊ အင်းစိန်၊ ဒဂုံ(မြောက်)၊ ဒဂုံ(တောင်)၊ ဗဟန်း၊ အလုံ၊ သာကေတ၊ ပုဇွန်တောင်၊ ကြည့်မြင်တိုင်မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များကလည်း ပါဝင်လှူဒါန်းလောင်းလှူကြသည်။

ထိုမျှသာမက သူကကာရီတံမြက်လှဲ အသင်း၊ ကစ်(စ်)ဗွီဒီယို၊ တိုင်းရင်းဆေးထုတ်လုပ်သူများ အသင်း၊ မြိတ်မိသားစုတို့ကလည်း စေတနာထက်သန်စွာဖြင့် ပါဝင်လောင်းလှူကြသည်။

ဆက်လက်၍ အလှူမဏ္ဍပ်နှင့် လောင်းလှူသူများကိုကြည့်ပြန်သော် မရမ်းကုန်း၊ သင်္ဃန်းကျွန်းတောင်ဥက္ကလာပ၊ ရန်ကင်း၊ လှိုင်၊ မြောက်ဥက္ကလာပ၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗိုလ်တထောင်၊ စမ်းချောင်း၊ လသာ၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ကမာရွတ်၊ ကျောက်တံတား၊ လမ်းမတော်၊ မင်္ဂလာဒုံနှင့် ဆိပ်ကမ်းမြို့နယ် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အဖွဲ့များကလည်း စေတနာသဒ္ဓါတိုးပြည့်၍ ကုသိုလ်ကျိုး ရှိစေရန် စေတနာဗလဝဖြင့် လာရောက်လှူဒါန်းကြပေသည်။

ထို့အပြင် ဦးစွန်နှင့် စေတနာရှင်များကလည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်၊ ရန်ကုန်တပ်နယ်၊ မှော်ဘီတပ်နယ်နှင့် အင်းတိုင်တပ်နယ်တို့မှ တပ်မတော်မိသားစုများကလည်း နိဗ္ဗာန်ဆုရည်၍ လာရောက်ပူဇော်ကြသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။

ဆရာတော်ကြီးများသည် မဏ္ဍပ်များ ရှိရာလမ်းကြောင်းအတိုင်း ကမ္ဘာအေးစေတီတော်ကို ပတ်၍ ကြွရောက်တော်မူလာရာ ဇမ္ဗူဒီပကျောင်းဆောင်အဝင်ဝအထိ ဆောက်လုပ်ထားသော မဏ္ဍပ် **အခန်းပေါင်း ၃၃၇ ခန်းမှ** စေတနာရှင်ပြည်သူများက ငွေကျပ် ၅၃ သိန်းကျော် ( ကျပ်ငါးဆယ့်**သုံးသိန်း** )တန်ဖိုးရှိ လှူဖွယ် ဝတ္ထုပစ္စည်း အစုစုတို့ကိုသဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူခဲ့ကြပေသည်။

ထိုစေတနာရှင် ပြည်သူများက သဒ္ဓါပေါက်လာ၍ လာရောက်လှူဒါန်းကြသည့် ဆွမ်းဆန်**စိမ်းနှင့်** အခြား လှူဖွယ်များကို လှူဖွယ်ဝတ္ထုပစ္စည်းသိမ်းဆည်းရေးအဖွဲ့က ကြီးကြပ်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များက **ဆရာတော်၊** သံဃာတော်တစ်ပါးလျှင် ပစ္စည်းများသိမ်းရန် လူပုဂ္ဂိုလ် ၅ ယောက်မှ ၇ ယောက်အထိ လိုက်ပါ၍ စနစ်တကျ သိမ်းဆည်းလက်ခံကာ ဆရာတော်ကြီးများ၏ ကျောင်းဆောင်အရောက် လိုက်

လံပို့ဆောင် ပေးကြသည်သာမက ထုပ်ပိုး၍ နံပါတ်တပ်ပြီးသည်အထိ ဆောင်ရွက်ပေးကြသည်မှာ လည်း သာဓုခေါ်စရာပင် ဖြစ်ပေသည်။

ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရား၏ တပည့်သား သံဃာတော်များသည် သုပ္ပဋိပန္န အစ ပုညခေတ္တလောကသာရတိ ဘဝဂ်ချုန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ်တို့အား ရန်ကုန်တိုင်းအတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် မြို့နယ်အသီးသီးရှိ စေတနာရှင် ပြည်သူတို့က ကြည်စွ သဒ္ဓါပြူစင်စွာဖြင့် စေတနာပြင်းပြ လှူဒါန်းကြသည်ကို တွေ့ရ မြင်ရ ကြားသိရသည်၏ အဆုံးတွင် နှလုံးပီတိဖုံး၍ ရွှင်ပြုံးစွာ သာဓုခေါ်လိုက်ရပါပေတော့သည်။

# ပုဂံဘုရားဖူးခရီး ကြွချီခြင်း

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပြည်ပဆရာတော်ကြီးလေးပါးသည် သာသနာရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာမှ တာဝန်ရှိသူများလိုက်ပါလျက် ၁၉၉၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက် ၇း၃၀ နာရီတွင် ရန်ကုန်မြို့မှ ပုဂံညောင်ဦးသို့ တပ်မတော်လေယာဉ်ဖြင့် ကြွချီတော်မူကြသည်။

ဆရာတော်ကြီးများလိုက်ပါသော လေယာဉ်သည် နံနက် ၈း၅၀ နာရီတွင် ညောင်ဦးလေဆိပ်သို့ရောက်ရှိလာရာ ဆရာတော်ကြီးများအား မကွေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဝေနှင့် ပုဂံညောင်ဦးမြို့နယ်မှ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် မြို့လူထုကလေဆိပ်တွင် ကြိုဆိုဖူးမြော်ပူဇော်ကြသည်။

ထို့နောက် ပြည်ပဆရာတော်ကြီးများအား အသင့်စောင့်ဆိုင်းနေကြသော မော်တော်ယာဉ်များဖြင့် ပင့်ဆောင်လာကြသည်။ အစီအစဉ်အရ ဆရာတော်ကြီးများ လိုက်ပါကြွချီလာသောမော်တော်ယာဉ်များသည် ဆရာတော်ကြီးများ ဖူးမြော်ကြည်ညိုနိုင်ရန်အလို့ငှာ ရွှေစည်းခုံဘုရားသို့ ဦးစွာ ဝင်ရောက်ရပ်နားကြသည်။ မော်တော်ယာဉ်များပေါ်မှ ဆင်းသက် ကြွချီလာကြသော ဆရာတော်ကြီးများအား ရွှေစည်းခုံဘုရားမုခ်ပတွင် ဂေါပကအဖွဲ့မှ ကြိုဆိုပူဇော်ကြပြီး ဘုရားရင်ပြင်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။ ဆရာတော်ကြီးများသည် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လက်ယာရစ်ဖူးမြော်ကြည်ညိုကြပြီးနောက် ပြန်လည်ကြွချီတော်မူကြသည်။ ဆရာတော်ကြီးများအား မော်တော်ယာဉ်များဖြင့် ဆက်လက်ပင့်ဆောင်လာရာ ဝက်ကြီးအင်းဂူပြောက် ဘုရားသို့ရောက်ရှိတော်မူကြသည်။ ဆရာတော်ကြီးများသည် အသင့်စောင့်ဆိုင်းနေကြသော ဂေါပကအဖွဲ့ဝင်များပင့်ဆောင်ရာသို့လိုက်ပါလျက် ဘုရားအတွင်း ဝင်ရောက်ဖူးမြော်ကြည်ညိုကြသည်။ ဆရာတော်ကြီးများသည် ဘုရားအတွင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုတော်မူကြပြီးနောက် ပြန်လည်ထွက်ခွာလာကြသည်။ ထို့နောက် ဆရာတော်ကြီးများ သီတင်းသုံးမည့် ပုဂံသီရိပစ္စယာဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပင့်ဆောင်လာရာ နံနက် ၁၀ နာရီခွဲတွင် သီရိပစ္စယာ ဟိုတယ်သို့ ရောက်ရှိကြသည်။

နံနက် ၁၁ နာရီတွင် ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်ကြသည်။ ဆွမ်းဘုဉ်းပေးပြီးနောက် ဆရာတော်ကြီးများသည် ဟိုတယ်ရှိတည်းခိုဆောင်များတွင် ခေတ္တသီတင်းသုံး နားနေတော်မူကြသည်။

မွန်းလွဲ ၂ နာရီတွင် ဆရာတော်ကြီးများအား မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ကာပုဂံမြေတစ်ဝိုက်လေ့လာရေးခရီးပို့ဆောင်ပေးကြသည်။

မော်တော်ယာဉ်များ ဖြတ်သန်းရာခရီးတစ်လျှောက်ဝယ် အညာမြေ၏ အထိမ်းအမှတ်ထနောင်းပင်များကို အစီအရီတွေ့မြင်ရသည်။ ကျယ်ပြောလှသည့် ပုဂံမြေပေါ်ဝယ် များပြားလှသည့်စေတီပုထိုးများက ထီးထီးမားမားရပ်တည်လျက်ရှိကြသည်။ ခပ်ဝေးဝေးဆီသို့ လှမ်းမျှော်ကြည့်လိုက်တိုင်း

ဘုရားပုထိုး စေတီအဆူဆူကို တွေ့မြင်နေရသည်။ ပုဂံမြေ၏ နေ့အလှမှာ ထိုထိုသောစေတီပုထိုးများကြောင့်ပို၍ပင် ကျက်သရေတင့်နေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၃၀၀ ခန့်ကတည်းက ရှေးမြန်မာမင်းအဆက်ဆက်တို့ တည်ထားရစ်ခဲ့သည့် ထိုစေတီပုထိုးများမှာ ထင်ရှားလှသည့်သမိုင်းမှတ်တိုင်များပင်ဖြစ်ချေသည်။ ရှေးမြန်မာဗိသုကာပညာရှင်တို့၏ ထူးခြားပြောင်မြောက်လှသည့်လက်ရာများစွာကိုလည်း အံ့ဘနန်းတွေ့မြင်ရသည်။ စင်စစ်ပုဂံမြေကား နှောင်းလူတို့အတွက် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ဂုဏ်ဆောင် ရှေးဟောင်းယဉ်ကျေးမှုဗိမာန်ကြီးတစ်ခုဖြစ်ပေသည်။

ဆရာတော်ကြီးများမှာ အညာနေ့၏ အပူရှိန်ထန်ပြင်းမှုကို အလျှင်းသတိပြုမိပုံမရ။ ဘုရားဖူးလိုသည့်သဒ္ဓါဟုန်ကြောင့် ရွှင်လန်းချမ်းမြေ့လျက် ရှိနေတော်မူကြသည်။

ဆရာတော်ကြီးများသည် ရှေးဦးစွာ ပုဂံမြို့ရှေးဟောင်းသမိုင်းပြတိုက်သို့ ဝင်ရောက်ကြည့်ရှုလေ့လာတော်မူကြသည်။ ဆရာတော်ကြီးများ စိတ်ဝင်စားစွာမေးမြန်းချက်များကို ပြတိုက်မှတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းလျှောက်ထားကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် ကန်တော့ပလ္လင်စေတီတော်သို့ ကြွရောက်ဖူးမြော်ကြည်ညိုကြသည်။ ဆရာတော်ကြီးများအား စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုပူဇော်ကြသည်။ ဆရာတော်ကြီးများသည် ကန်တော့ပလ္လင်စေတီတော်မှ ပြန်ကြွပြီးနောက် မဟာဗောဓိစေတီတော်သို့ ကြွရောက်ကြသည်။ မဟာဗောဓိစေတီတော်အား ဖူးမြော်ကြည်ညိုပြီးနောက် ဓမ္မရံကြီးဘုရားသို့ ဆက်လက်ကြွရောက်ကြသည်။ ဓမ္မရံကြီးဘုရားတွင် ဂေါပကအဖွဲ့ဝင်များက ဆရာတော်ကြီးများအား ကြိုဆိုပူဇော်ကာ ဖျော်ရည်များကပ်လှူကြပြီး ဘုရားအတွင်းပင့်ဆောင်ကာ လှည့်လည်ပြသကြသည်။ ဓမ္မရံကြီးဘုရားမှာ ပုဂံဘုရားများအနက် ထုထည်အကြီးမားဆုံးဖြစ်၍ "ထုမှာ ဓမ္မရံ" ဟု အဆိုရှိကြောင်းသိရသည်။ ထူးထဲလှသည့်အုတ်တံတိုင်းများ ဝန်းရံထားသည့် ထုထည်ကြီးမားလှသော ဓမ္မရံကြီးဘုရားအား ဖူးမြော်ရသဖြင့် ဆရာတော်ကြီးများမှာ ကြည်နူးဝမ်းမြောက်လျက်ရှိကြသည်။ ဆရာတော်ကြီးများသည် ဓမ္မရံကြီးဘုရားအား ပူဇော်ကန်တော့ကြပြီးနောက် စူဠာမုနိဘုရားသို့ ကြွရောက်တော်မူကြသည်။ စူဠာမုနိဘုရားအား လက်ယာရစ် လှည့်လည်ဖူးမြော်ကာ ပူဇော်ကန်တော့ကြပြီးနောက် ဆရာတော်ကြီးများသည် ကျန်စစ်သားမင်းကြီး တည်ထားခဲ့သည့် အာနန္ဒာဘုရားသို့ ကြွရောက်တော်မူကြသည်။

အာနန္ဒာဘုရားကို တည်ဆောက်ထားပုံမှာ ထူးခြားလှသည်။ ဘုရားအတွင်းရှိ မတ်ရပ်ရုပ်ပွားတော်ကြီးများ၊ အချိုးကျကျဖောက်လုပ်ထားသည့် အလင်းပေါက်များ၊ အံ့ဘနန်းသေသပ်လှပသည့် ဗိသုကာလက်ရာများနှင့် ရှေးပန်းချီပညာရှင်ကြီးများ၏ အနုပညာ လက်ရာမွန်များဖြစ်သည့် နံရံဆေးရေးပန်းချီများဖြင့် လေ့လာစရာ အနုအလှစုံလင်လှသည်။ ထို့ကြောင့်ပင် "အနုမှာ အာနန္ဒာ" ဟု ဆိုစမှတ်ပြုခဲ့ကြသည်။

ဆရာတော်ကြီးများအား အာနန္ဒာဘုရားအတွင်းသို့ကြွရောက်လာရာတွင် စောင်းတန်းတစ်ဖက်တစ်ချက်ရှိ ဈေးဆိုင်များမှ ဆိုင်ရှင်များမှာ ဖူးမြော်ကန်တော့ရင်း ကြည်ညိုသဒ္ဓါပွားကာ ယွန်းထည်ပစ္စည်းအချို့နှင့် လှူဖွယ်ဝတ္ထုများကို ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းကြသည်။

ဆရာတော်ကြီးများသည် အာနန္ဒာဘုရားအတွင်း လက်ယာရစ် လှည့်လည်ကြည်ညိုကာ ပူဇော်ကန်တော့ကြပြီးနောက် သဗ္ဗညုဘုရားသို့ ကြွရောက်တော်မူကြသည်။

သဗ္ဗညုဘုရားမှာ ပုဂံဘုရားများအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သဖြင့် "အမြင့်မှာ သဗ္ဗညု" ဟု ဆိုစမတ်ပြုခဲ့ကြသည်။ ထို့ကြောင့်ပင် သဗ္ဗညု၊ အာနန္ဒာနှင့် ဓမ္မရံကြီးဘုရားသုံးဆူစလုံးကို ဘုရားတစ်ဆူစီ၏ ထင်ရှားသည့်ဂုဏ်တော်အသီးသီးပါဝင်အောင် "အမြင့် သဗ္ဗညု၊အနု အာနန္ဒာ၊ထုမှာ ဓမ္မရံ" ဟု ဆိုသုံးပြုခဲ့ကြလေသည်။

ဆရာတော်ကြီးများသည် အသက်အရွယ် အိုမင်းရင့်ရော်နေကြပြီဖြစ်သော်လည်း တက်ကြွသည့်သဒ္ဓါ ဟုန်ကြောင့် သဗ္ဗညုဘုရား၏ အထက်ပစ္စယံသို့တိုင် ကြွရောက်၍ပူဇော်ကန်တော့ကြပြီးနောက် အဝေးရှိ ပုဂံဘုရားအပေါင်းကို လှမ်း၍ဖူးမြော်ကြည်ညိုကြသည်။ ဆရာတော်ကြီးများသည် နေဝင်ဆည်းဆာတွင် တွေ့မြင်ရသည့် ပုဂံမြေကို အမြင့်မှရှုစားရင်း ခေတ္တသီတင်းသုံးတော်မူကြပြီးနောက် ပြန်ကြွတော်မူကြသည်။

ထိုနောက် ဆရာတော်ကြီးများအား မော်တော်ယာဉ်များဖြင့် ပြန်လည်ပင့်ဆောင်လာရာ ပုဂံသီရိပစ္စယာဟိုတယ်သို့ ညနေ ၆ နာရီခွဲခန့်တွင် ပြန်လည်ရောက်ရှိတော်မူကြသည်။

ဆရာတော်ကြီးများသည် ထိုနေ့ညကို သီရိပစ္စယာဟိုတယ်၌ သီတင်းသုံးတော်မူကြသည်။

## မန္တလေးသို့ ကြွရောက်တော်မူခြင်း

နောက်တစ်နေ့(မတ်လ ၂ ရက်နေ့)နံနက် ၇ နာရီတွင် ဆရာတော်ကြီးများအား ညောင်ဦးလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ကြသည်။ ဆရာတော်ကြီးများသည် ညောင်ဦးလေဆိပ်သို့ ကြွရာခရီးတွင် ပုဂံ–ညောင်ဦးလမ်းဆုံရှိ ဆပဒ ဘုရားသို့ ခေတ္တဝင်ရောက် ဖူးမြော်ကြသည်။ ထို့နောက် ညောင်ဦးလေဆိပ်သို့ ပြန်လည်ကြွချီကြသည်။ ညောင်ဦး လေဆိပ်တွင် မကွေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဝေနှင့် တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် မြို့လူထုက ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ ဆရာတော်ကြီးများအား တပ်မတော်လေယာဉ်ဖြင့် ညောင်ဦးလေဆိပ်မှ ပင့်ဆောင်လာရာ မန္တလေး လေဆိပ်သို့ နံနက် ၈ နာရီ ၂၀ မိနစ်တွင်ရောက်ရှိတော်မူကြသည်။

လေယာဉ်ဆိုက်ရောက်သည်နှင့် မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ထွန်းကြည်က လေယာဉ်ပေါ်သို့တက်ရောက်၍ ဆရာတော်ကြီးများအား ကြိုဆို ပင့်ဆောင်သည်။

တိုင်းမှူးနှင့်တာဝန်ရှိသူများ ပင့်ဆောင်လာသော ဆရာတော်ကြီးများအား လေဆိပ်အဝင်ဝတွင် ကြီးကျယ်ခမ်းနားစွာ ဝင်းခင်းကြိုဆိုပူဇော်ကြသည်။ အသင့်ရောက်ရှိနေကြသော ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် မြို့သူမြို့သားများက ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြသည်။

ထို့နောက်ဆရာတော်ကြီးများအား ဗျူဟာမှူး ဗိုလ်မှူးကြီးစိုးမြင့် ဦးဆောင်သော ကြိုဆို ရေးအဖွဲ့က မန္တလေးနန်းမြို့တွင်းရှိ ညှော်ရိပ်သာသို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ကြသည်။

မန္တလေးချမ်းမြသာစည်လေဆိပ်မှ နန်းမြို့ညှော်ရိပ်သာသို့ ဆရာတော်ကြီးများ ကြွချီရာ လမ်းတစ်လျှောက်တွင် လမ်းဘေးတစ်ဖက်တစ်ချက်စီမှ တစ်ခဲနက်စောင့်စား ဖူးမြော်လျက်ရှိကြသော ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် မြို့ သူသုက အရိပ်အာဝါသကင်းမဲ့သည့် နေပူ ပူတွင် ဆရာတော်ကြီးများအား သဒ္ဓါသတ်ကျိုးလက်စုံမိုး၍ ပူဇော်ကန်တော့ကြသည်။ ကြည်ညို သဒ္ဓါပွား၍ အားမရ နိုင်ကြသူ များစွာတို့ကလည်း ဆရာတော်ကြီးများ လိုက်ပါလာသော မော်တော်ယာဉ်များအတွင်းသို့ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပူဇော်ကြရာ မော်တော် ယာဉ်များထဲတွင် ဝတ္ထုငွေများဖြင့် ပြည့်လျှံသွားတော့သည်။ ဆရာတော်ကြီးများသည် ယခုခရီး၌ အလှူငွေများကိုလက်ခံရန် ဆန္ဒမရှိသော်လည်း သဒ္ဓါပေါက်၍ လှူဒါန်း ပူဇော်ကြသည့် ဒါယ ကာ၊ ဒါယိကာမများ၏ ဒါနအကျိုးကို မျှော်ကိုး ထောက်ညှာသောအားဖြင့် လက်ခံတော်မူ ကြသည်။

ဆရာတော်ကြီးများ ကြွချီရာလမ်းတစ်လျှောက်ရှိ ရပ်ကွက်အသီးသီးတွင်လည်း လမ်းဆုံလမ်းခွ များ၌ မုခ်ဦးကြီးများ တည်ဆောက်ခင်းကျင်းထားလျက် ကြီးကျယ်ခမ်းနားစွာ ကြိုဆိုပူဇော် ကြသည်။ လမ်းတစ်လျှောက်ပူဇော်ကန်တော့ကြသူများနှင့် ဝတ္ထုလှူဒါန်းကြသူများ စည်ကားများ ပြားလွန်းလှသဖြင့် ဆရာတော်ကြီးများလိုက်ပါ ကြွချီလာသော မော်တော် ယာဉ်များသည် ဖြည်းလေးစွာ မောင်းနှင်နေရသည်။ လေဆိပ်မှ မင်္ဂလာတံတားဝရောက်သည်အထိ အချိန်နှစ်နာရီ နီးပါးကြာမြင့်ခဲ့ရသည်။ မင်္ဂလာတံတားဝတွင် မုခ်ဦးကြီးတည်ဆောက်ထားပြီး ဝင်းခင်းကြိုဆို ကြသည်။ ထို့နောက်ဆရာတော်ကြီးများအား ပင့်ဆောင်လာသော မော်တော်ယာဉ်များသည် နန်းမြို့တွင်းသို့ဝင်ရောက်လာရာ နန်းမြို့တပ်ရင်း တပ်ဖွဲ့အသီး သီးမှ မိသားစုများက လမ်းဘေး ဝဲယာမှပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ နန်းမြို့ညှော်ရိပ်သာသို့ ဝင်ရောက်လာရာ အခမ်း အနားဖြင့်ကြိုဆိုပူဇော်ကြပြီး တိုင်းမှူးနှင့်ဇနီးတို့က ဆရာတော်ကြီးများအား ညှော်ရိပ်သာအတွင်းသို့ ကြိုဆိုပင့်ဆောင်ကြသည်။

ဆရာတော်ကြီးများသည် ညှော်ရိပ်သာအတွင်း ခေတ္တသီတင်းသုံး နားနေတော်မူကြသည်။ ထို့နောက်နံနက် ၁၁ နာရီတွင် တိုင်းမှူးနှင့်ဇနီးတို့က ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ ဆွမ်းဘုဉ်းပေးပြီးနောက် ဆရာတော်ကြီးများသည် ခေတ္တသီတင်းသုံး နားနေ တော်မူကြသည်။

မွန်းလွဲ ၂ နာရီတွင် ဗျူဟာမှူးဗိုလ်မှူးကြီးစိုးမြင့် ဦးဆောင်သော အဖွဲ့က ဆရာတော် ကြီးများအား မော်တော်ယာဉ်များဖြင့် မြို့တွင်းဘုရားဖူးခရီး ပင့်ဆောင်ကြသည်။

ဆရာတော်ကြီးများသည် ရှေးဦးစွာ နန်းမြို့တွင်းရှိ ဆုတောင်းပြည့်ဘုရားသို့ ဝင်ရောက်ဖူး မြော်ကြည်ညိုကြသည်။ ထိုမှကျောက်တော်ကြီး ဘုရားသို့ ကြွရောက်တော်မူကြရာ ဂေါပကအဖွဲ့ ဝင်များကကြိုဆိုပူဇော်ကြပြီး ဘုရားအတွင်းသို့ ပင့်ဆောင်ကြသည်။ ဆရာတော်ကြီးများသည်

ကျောက်တော်ကြီးဘုရားကို ပူဇော်ကန်တော့ကြပြီးနောက် စန္ဒာမုနိဘုရားသို့ ကြွရောက်တော်မူကြသည်။ စန္ဒာမုနိဘုရားကို ဖူးမြော်ကြည်ညိုကြပြီးနောက် ဆရာတော်ကြီးများသည် မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားသို့ ကြွရောက်တော်မူကြသည်။ မဟာလောကမာရဇိန်ဘုရားကို ဖူးမြော်ကြည်ညိုကြပြီးနောက် ဆရာတော်ကြီးများသည် ရွှေကျောင်းကြီးသို့ ကြွရောက်တော်မူကြသည်။ ဆရာတော်ကြီးများသည် ရွှေကျောင်းကြီးရှိ အနုပညာ လက်ရာမွန်များကို ကြည့်ရှုလေ့လာတော်မူကြပြီးနောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ကြွချီကြသည်။ ဆရာတော်ကြီးများအား သာသနာ့တက္ကသိုလ်ဝင်းအတွင်းသို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ကြရာ ဆရာတော်ကြီးများသည် သာသနာ့တက္ကသိုလ်ကို မော်တော်ယာဉ်များပေါ်မှပင် ကြည့်ရှုလေ့လာပြီး ဆက်လက်ကြွချီကြသည်။ ထို့နောက် ဆရာတော်ကြီးများသည် မဟာမုနိဘုရားကြီးသို့ ကြွရောက်တော်မူကြရာ စောင်းတန်း တစ်ဖက်တစ်ချက်စီမှ ကြည်ညိုသူလူထုက လှူဖွယ်ဝတ္ထုများဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကန်တော့ကြသည်။ ဆရာတော်ကြီးများသည် မဟာမုနိရုပ်ပွားတော်မြတ်အား ပူဇော်ကန်တော့ကြပြီးနောက် အနီးရှိ မဟာဗုဒ္ဓဝင်ဗိမာန်တော်ကြီးသို့ ကြွရောက်တော်မူကြသည်။ ထိုမှတစ်ဆင့် ရွှေကျီးမြင်ဘုရားသို့ ကြွရောက်တော်မူကြသည်။ ရွှေကျီးမြင်ဘုရားကို ဖူးမြော် ကြည်ညိုကြပြီးနောက် ဆရာတော်ကြီးများသည် နန်းမြို့တွင်းသို့ ပြန်လည်ကြွချီရာ ညော့ရိပ်သာသို့ ညနေ ၆ နာရီခွဲခန့်တွင် ရောက်ရှိတော်မူကြသည်။ ဆရာတော်ကြီးများသည် ညော့ရိပ်သာတွင် ထိုနေ့တစ်ည သီတင်းသုံးတော်မူကြသည်။

နောက်တစ်နေ့(မတ်လ ၃ ရက်နေ့)နံနက် ၇ နာရီတွင် ဆရာတော်ကြီးများအား မော်တော်ယာဉ်များဖြင့် စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားသို့ ပင့်ဆောင်ကြသည်။ စစ်ကိုင်း ကောင်းမှုတော်ဘုရားတွင် စစ်ကိုင်းတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းတင်နှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား ကြိုဆိုပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များက ဘုရားအတွင်း လှည့်လည်ပြသကြသည်။ ဆရာတော်ကြီးများသည် ကောင်းမှုတော်ဘုရားကို လက်ယာရစ်တစ်ပတ် ဖူးမြော် ကြည်ညိုကာ ပူဇော် ကန်တော့ကြပြီးနောက် စစ်ကိုင်းတောင်ပေါ်ရှိ ဆွမ်းဦးပုညရှင် ဘုရားသို့ မော်တော်ယာဉ်များဖြင့် ကြွရောက်တော် မူကြသည်။ ဆရာတော်ကြီးများသည် ဆွမ်းဦးပုညရှင် ဘုရားကို ပူဇော်ကန်တော့ကာ ခေတ္တသီတင်းသုံးနားနေတော်မူကြပြီးနောက် မန္တလေးမြို့သို့ ပြန်လည်ကြွရောက်တော်မူကြသည်။ မန္တလေးသို့ ရောက်သောအခါ ဆရာတော်ကြီးများအား မန္တလေးတောင်ပေါ်သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပင့်ဆောင်ကြသည်။ မန္တလေးတောင်ပေါ်ကားလမ်းမှာ အသစ်ဖောက်လုပ်ထားသည့် ကတ္တရာခင်းလမ်းဖြစ်ပြီး ယခုအခါ ဗျာဒိတ်ပေး ဘုရားခြေတော်ရင်းအထိ ပေါက်ရောက်သည်။ ဆရာတော်ကြီးများသည် ဘုရားခြေတော်ရင်းသို့ မော်တော်ယာဉ်များ ဆိုက်ရောက်သည်တွင် စောင်းတန်းမှ ကြွရောက်ကာ ဗျာဒိတ်ပေး ဘုရားအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။ ထို့နောက်ဆရာတော်ကြီးများအား မန္တလေးတောင်ပေါ်မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ပင့်ဆောင်လာရာ နံနက် ၁၀ နာရီ ၄၀ မိနစ်တွင် နန်းမြို့ညော့ရိပ်သာသို့ ပြန်လည်ရောက်ရှိတော်မူကြသည်။ ဆရာတော်ကြီးများသည် နံနက် ၁၁ နာရီတွင် နေ့ဆွမ်းဘုဉ်းပေးကြပြီးနောက် ခေတ္တသီတင်းသုံး နားနေတော်မူကြသည်။

## ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်ခြင်း

မွန်းလွဲ ၂ နာရီခွဲတွင် ဆရာတော်ကြီးများအား နန်းတွင်းဧည့်ရိပ်သာမှ မော်တော်ယာဉ်များဖြင့် ချမ်းမြသာစည်လေဆိပ်သို့ ပင့်ဆောင်ကြသည်။ ဆရာတော်ကြီးများ ပြန်လည်ကြွချီရာ လမ်းခရီးတစ်လျှောက်တွင်လည်း ကြည်ညိုသူလူထုပရိသတ်က လမ်းဘေးဝဲယာမှ ဖူးမြော်ကန်တော့ကြသည်။ ဆရာတော်ကြီးများ လေဆိပ်သို့ ရောက်ရှိတော်မူကြသည့်အခါ တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် မြို့လူထုက ဝင်းခင်းကြိုဆို ပူဇော်ကြသည်။ ထို့နောက် ဆရာတော်ကြီးများအား တိုင်းမှူး ဦးဆောင်၍ အသင့်ရောက်ရှိနေသော တပ်မတော် လေယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ဆရာတော်ကြီးများ လေယာဉ်ပေါ်သို့ ကြွရောက်၍ ထိုင်ခုံအသီးသီးတွင် ထိုင်တော်မူကြပြီးနောက် လေယာဉ်သည် ပြေးလမ်းအတိုင်း တရွေ့ရွေ့ထွက်ခွာလာရာ လေဆိပ်အဆောက်အအုံရှေ့တွင် စုရုံးနေရာယူထားကြသည့် ကြည်ညိုသူပရိသတ်ကြီးမှာ ဆရာတော်ကြီးများအား အဝေးမှ လက်အုပ်ချီကာ ပူဇော်ရင်း ကျန်ရစ်ခဲ့ကြသည်။

ဆရာတော်ကြီးများအား ပင့်ဆောင်လာသော တပ်မတော် လေယာဉ်သည် မွန်းလွဲ ၃ နာရီတွင် မန္တလေးမှထွက်ခွာလာရာ ရန်ကုန် လေဆိပ်သို့ ညနေ ၄ နာရီ ၄၀ မိနစ်တွင် ဆိုက်ရောက်သည်။ လေဆိပ်တွင် ဆရာတော်ကြီးများအား တာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုပူဇော်ကြပြီးနောက် မနော်ဟာရီစံကျောင်းတော်သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပင့်ဆောင်ကြသည်။

# ဘွဲ့တံဆိပ်တော်ရ ပြည်ပမှ ဆရာတော်ကြီးများ သာသနာ့စာရိခရီး

ပဲခူးမြို့သို့

ထိုနေ့သည် ကောဇာသက္ကရာဇ် ၁၃၅၂ ခုနှစ်၊ တပေါင်းလဆုတ် ၅ ရက်၊ ခရစ်သက္ကရာဇ် ၁၉၉၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့ ဖြစ်သည်။

ထိုနေ့ နံနက်ခင်းကို ဆောင်းနှောင်းသမယ ဟေမန္တနှင့် နွေကူးကာလ ဂိမန္တတို့၏ နှစ်ရာသီ ပဿာဒဖြင့် ခြယ်မှုန်းထားသည်။ ငွေမှုန်နှင်းဖွဲ့တို့က ဝဲဝဲဝေ့ဝေ့ ကျဆင်းလျက်ရှိသည်။ ပုရစ်နှင့် အစုံစုံတို့က စိမ်းကာစိုကာ ရွှန်းပစွာဖြင့် လောကသစ်အလှကို ဆင်သထားသည်။ ဤသမယကို "တပေါင်းသာခေါင်၊ လမျှားနောင်" ဟူ၍ အထွတ်တင်ကာ ရှေးစာဆိုတော်ကြီးများ စပ်ဆိုရေးသား ဖွဲ့နွဲ့ခဲ့ကြလေသည်။

တပေါင်းလသည် ရာသီမြူးကွန့် အလှဖွံ့သည်နှင့်အညီ ဘာသာရောင်၊ သာသနာရောင် ထွန်းပြောင်သော လလည်း ဖြစ်ပေသည်။ တပေါင်းလ သဲပုံစေတီပွဲ ဆိုသည်နှင့်အညီ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ သဲပုံစေတီပွဲများ၊ ဘုရားပွဲတော်များ ကျင်းပကြသည်။ မြန်မာလူမျိုးများနှင့် ကမ္ဘာ့ ဗုဒ္ဓဘာသာဝင်များ ဖူးမြော်ကြည်ညို ဦးခိုက်ရာဖြစ်သော မြတ်ဘုရား ရွှေတိဂုံ ဘုရားပွဲတော်ကိုလည်း ဤခါသမယ တပေါင်းလပြည့်နေ့မှာပင် ကျင်းပပါလေသည်။ ဤနေ့ကို ဘာသာရေး ရိုးပိတ်ရက် တပေါင်းပွဲတော်နေ့အဖြစ်လည်း သတ်မှတ်ထားပါသည်။ ကာဠုဒါယီ မထေရ်သည် ခြောက်ဆယ်မျှလောက်သော ဂါထာတို့ဖြင့် ကာလသမယကို ချီးမွမ်းကာ "မဖျားမနာ! မာမြင်စဉ်က၊ မွေးသည့်ဖခင်၊ ဖူးမြင်ရအောင် ကြွရောက်တော်မူပါဘုရား" ဟူ၍ လျှောက်ထားသဖြင့် မြတ်စွာဘုရားသည် သီတင်းသုံးတော်မူရာ ရာဇဂြိုဟ်ပြည်မှ ဆွေတော်မျိုးတော်များရှိရာ ကပိလဝတ်ပြည်သို့ ကြွချီတော်မူသည့်ချိန်ခါ ကာလမှာလည်း ဤတပေါင်းလပင် ဖြစ်ပါသည်။ ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အရှင်မဟာကဿပ ဦးစီး၍ အရှင်အာနန္ဒာကို အမှူးထားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုဖြစ်စေရန် ဗုဒ္ဓသာသနာ သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ပထမသင်္ဂါယနာ တင်ပွဲ ပြီးဆုံးခဲ့သည့်အချိန်မှာလည်း တပေါင်းလပင် ဖြစ်သည်။

ဤသို့ထူးမြတ်သော တပေါင်းလပြည့်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရသည် ရာဇတန္တိ ပဝေဏီခေတ်ကောင်း နှောင်းအတိတ်ကပင် မင်္ဂလာသဘင်ပွဲကြီး ဆင်ယင်၍ ဘွဲ့တော်များ ချီးမြှောက်ခဲ့သည့် စဉ်လာနှင့်အညီ အဘိဓဇ မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲကို သီရိမင်္ဂလာ ဆဋ္ဌသင်္ဂါယနာ မဟာပါသဏ လိုဏ်ဂူတော် အတွင်း ခြိမ့်ခြိမ့်သဲသဲ ဝံ့ချီး ကျင်းပခဲ့ပါသည်။ ဘွဲ့တံဆိပ်တော်များကို ဆရာတော်ကြီးများအား စိတ်ထူး စေတနာထူး သဒ္ဓါထူးတို့ဖြင့် ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထိုသို့ ဆက်ကပ်လှူဒါန်း

ပူဇော်ရာတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ သာသနာ့ဂုဏ်ရည်ပြည့် ဆရာတော်ကြီး အပါး ၅၄ သာမက ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့မှ သာသနာ့ဂုဏ်ရည် ဆရာတော်ကြီး ၁၆ ပါးအနက် ဆရာတော်ကြီး ၄ ပါးကိုလည်း သဟတ္ထိက ဆက်ကပ် ပူဇော်ခဲ့ပါသည်။

ပြည်ပမှ ဆရာတော်ကြီးများသည် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်သို့ ရောက်သည်နှင့်အညီ သာသနာ့စာရိ ခရီးများအဖြစ်လည်း ရန်ကုန်မြို့အတွင်းရှိ ဘုရားစေတီများ၊ ပုဂံညောင်ဦး မန္တလေး၊ စစ်ကိုင်းမြို့များရှိ စေတီပုထိုးများကို လှည့်လည်ဖူးမြော် ကြည်ညိုခြင်းတို့ဖြင့် သက္ကစ္စဂါရဝ ပြုခဲ့ကြပါသည်။

ယင်းခရီးစဉ်များအပြီး ထိုနေ့ခရီးစဉ်မှာ ပဲခူးမြို့ခရီးစဉ် ဖြစ်ပါသည်။ ဆရာတော်ကြီးများသည် နံနက် ၇ နာရီတွင် အထူးစီစဉ်ထားသော နိုင်ငံတော်ယာဉ်များဖြင့် ရန်ကုန်မြို့ အလုံလမ်းရှိ မနော်ဟရီ အဂန္တုဝိဟာရမှ ပဲခူးမြို့သို့ ယာဉ်တန်းချီ၍ ကြွရောက်တော်မူခဲ့ကြပါသည်။ ထိုခရီးတွင် ဆရာတော်ကြီးများနှင့်အတူ ရုရှားနိုင်ငံမှ သံဃာတော်နှစ်ပါးနှင့် အခြားပြည်ပနိုင်ငံများမှ သံဃာတော်လေးပါးတို့လည်း သာသနာ့ခရီးအဖြစ် လိုက်ပါကြွရောက်ခဲ့ကြပါသည်။

ခရီးစဉ်ဆိုင်ရာများအဖြစ် နိုင်ငံသမိုင်း ဖြစ်ရပ်အမှန်များ ပြုစုရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ညွန့်နှင့်အဖွဲ့၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်နှင့်အဖွဲ့၊ ရှေးဟောင်းသုတေသနဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဟန်နှင့်အဖွဲ့နှင့် အခြားဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလည်း လိုက်ပါခဲ့ကြပါသည်။

ရန်ကုန်မြို့မှ ပဲခူးမြို့ဝင်အထိ လမ်းတစ်လျှောက်လုံး နှင်းများကျလျက်ရှိပါသည်။ ပဲခူးမြို့ဝင် ဥဿာမြို့သစ်သို့ရောက်မှပင် နှင်းများစဲစပြု၍ နေရောင်ခြည်အလင်းစကို တွေ့ရပါသည်။ နေရောင်ခြည် လင်းစအောက်တွင် ပဲခူးမြို့အဝင်သည် သာသနာရောင် အလှဆင်နေပါသည်။

ဘွဲ့တံဆိပ်တော်ရ ပြည်ပမှ ဆရာတော်ဘုရားကြီးများကို ကြိုဆိုဂါရဝပြုသော ယဉ်ကျေးမှုမင်္ဂလာလင်္ကာရာဒိဇိုင်း အဆင်တန်ဆာဖြင့် ခံ့ညားစွာရေးသားပြင်ဆင်ထားသည့် မဟာဌာနလမ်းဖြတ် မုခ်ဦးမဏ္ဍပ်ကြီးကို တွေ့ရပါသည်။ မုခ်ဦးကြီးမှနေ၍ ဒေဝါဝင်း၊ ရာဇာဝင်းများ ခင်းကျင်းလျက် "သံဃံ ပူဇေမိ" ဟူသည့် စာလုံးကြီးများ ရေးထိုးထားသော ယာဉ်တန်းရှည်ကြီးကိုလည်း တွေ့ရှိရပါသည်။ ဆရာတော်ကြီးများကို ပဋိသန္ထာရခရီးဦးကြိုနေကြခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီးများကို မုခ်ဦးကြီးမှနေ၍ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် စစ်ဦးစီး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး မင်းဆွေ၊ ပဲခူးတိုင်း ပြည်သူ့ရဲတပ်ဖွဲ့ ရဲမှူးကြီး တင်အောင်၊ ပဲခူးမြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူး ကြီးစိန်၊ ပဲခူးမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီး စံထွန်းဦးနှင့် သနပ်ပင်၊ ဝေါ၊ ကဝ၊ ရွှေကျင်၊ ညောင်လေးပင်၊ ဒိုက်ဦးနှင့် ကျောက်တံခါး မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများက ခရီးဦးကြို ဂါရဝပြုကြပါသည်။

ဆက်လက်ပင့်ဆောင်ကြရာ သိကြားမင်း နှစ်ပါး၊ ဗြဟ္မာကြီး လေးပါး၊ နတ်မင်းကြီး လေးပါး၊ ဝိဇ္ဇာ နှစ်ပါး၊ သူရဿတီ မယ်တော်နှင့် နတ်သမီး ခြောက်ပါး၊ လေးသည်တော် လေးဦး ပါဝင်သော ဒေဝါဝင်းတို့ကလည်းကောင်း၊ မင်းမိဖုရား နှစ်ပါး၊ အိမ်ရှေ့စံ မင်းမိဖုရား နှစ်ပါး၊ သားတော် သမီးတော် နှစ်ပါး၊ အပျိုတော် ၁၀ ဦး၊ လူပျိုတော် ၁၀ ဦး၊ ဝန်ကြီး လေးပါး၊ ပုဏ္ဏား လေးဦး၊ စစ်သူကြီး လေးဦးနှင့် စစ်သည်တော် ၁၀ ဦး ပါဝင်သော ရာဇာဝင်းတို့က လည်းကောင်း မင်္ဂလာအခမ်းအနားဖြင့် ယာဉ်တန်းချီကာ ဖူးမြော်လိုက်ပါလာကြပါသည်။

ဆရာတော်ကြီးများကြွချီရာ လမ်းတစ်လျှောက်ဖြစ်သော ပဲခူးမြို့အဝင် ရန်ကုန်-မန္တလေး လမ်းမကြီးမှ ရွှေဝါထွန်းဟိုတယ်အထိ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကြိုဆိုဖူးမြော်ကြပါသည်။ သံဃာတော်များ၊ ကျောင်းဆရာ-ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ စသည့် ဗုဒ္ဓဘာသာဝင် ရှင်ရှင်လူလူ သပ္ပုရိသအပေါင်းတို့၏ ရိုသေလေးမြတ်စွာ ဂုဏ်တင်ဂါရဝပြုခြင်းကို လမ်းဝဲယာတစ်ဖက်တစ်ချက်တွင် ရှင်စဉ်လူတန်းမပြတ် တွေ့ရှိနေရပါသည်။ ဝမ်းမြောက်စွာ အပရစေတနာ ပွားများရပါသည်။

မိသားစုများအလိုက်၊ လမ်းမလမ်းရိုးများအလိုက်၊ ရပ်ကွက်များအလိုက် အစုအဖွဲ့များဖြင့် ထွက်၍ သိုက်မြိုက်စွာ ပူဇော်ကန်တော့ကြပါသည်။ လမ်းအလုပ်သမားများကလည်း ကြုံတောင့်ကြုံခိုက်မို့ ရှိခိုးချ၍ ပဆစ်ဒူးတုပ် ညွတ်တွားပူဇော်နေကြပါသည်။ လမ်းဝေးခရီးသည် များကလည်း ကြုံတောင့်ဆုံခဲ အခွင့်အရေးကိုရယူကာ အဝေးပြေးယာဉ်များပေါ်မှဆင်း၍ ရိုသေညွတ်ကျိုးကြပါသည်။ စေတနာရှင် သဒ္ဓါရှင်များကလည်း အလှူတော်ငွေများ ဆက်ကပ်လောင်းလှူနေကြသည်ကို တွေ့ရှိရပါသည်။ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်အခါက ဒေသစာရီကြွချီတော်မူရာ၌ လူနတ်ဗြဟ္မာ သုံးလောက သတ္တဝါခပ်သိမ်းတို့သည် ဆွမ်းခဲဖွယ်ပန်းစသည်ဖြင့် လှူဒါန်းကြသည်ကို ထင်ယောင်မြင်ယောင်လာစေမိပါသည်။ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုဆိုသည်နှင့်အညီ သာသနာရောင် ထွန်းပြောင်တောက်ပနေသည်ကို သာဓုအနုမောဒနာ အမွှမ်းပြုစရာပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးများသည် ကြိုဆိုဂါရဝပြု လမ်းစဉ်တစ်လျှောက်မှ သဒ္ဓါရှင်ပြည်သူများ၏ ဒါနအစုစုကို မေတ္တာတော်ဖြင့် ခံယူလျက် ရွှေဝါထွန်း ဟိုတယ်သို့ ရောက်ရှိတော် မူခဲ့ပါသည်။ ရွှေဝါထွန်းဟိုတယ် အဝင်လမ်းမှနေ၍ ပဲခူးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးသောင်နှင့် တာဝန်ရှိသူများက ကြိုဆိုဖူးမြော် ပင့်ဆောင်ကြပြီး လန်းဆန်းစာ အချိုရည်များ ကပ်လှူကြပါသည်။

## ရွှေမော်ဓောသို့

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်အေးသောင်နှင့် ပဲခူးမြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌများ လိုက်ပါလျက် ဆရာတော်ဘုရားကြီးများကို ရွှေမော်ဓောစေတီသို့ ပင့်ဆောင်ခဲ့ကြပါသည်။

ရွှေမော်ဓောဘုရား ခြေတော်ရင်း အနောက်ဘက်မုခ်အဝင် ကတ္တရာလမ်းမကြီးတွင် ပူဇော်ဂါရဝပြု လမ်းဖြတ်မုခ်ဦးကြီးက ကြိုနှင့်နေပါသည်။ ဆရာတော်ကြီးများကို ဘုရားကြီးအနောက်ဘက်မုခ် ခြေတော်ရင်းမှ ဆရာတော်သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ကြိုဆိုဖူးမြော်ကြပါသည်။ ရတနာရွှေထီး၊ မင်္ဂလာကနက္ကဒဏ်ထီး အဆောင်အယောင်များဖြင့် ရင်ပြင်တော်ပေါ်သို့ ဆက်လက်ပင့်ဆောင်လာရာ စောင်းတန်းတစ်လျှောက်တွင်လည်း ပြည်သူလူထုအပေါင်းက ခင်းထားသော နတ်လမ်းကော်ဇောများအပေါ်၌ ပန်းပေါင်းစုံကြဲဖြန့်၍လည်းကောင်း၊ လက်ကိုင်ပဝါများ၊ မျက်နှာသုတ်ပဝါများ ဖြန့်ခင်း၍လည်းကောင်း သဒ္ဓါထူးဖြင့် ဝပ်တွားပူဇော်ကြပါသည်။ လှူဖွယ်ဝတ္ထုအစုစုတို့ကိုလည်း ဆက်ကပ်လှူဒါန်းကြပါသည်။

ဆရာတော်ဘုရားကြီးများသည် ခင်းလမ်းအတိုင်း ကြွချီတော်မူလာပြီး အနောက်ဘက်မုခ်ရင်ပြင်အာရုံခံတန်ဆောင်းတွင် ပန်း၊ ဆီမီး၊ ရေချမ်းတို့ကို ဆက်ကပ်ပူဇော်ကြပါသည်။ ပူဇော်အပြီးတွင် စေတီတော်မြတ်ကြီးကို လက်ယာရစ်လှည့်လည် ကြည်ညိုကြပါသည်။ ဘုရားရင်ပြင်ပေါ်တစ်လျှောက်တွင်လည်း ဆရာတော်ကြီးများကြွချီရာ မင်္ဂလာလမ်းအဖြစ် ကော်ဇောများခင်းကာ သဒ္ဓါကြည်ဖြူ ပဲခူးပြည်သူတို့က အလှူတော်ငွေများ၊ ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပါသည်။ ထို့ပြင် သီလရှင်များနှင့် ယောဂီများကလည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဂုဏ်ကျေးဇူးများ၊ ဘွဲ့ရဆရာတော်ဘုရားကြီးများ၏ သာသနာ့ဂုဏ်ရည်များကို ဓမ္မဂီတကထာအဖြစ် စပ်ဆိုထားသော ရှစ်လုံးဘွဲ့ကဗျာများဖြင့် ရွတ်ဆိုပူဇော်ကြပါသည်။ မြောက်ဘက်မုခ်ရင်ပြင် ကြည်ညိုခံတန်ဆောင်းတွင် မြို့ရိုးသုဓမ္မစာရီ သီလရှင်စာသင်တိုက်မှ ဒေါ်ညာဏဝံသီဦးဆောင်သော သီလရှင်အဖွဲ့ ၃ ဖွဲ့က လည်းကောင်း၊ အရှေ့ဘက်မုခ်ရင်ပြင် ကြည်ညိုခံ တန်ဆောင်းတွင် ပဲခူးဈေးကြီး ရေကြည်တော်အသင်း ဓမ္မစကြာဝတ်ရွတ်အဖွဲ့ အမျိုးသားအမျိုးသမီးများနှင့် တနင်္ဂနွေ ရေကြည်တော်ဝတ်အသင်း အမျိုးသားအမျိုးသမီးများက လည်းကောင်း ရွတ်ဆိုပူဇော်ကြပါသည်။ ရင်ပြင်တော်ပေါ်ရှိ အရှေ့မုခ်၊ မြောက်မုခ်၊ တောင်မုခ်များတွင်လည်း ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ ဘုရားသမိုင်းကို ဆရာ ဆရာမများက အင်္ဂလိပ်ဘာသာဖြင့် အသံချဲ့စက်မှ တင်ပြလျှောက်ထားကြပါသည်။ ထို့ပြင် တိုင်းမှူးဗိုလ်ချုပ်အေးသောင်၊ နိုင်ငံသမိုင်းဖြစ်ရပ်အမှန်များ ပြုစုရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ညွန့်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်၊ ရှေးဟောင်းသုတေသန ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးညွန့်ဟန်တို့ကလည်း ဘုရားသမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ သိဖွယ်မှတ်ရာများကို လိုက်လံရှင်းလင်း လျှောက်ထားကြပါသည်။

## မဟာစေတီသို့

ထို့နောက် ဆရာတော်ဘုရားကြီးများကို ရွှေမော်ဓောစေတီမှတစ်ဆင့် ဒုတိယ မြန်မာနိုင်ငံကို တည်ထောင်တော်မူခဲ့သော ဘုရင့်နောင်မင်းတရားကြီး၏ ကောင်းမှုတော်ဖြစ်သော မဟာစေတီသို့ ဆက်လက်ပင့်ဆောင်တော်မူကြပါသည်။ ပင့်ဆောင်တော်မူရာ လမ်းတစ်လျှောက်တွင် သီလရှင်များ၊ ယောဂီများက ဝတ်ရွတ်ပူဇော်ကြ၍ ပြည်သူများကလည်း ရှိခိုးဦးခိုက် ပူဇော်ဂါရဝပြုကြပါသည်။ မဟာစေတီအဝင် မုခ်ဦးမှနေ၍ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းသူအသင်းသားများ၊ ဓမ္မစကြာ

အဖွဲ့များ၊ ဆရာတော် သံဃာတော်များက ဂုဏ်ဂါရဝဖြင့် ခရီးဦးကြိုကြပါသည်။ လျှောက်ထားရေးအဖွဲ့ကလည်း မဟာစေတီဘုရားသမိုင်းကို အသံချဲ့စက်မှ ရှင်းလင်းလျှောက်ထား ကြပါသည်။ ဘာသာရေး၊ သာသနာရေးနှင့် မြန်မာမင်း၏ ဘုန်းတေဇာရောင်တို့ကို အနုမောဒနာပြုစေမိပါသည်။ ရွှေထီးတော်များ၊ ကနက္ကဒဏ်သီးဖြူတော်များမိုး၍ တန်ဆောင်းအတွင်းသို့ ဆက်လက်ပင့်ဆောင်လာကြပါသည်။

ဆရာတော်ကြီးများသည် စေတီတော်ဦးတွင် ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူ၍ ဖူးမြော်ကြည်ညိုပါသည်။ မဟာစေတီ ဘုရားသမိုင်းဆိုင်ရာ ဆရာတော်ကြီးများ သိလိုသည်များကို တိုင်းမှူးဗိုလ်ချုပ်အေးသောင်နှင့် ဒေါက်တာခင်မောင်ညွန့်တို့က ပြန်လည်ဘင်ပြ လျှောက်သွားကြပါသည်။

ထို့နောက် ဆရာတော်ဘုရားကြီးများကို ရွှေဝါထွန်းဟိုတယ်သို့ ပြန်လည်ပင့်ဆောင်လာကြပါသည်။ ရွှေဝါထွန်းဟိုတယ်တွင် တိုင်းမှူးဗိုလ်ချုပ်အေးသောင်က နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါသည်။ ဆွမ်းဘုဉ်းပေးပြီးနောက် ဆရာတော်ကြီးများ ခေတ္တအနားယူပါသည်။

## ရွှေသာလျှောင်းသို့

မွန်းလွဲပိုင်းတွင် ဆရာတော်ဘုရားကြီးများသည် တိုင်းမှူးနှင့်အဖွဲ့ လိုက်ပါလျက် ရှင်ပင်သာလျောင်းခေါ် ရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီးကို ကြည်ညိုရန် သွားရောက်တော်မူကြပါသည်။ လမ်းတစ်လျှောက်တွင် ကြိုဆိုဂါရဝပြုမှုခ်ဦးကြီးများ၊ ဝတ်ရွတ်အဖွဲ့များ၊ ရဟန်းရှင်လှူပြည်သူအပေါင်းတို့က လှိုက်လှဲစွာကြိုဆို ဂါရဝပြုကြပါသည်။ ရွှေသာလျောင်း ဘုရားကြီးမုခ်ခြေတော်ရင်းသို့အရောက်တွင် ဂေါပကအဖွဲ့ဝင်များကဆီးကြိုဖူးမြော်၍ ရွှေထီးများ၊ မင်္ဂလာကနက္ကဒဏ်ထီးဖြူတော်များမိုးကာ ဆက်လက်ပင့်ဆောင်ကြပါသည်။ ပင့်ဆောင်ရာစောင်းတန်းတစ်လျှောက်တွင် မင်္ဂလာလမ်းခင်း၍ ကြည်ညိုပူဇော်ကြပါသည်။ ကော်ဇောကြီးများ၊ လက်ကိုင်ပဝါများ၊ မျက်နှာသုတ်ပဝါများ၊ ပန်းများ၊ မင်္ဂလာပေါက်ပေါက်များခင်း၍ အနူးအညွတ် ကြိုဆိုပူဇော်ကြပါသည်။ ဆရာတော်ကြီးများသည် လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးကို ပန်း၊ ဆီမီး၊ ရေချမ်းတို့ ကပ်လှူပူဇော်ကြပါသည်။

ရင်ပြင်တော်ပေါ်တွင် ဆွမ်းဆန်စိမ်းလောင်းပွဲကြီးပြုလုပ်ရန် ကော်ဇောများခင်း၍ အလှူမင်္ဂလာလမ်း ပြုလုပ်ထားပါသည်။ သီလရှင်များနှင့် ဝတ်ရွတ်အဖွဲ့များက ဝတ်ရွတ်ပူဇော်ကြပါသည်။ ဆရာတော်ကြီးများသည် အလှူရှင်ပြည်သူများ၏ ဒါနအစုစုကိုခံယူတော်မူပြီး မေတ္တာပို့သကြပါသည်။ ရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီး၏ ဘုရားသမိုင်းကိုလည်း လျှောက်ထားရေးအဖွဲ့က အသံချဲ့စက်ဖြင့် တင်ပြလျှောက်ထားပါသည်။ ဆရာတော်ကြီးများသည် မှတ်တမ်းစာအုပ် ကြီးတွင်လည်း အမှတ်တရ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

## ကလျာဏီသိမ်သို့

ထိုမှတစ်ဆင့် ဆရာတော်ဘုရားကြီးများကို ကလျာဏီသိမ်သို့ ဆက်လက်ပင့်ဆောင်လာခဲ့ကြပါသည်။ ကလျာဏီသိမ်ဝင် နတ်လမ်းတစ်လျှောက်တွင် သီလရှင်များ၊ ဝတ်ရွတ်အဖွဲ့များက ဘွဲ့ရ

ဆရာတော်ကြီးများ၏ ဂုဏ်ကျေးဇူးတော်များကို ရွတ်ဆိုပူဇော်ကြပါသည်။ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရဟန်းတော် သံဃာတော်များနှင့် အလှူရှင်ပြည်သူများက ကြိုဆို ဂါရဝပြုကြပါသည်။

ဆရာတော်ဘုရားကြီးများသည် ကလျာဏီသိမ်တွင် စံပယ်တော်မူနေသော ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်း၊ ဆီမီး၊ ရေချမ်းတို့ ကပ်လှူပူဇော်ကြပါသည်။ သိမ်တော်တွင် တိုင်းမှူး ဗိုလ်ချုပ်အေးသောင်က ဆရာတော်ဘုရားကြီးများအား သက်န်းဒွိစုံများ ဆက်ကပ်လှူဒါန်းပါသည်။ အလှူရှင် ဒါယကာ ဒါယိကာမများကလည်း လှူဖွယ်ဝတ္ထုများကို လှူဒါန်းကြပါသည်။ တင်ပြလျှောက်ထားရေးအဖွဲ့က သိမ်သမိုင်းကြောင်းကို ရှင်းလင်းတင်ပြ လျှောက်ထားကြပါသည်။ ဘွဲ့တံဆိပ်တော်ရ မြန်မာပြည်ဖွား ဆရာတော်ဘုရားများအားလည်း ယော်စဉ်က စာဝါလိုက်ဖက်၊ သီတင်းသုံးဖက် ကလျာဏမိတ်ဆရာတော်ကြီးများကလည်း လာရောက်တွေ့ဆုံနှုတ်ဆက်ကြပါသည်။

ဆရာတော်ဘုရားကြီးများသည် ကလျာဏီကျောက်စာရုံကို ဆက်လက်၍ လေ့လာကြည့်ရှုကြပါသည်။ ဆရာတော်ကြီးများသာမက ပြည်ပမှဆရာတော်ကြီးများနှင့်အတူ လိုက်ပါလာကြသော နိုင်ငံခြားသား ဒါယကာ ဒါယိကာမများကလည်း သိမ်တော်ကျောက်စာကို စိတ်ဝင်စားစွာလေ့လာကြပါသည်။ ဂျပန်နိုင်ငံ ကီတကျူးရှူးမြို့ မိုဂျီကမ္ဘာ့အေးစေတီ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ ဆရာတော်ဘုရားကြီးက ဂျပန်ဒါယကာအား ကျောက်စာအကြောင်းကို ဂျပန်ဘာသာဖြင့်ထပ်ဆင့်ရှင်းလင်းပြပါသည်။ ဆက်လက်၍ ဆရာတော်ဘုရားကြီးများသည် သိမ်တော်ဝင်းအတွင်းရှိ မဟာတိလောကမုနိဆုတောင်းပြည့်ဗုဒ္ဓရုပ်ပွားတော်မြတ်ကိုဖူးမြော်ကြပြီး သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်မှ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ရာဟုလာဆရာတော်ကြီးက သိမ်တော်ကြီး ပေစာပုရပိုက်ကို လေ့လာကြည့်ရှုတော်မူပါသည်။

## ကြခတ်ဝိုင်းသို့

ထို့နောက် ဆရာတော်ဘုရားကြီးများသည် ကြခတ်ဝိုင်း ပရိယတ္တိ စာသင် တိုက် ကြီး သို့ ဆက်လက်ကြွရောက်တော်မူခဲ့ကြပါသည်။ ဦးစွာကြိုဆိုဂါရဝပြုမုခ်ဦးကြီးကို ကျောင်းအဝင် ကတ္တရာလမ်းမပေါ်တွင် တွေ့ရှိရပါသည်။ ကျောင်းမုခ်ဦးသို့ရောက်သောအခါ ကြခတ်ဝိုင်းသာသနာပြုအဖွဲ့ဝင်များက ရတနာရွှေထီးတော်များ၊ မင်းခမ်းမင်းနား ကနက္ကဒဏ်ထီးဖြူတော်များမိုး၍ သာသနာ့မဟာပါကာရ ဝိနယုဿဝရာ ပြည့်မင်္ဂလာဓမ္မာရုံသို့ ပင့်ဆောင်ကြပါသည်။ ဓမ္မာရုံတွင် ဆရာတော်ဘုရားကြီးများအား ဂုဏဝိသိဋ္ဌပူဇာ ဒါနလှူတော်မင်္ဂလာ အခမ်းအနားဖြင့်ကျင်းပ ပူဇော်ပါသည်။ ပူဇော်ပွဲအခမ်းအနားသို့ တိုင်းမှူးဗိုလ်ချုပ်အေးသောင်၊မြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ တပ်မတော်မိသားစုများနှင့် အလှူရှင်ပြည်သူများ ခြိမ့်ခြိမ့်သဲသဲ တစ်ခဲနက် တက်ရောက်ပူဇော် ကြပါသည်။ ကြခတ်ဝိုင်း စာသင်တိုက်ကျောင်းရှိ စာချ စာသင် ဆရာတော်အပါး ၇၃၆ ပါး တို့ကလည်း သံဃာစင်များ၌ နေရာသီတင်းသုံး၍ တက်ရောက် ဂါရဝ ပြုကြပါသည်။

အခမ်းအနားမှူးက အခမ်းအနားဖွင့်လှစ်ရန်ကြေညာပြီးနောက် ပူဇာသဘင်အခမ်းအနားကို ဦးစွာခရုသင်းများမှုတ်၍လည်းကောင်း၊ ပြီးလျှင် စည်တီး၍လည်းကောင်း၊ ထို့နောက် ကြေးစည်ထု၍လည်းကောင်း သုံးကြိမ် သုံးခါပြုလုပ်ပြီး ဖွင့်လှစ်ပါသည်။ ထို့နောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်လွင်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပြည်ပမှ ဆရာတော်ဘုရားကြီးများနှင့် ကျေးဇူးတော်ရှင် ကြခတ်ဝိုင်း ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဇောတိပါလဆရာတော်နှင့် သာသနာ့ထုံးတမ်းနှင့်အညီ သူတော်အချင်းချင်း မိတ်ဆက်ပေးပါသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်အေးသောင်က သာသနာရေးဆိုင်ရာ စာအုပ်စာတမ်းများကို ဘွဲ့တံဆိပ်တော်ရ ပြည်ပမှ ဆရာတော်ဘုရားကြီးများအား ဆက်ကပ်လှူဒါန်းပါသည်။ ထို့နောက် လူပရိသတ်များက ငါးပါးသီလခံယူကြရာ ထိုင်းနိုင်ငံ လန်းပန်မြို့ ဝပ်ထာ့မအိုး မြန်မာကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒ ဆရာတော်ကြီးက ငါးပါးသီလပေးပါသည်။ ဆက်လက်၍ ဆရာတော်ဘုရားကြီးများက ထိုင်စဉ်အတိုင်း ဩဝါဒကထာများ ချီးမြှင့်တော်မူကြပါသည်။

ဦးစွာ ထိုင်းနိုင်ငံ လန်းပန်မြို့၊ ဝပ်ထာ့မအိုး မြန်မာကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒ ဆရာတော်ဘုရားကြီးက ဩဝါဒကထာ ချီးမြှင့်တော်မူပါသည်။ ဆရာတော်ကြီးက ဩဝါဒကထာ ချီးမြှင့်ရာတွင် "မြန်မာနိုင်ငံ ဒါယကာဒါယိကာမများဟာ သာသနာရေးနဲ့စပ်လျဉ်းပြီး စိတ်အားတက်ကြွမှု၊ သဒ္ဓါတရားထက်သန်မှုတို့အထူးရှိကြကြောင်း။ မြန်မာနိုင်ငံဟာ သာသနာရေးကို ဦးစိုက်ပြီး ပြုလုပ်သဖြင့် အခြားနိုင်ငံများထက် ဗုဒ္ဓဘာသာ သာသနာရေးမှာ သာလွန်မှုရှိကြောင်း။ ဘုန်းကြီးဟာ မြန်မာနိုင်ငံမှကြွရောက်ပြီး ထိုင်းနိုင်ငံမှာ သီတင်းသုံးခဲ့တာ ၃၂ နှစ်ရှိပြီးဖြစ်ကြောင်း။ ဘုန်းကြီး ဒီမလာခင် မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူတို့ရဲ့ အကြောင်းကို ဟိုကနေကြားနေရကြောင်း။ ကြားရတာများဟာ ဟုတ်သလား မဟုတ်သလား သံသယ ရှိရကြောင်း။ ဘုန်းကြီးဒီကိုကြွမယ်ပြုတော့ ဟိုကမြန်မာတို့ကတားကြကြောင်း။ ဘုန်းကြီးမှာ နိုင်ငံရေးနှင့်မဆိုင်ကြောင်း။ သာသနာရေးကိစ္စ ဖြစ်သဖြင့် ကြွရောက်လာခြင်း ဖြစ်ကြောင်း။ ဒီကိုရောက်တော့ မြန်မာနိုင်ငံအေးချမ်းနေတာတွေ့ရသည့်အပြင် သာသနာရေးဆောင်ရွက်ချက်များကို ယခုလိုတွေ့ရ၍ ဝမ်းမြောက်ရကြောင်း" စသည်ဖြင့် ဩဝါဒကထာ ချီးမြှင့်ပါသည်။

ထို့နောက် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋာရာမကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိဂ္ဂဝ ဆရာတော်ဘုရားကြီးက ဩဝါဒကထာ ချီးမြှင့်ပါသည်။ ဆရာတော်ဘုရားကြီးက ဩဝါဒကထာချီးမြှင့်ရာတွင် "ဘုန်းကြီးဟာ မြန်မာနိုင်ငံနဲ့ကင်းကွာခဲ့တာ ၅၈ နှစ် ရှိပြီးဖြစ်ကြောင်း။ အခု ဘုန်းကြီးဒီကိုရောက်တော့ ဝမ်းသာဝမ်းနည်းဖြစ်ရကြောင်း။ ဝမ်းသာရတာက ဒီမှာ သာသနာရေးက အများကြီးတိုးတက်နေတာ တွေ့ရလို့ ဝမ်းသာရကြောင်း။ ဟိုမှာ ကျုပ်ဟာ ရေအိုင်ထဲက ဖားသူငယ်လိုနေရကြောင်း။ အခုလို အဂ္ဂမဟာပဏ္ဍိတဘွဲ့ချီးမြှင့်ခံရတော့ အားမလိုအားမရဖြစ်ကာ ဝမ်းနည်းမိကြောင်း။ ဗုဒ္ဓဘာသာ သာသနာတော်ကြီး စည်ပင်ပြန့်ပွားစေလိုကြောင်း။ ကျုပ်ဟာ ငယ်စဉ်က ဒီပဲခူးမြို့မှာနေခဲ့ဖူးကြောင်း။ ယခင်က ဆွမ်းခံကြွရတာ ဒီမှာရှိတွေ့ဗွက်တွေရှိကြောင်း

အခု ဒီမှာ အများကြီးတိုးတက်နေတာတွေ့ရလို့ ဝမ်းသာကြောင်း။ မြန်မာတွေ တိုးတက်အောင် ကြိုးစားရမည်ဖြစ်ကြောင်း” စသည်ဖြင့် ဟောကြားသွားပါသည်။

ဆက်လက်၍ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၊ ဗုဒ္ဓဇယန္တိသိုလ်မှ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တရာဟုလာ ဆရာတော်ဘုရားကြီးက ဩဝါဒကထာချီးမြှင့်ပါသည်။ ချီးမြှင့်ရာတွင် “ဒီနိုင်ငံမှာ သံဃာပရိသတ်၊ လူပရိသတ် ဒါလောက်များတာတွေ့ရလို့ အလွန်အံ့ဩရကြောင်း။ ဗုဒ္ဓဘာသာသာသနာ ဒီလောက် ကျယ်ပြောပြန့်ပွားနေတာတွေ့ရလို့ ဝမ်းသာရကြောင်း။ ဆရာတော်ဟာ ဥရောပနဲ့ အာရှနိုင်ငံများကို မကြာခဏရောက်ကြောင်း။ သစ္စာရှိရှိနဲ့အမှန်ကိုပြောရရင် ဒီမြန်မာနိုင်ငံလိုဘယ်နိုင်ငံကမှ ဒါလောက် ဗုဒ္ဓဘာသာ သာသနာတော်ကို မမြတ်နိုးကြကြောင်း။ ပြီးခဲ့တဲ့ ၂၆ ရက်နေ့က ရောက်လာ တော့ တစ်ဖက်တစ်ချက်ဝဲယာမှာ လူပရိသတ်ထောင်သောင်းများစွာတို့က ကြိုဆိုဂါရဝပြုတာကို တွေ့ရလို့ အံ့ဩရကြောင်း။ ကမ္ဘာမှာ ဒါလောက်သံဃာတော်များကိုကြည်ညိုသူမရှိကြကြောင်း။ ဒီလိုတွေ့ကြုံ ခံစားရတာကို ဗိုလ်ချုပ်မှူးကြီးစောမောင် မနေ့်ဟာရီဆည်ရိပ်သာကို လာရောက် ဖူးတွေ့စဉ်တုန်း ကလည်း ပြောပြခဲ့ကြောင်း။ ဒီလိုခံစားရမှုတွေကြောင့် ဆရာတော်ရဲ့နှလုံးသားဟာ ဒီနိုင်ငံမှာရှိနေ ကြောင်း။ ဒီနိုင်ငံငြိမ်းချမ်းရေးနဲ့ချမ်းသာရေးကို ဆုတောင်းမေတ္တာပို့သပါကြောင်း” စသည်ဖြင့် ဩဝါဒကထာ ချီးမြှင့်တော်မူပါသည်။ ဆရာတော်ကြီးက အင်္ဂလိပ်လို ပြောပြီး ဒေါက်တာ ခင်မောင်ညွန့်က ဘာသာပြန်ပေးခြင်းဖြစ်ပါသည်။

နောက်ဆုံး ဂျပန်နိုင်ငံ ကီတကျူးရှူးမြို့ မိုဂျီကမ္ဘာအေးစေတီကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ ဆရာတော်ဘုရားကြီးက ဩဝါဒကထာ ချီးမြှင့်ရာတွင် “ယခုလိုကမ္ဘာ့အရှေ့ဖျား မှာရှိတဲ့ ဆရာတော်ကိုလည်းကောင်း၊ ကမ္ဘာ့အလယ်ပိုင်းမှာရှိတဲ့ သီရိလင်္ကာနိုင်ငံ ဆရာတော်များ အပါအဝင် ပူဇော်ထိုက်သူကို ပူဇော်ခြင်းဟာ မင်္ဂလာတစ်ပါးပါပဲ။ ဒီဂုဏ်ကျေးဇူးကြောင့် တိုးတက် နေတဲ့ နိုင်ငံနဲ့အညီ ပိုမိုတိုးတက်လာမယ်လို့ ဘုန်းကြီးတို့ယုံကြည်ပါတယ်။ ပူဇော်ထိုက်သူကို ပူဇော် ခြင်းဟာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အင်အားဗလပြည့်စုံခြင်း စတဲ့အကျိုး ကျေးဇူးများကို ရရှိပါတယ်။ ဒါဟာဘယ်လောက် ဝမ်းသာစရာကောင်းသလဲ။ မြန်မာနိုင်ငံမှာ ရတနာ အပြည့်အဝရှိပါတယ်။ ရတနာဆိုလို့ စိန်ရွှေရတနာမဟုတ်ပါဘူး။ ဘုရား၊ တရား၊ သံဃာ တည်းဟူ သော ရတနာသုံးပါးဖြစ်ပါတယ်။ စိန်ရွှေရတနာရှိခြင်းထက် ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးရှိခြင်းက ပိုကောင်းပါတယ်။ ဂျပန်မှာဆိုရင် မဟာယာန ဗုဒ္ဓဘာသာပဲရှိတယ်။ ဂိုဏ်းပေါင်း ၃၀၀ ကျော်တယ်။ ကိုယ်ထင်ရာကိုယ်ဟော၊ ကိုယ်ထင်ရာကိုယ်လုပ်ကြတယ်။ အချို့ဂိုဏ်းက တရားပဲ ရှိတယ်။ ပရိနိဗ္ဗာနသုတ်ကိုကြည့်ပြီး ယူကြတယ်။ ဘုရားက ငါဘုရားမရှိပြီ လွန်ပြီဟုမမှတ်လင့်။ ငါ့ တရားတော်များရှိသည်ဟု ဟောကြားတော်မူသည်ကိုယူပြီး တရားထိုင်တာပဲကျင့်တယ်။ ဘုရားရုပ်ပွား ဆင်းတုတော်များမရှိဘူး။ ဇင်ဂိုဏ်းကလည်း တရားပဲထိုင်တာပဲ။ ကလေးလာလည်း တရားထိုင် ခိုင်းတာပဲ။ ကလေးနဲ့ တရားထိုင်တာ ဘယ်လွယ်မလဲ။ ဒါ့ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးဟာ ဒီမှာပဲရှိတယ်။ ငါတို့တိုင်းပြည်မှာ ဘာမရှိဘူး၊ ညာမရှိဘူးဆိုပြီး မတောင့်တကြပါနဲ့။ သူများတိုင်းပြည်တွေမှာမရှိတဲ့ ဗုဒ္ဓဘာသာ သာသနာဟာ ဒီမှာရှိနေပါတယ်။ စိန်ရွှေရတနာတွေ့ ထက် တန်ဖိုးရှိတဲ့ရတနာသုံးပါးဟာ ဒီမှာရှိနေတယ်” စသည်ဖြင့် ဟောကြားသွားပါသည်။

ဆရာတော်ဘုရားကြီးများ၏ ဩဝါဒကိုခံယူပြီးနောက် ကြခတ်ဝိုင်း ဆရာတော်ကလည်း ပြန်လည်၍လျှောက်ထားပါသည်။ ဆရာတော်ကလျှောက်ထားရာတွင် “ဆရာတော်ကြီးများရဲ့ ဩဝါဒဟာ အလွန်အဖိုးတန်ကြောင်း၊ ဤမဟာဓမ္မာရုံကြီးထဲမှာ ဆရာတော်ကြီးများကို ဖူးမြော်ရလို့ စာသင်သား ၇၀၀ ကျော်နဲ့ ပဲခူးမြို့ ဒါယကာ၊ ဒါယိကာမများက ဝမ်းသာလှပါကြောင်း၊ တစ်မြေစီခြား ဘုရားသားတော်အချင်းချင်း မြန်မာနိုင်ငံအစိုးရရဲ့ ဆောင်ရွက်ပေးမှုကြောင့် တွေ့ကြရတာ ဝမ်းမြောက်စရာပါဘုရား” ဟု အစချီကာ အကျယ်တဝင့် ပြန်လည်လျှောက်ထားပါသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အေးသောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပါသည်။ အနော်ရထာခေတ်၊ ဘုရင့်နောင်ခေတ် သာသနာရေး ဆောင်ရွက်ချက်များမှ အစချီ၍ မြန်မာနိုင်ငံသမိုင်းတွင် ခေတ်အဆက်ဆက် သာသနာရေး ဆောင်ရွက်ချက်များကို လျှောက်ထားပါသည်။

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်ကလည်း “ယနေ့ ဆရာတော်ဘုရားကြီးများ၏ ပဲခူးမြို့ သာသနာ့ခရီးစဉ် တစ်လျှောက်လုံး ပြည်သူတို့၏ အလှူဒါနများဟာ ကျပ်ငွေငါးသိန်းကျော်ရှိပြီး ဝမ်းမြောက်စရာဖြစ်ကြောင်း၊ ဆရာတော်ဘုရားကြီးများကို ဒေဝါဝင်း၊ ရာဇာဝင်း ခင်း၍ ကြိုဆိုဂါရဝပြုသည်မှ အစပြု၍ ပြန်လည်ကြွရောက်တော်မူသည်အဆုံး ခရီးစဉ်များကို ဓာတ်ပုံများရိုက်ကူး၍ ဓာတ်ပုံမှတ်တမ်းစာအုပ်များအဖြစ် ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါကြောင်း” လျှောက်ထားသည်။

ဆရာတော်ကြီးများ ပဲခူးမြို့သို့ရောက်ရှိတော်မူစဉ် လှူဒါန်းရရှိငွေများမှာ တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ငွေကျပ် ၂၀၀၀၀၊ တပ်နယ်မိသားစုများက ငွေကျပ် ၆၇၆၀၊ ပဲခူးမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ငွေကျပ် ၈၇၂၅၀၊ သာယာဝတီမြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ငွေကျပ် ၈၄၆၀၀၊ ပြည်မြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ငွေကျပ် ၇၄၀၀၀၊ တောင်ငူမြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ငွေကျပ် ၇၅၀၀၀၊ ပဲခူးရပ်ကွက် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ငွေကျပ် ၁၆၄၀၅ ကျပ်၊ ကြခတ်ဝိုင်း သာသနာပြု အသင်းက ငွေကျပ် ၅၀၀၀၊ တိုင်းအဆင့် ဌာနဆိုင်ရာများက ငွေကျပ် ၆၈၄၈၆၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ငွေကျပ် ၆၉၇၅၊ ရပ်မိရပ်ဖများက ငွေကျပ် ၇၁၆၈၇၊ စုစုပေါင်းအလှူငွေ ၅၁၇၁၆၃ ကျပ် ရရှိကြောင်း သိရပါသည်။ ထို့ပြင် ခရီးစဉ်တစ်လျှောက်တွင် ကိုယ်တိုင်အစီအစဉ်ဖြင့် လောင်းလှူကြသော အလှူရှင်များ၏ ဒါနတန်ဖိုးများလည်း ရှိပါသေးသည်။ မုဒိတာပွားစရာကောင်းပါသည်။

ဤသို့ ယနေ့ပြုကြကုသလကောင်းမှု ဒါနအစုစုတို့ကို ကြခတ်ဝိုင်း ဆရာတော်ဘုရားကို မျက်မှောက်ပြု အမှူးထား၍ အလှူရေစက်သွန်းကာ အမျှသုံးကြိမ်ဝေကြပါသည်။ ခရုသင်းများ မှုတ်ခြင်း၊ စည်တီးခြင်း၊ ကြေးစည်ထုခြင်းတို့ဖြင့် ပူဇာသဘင်အခမ်းအနားကို ရုပ်သိမ်းပါသည်။

အခမ်းအနားအပြီးတွင် ဓမ္မာရုံကြီးအား လက်ယာရစ်အစီအစဉ်ဖြင့် အလှူတော်မင်္ဂလာ ပြုလုပ်ရန် ကော်ဇောများခင်းကျင်းထားသည့် ကျောင်းနတ်လမ်းများတွင် တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ မြို့နယ်စုငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များနှင့် အလှူရှင်ပြည်သူတို့က ဒါန ဝတ္ထု အစုစုတို့ကို ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းကြပါသည်။

ထို့နောက် ဆရာတော်ဘုရားကြီးများသည် ပဲခူးမြို့မှ ညနေ ၅ နာရီခွဲတွင် မော်တော်ယာဉ် များဖြင့် ပြန်လည်ကြွရောက်တော် မူလာကြပြီး ရန်ကုန်မြို့ မနော်ဟရီ အာဂန္တုဝိဟာရသို့ ည ၇ နာရီခွဲတွင် ပြန်လည်ရောက်ရှိတော်မူကြပါသည်။

ဤသို့ဖြင့် နိုင်ငံတော်က ကြီးကျယ်မြင့်မြတ်သော ပညာရှိ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ကို ချီးမြှင့်ခံယူထိုက်သူ ပုဂ္ဂိုလ်တို့ကိုသာ ချီးမြှင့်ပူဇော်ပြီး ဤသို့ကြီးကျယ်မြင့်မြတ်သော ပညာရှိ ဂုဏ်ထူး ဝိသေသရှိတော်မူသော ဆရာတော်ဘုရားကြီးများအား မြန်မာပြည်သူ အပေါင်းတို့က ရိုသေစွာ လှူဒါန်းကြခြင်း၊ ပူဇော်ကြခြင်းဖြစ်ပါသည်။ ယနေ့ခရီးစဉ်သည် သာသနာသမိုင်းတွင် မှတ်တမ်းဝင် နေ့တစ်နေ့ပင်ဖြစ်ပါသည်။

# ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တရာဟုလာ သီရိလင်္ကာနိုင်ငံသို့ ပြန်လည်ကြွချီ

၁၉၉၁ ခုနှစ်၊ သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံယူခဲ့သော ပြည်ပဆရာတော်ကြီး လေးပါးအနက်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော် ဘဒ္ဒန္တ ရာဟုလာသည် ၁၉၉၁ ခုနှစ်၊ မတ်လ ၇ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်လေဆိပ်မှ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည် ကြွချီတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဟုလာ ဆရာတော်ကြီးသည် နံနက် ၉ နာရီ၊ ၁၀ မိနစ် တွင် မနော်ဟရီစံကျောင်းတော်မှ ရန်ကုန်လေဆိပ်သို့ မော်တော်ယာဉ်ဖြင့် ကြွချီတော်မူရာ ဆရာတော်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး၊ ပြည်ပဘွဲ့တံဆိပ် အလှူခံယူတော်မူကြသည့် ဆရာတော်ကြီး သုံးပါးတို့က လေဆိပ်သို့ လိုက်ပါ ပို့ဆောင်တော်မူကြသည်။

## ဖူးမြော်ကန်တော့

မနော်ဟရီစံကျောင်းတော်မှ ရန်ကုန်လေဆိပ်အထိ ဆရာတော်ကြီး စီးနင်းလိုက်ပါသည့် မော်တော်ယာဉ် ဖြတ်သွားရာ လမ်းတစ်လျှောက်ရှိ မြို့နယ် ၁၃ မြို့နယ်မှ ပြည်သူလူထု ၁၅၀၀၀ ကျော်က ဆရာတော်ကြီးအား ပူဇော်ဖူးမြော်ကန်တော့ကြသည်။

## ကြိုဆို

နံနက် ၉ နာရီခွဲတွင် ရန်ကုန်လေဆိပ်သို့ ဆရာတော်ကြီးရောက်ရှိရာ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကိုယ်စား၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့် တို့နှင့် အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တပ်မှူးများ၊ စစ်ဒေသမှူးများ၊ မြို့နယ်များမှ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ဂါရဝပြု လိုက်လှဲစွာ ကြိုဆို နှုတ်ဆက်ကြသည်။

## ဩဘာမင်္ဂလာ

ထိုနောက် ဆရာတော်ကြီးအား သာသနာ့အလံ ကိုင်ဆောင်ထားသည့် နတ်သားများက ရှေ့မှဦးဆောင်ကာ ဖြဟ္မာ၊ သိကြား၊ နတ်များက ကနက္ကဒဏ်ထီးဖြူများမိုးလျက် ရှေ့ဘက်နှင့် နောက်ဘက်တွင် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်၊ အတွင်းရေးမှူး(၁) ဗိုလ်ချုပ် ခင်ညွန့်နှင့် တပ်မမှူးများ၊ စစ်ဒေသမှူးများက ကော်ဇောနီ ခင်းထားသည့် လမ်းအတိုင်း အထူးလေယာဉ်သို့ ပင့်ဆောင်ကြရာ မင်္ဂလာဆိုင်းအဖွဲ့နှင့် စည်တော်အဖွဲ့များက ကောင်းချီးဩဘာ မင်္ဂလာပြုကြသည်။

## သီကျူးရွတ်ဆို

ဆရာတော်ကြီး ကြွချီတော်မူရာလမ်းဘေး ဝဲယာနှစ်ဘက်တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်မှ ဆရာတော်များ၊ ရန်ကုန်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သီလရှင်များ၊ ဘာသာရေး အသင်းအဖွဲ့များမှပုဂ္ဂိုလ်များ၊ ယောဂီများ၊ ဆရာ–ဆရာမများ၊ သာသနာရေးဦးစီးဌာနနှင့် စက်ရုံ၊ အလုပ်ရုံ၊ ရုံးများမှဝန်ထမ်းများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များက သာသနာ့အလံနှင့် အောင်သပြေပန်းများကို ကိုင်ဆောင်လျက် ဓမ္မတေးသံများ၊ ရှစ်လုံးဘွဲ့ကဗျာများ၊ တရားဒေသနာတော်များ သီကျူးရွတ်ဆို ပူဇော်ကြသည်။

## ပို့ဆောင်

အထူးလေယာဉ်အတက် လှေကားအရောက်တွင် ဆရာတော်ကြီးအား လိုက်ပါပို့ဆောင်ကြသည့် ပရိသတ်များက လက်အုပ်ချီ၍ ရှိခိုးကန်တော့ကြပြီး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်နှင့် ပြည်ပနိုင်ငံများမှ ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်များက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဟုလာအား လေယာဉ်ပေါ်အထိ လိုက်ပါပို့ဆောင်ကြသည်။

## မေတ္တာပို့

လေယာဉ်မထွက်ခွာမီ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဟုလာသည် လေယာဉ်တံခါးဝသို့ ထွက်ကာ မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းမေတ္တာ ပို့သန္တတ်ဆက်သည်။

ဆရာတော်ကြီး စီးနင်းလိုက်ပါသွားသည့် လေယာဉ်သည် ရန်ကုန်လေဆိပ်မှ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ထွက်ခွာသွားသည်။



နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်က နိုင်ငံခြားမှ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနေစဉ်



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ၏ ပင့်ဖိတ် လျှောက်ထားချက်အရ ဘွဲ့တံဆိပ်တော် ဆက်ကပ် ခံယူတော်မူရန် ကြွရောက်လာကြသည့် သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ဆရာတော်ဘုရားကြီးများအား ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့် လေယာဉ်ပေါ် တက်ရောက်ပြီး ပင့်ဆောင်လာသည်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်က လေယာဉ် အဆင်းလှေကားမှ နေ၍ ကြိုဆို ပင့်ဆောင်စဉ်

ဘွဲ့တံဆိပ်တော် ဆက်ကပ် ခံယူတော်မူကြမည့် ပြည်ပမှ ဆရာတော်ဘုရားကြီး လေးပါးတို့အား ရန်ကုန်မင်္ဂလာဒုံလေဆိပ်တွင် နိုင်ငံတော် အစိုးရက သာသနာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ တခမ်းတနား ကြိုဆိုစဉ်





ဘွဲ့တံဆိပ်တော် ဆက်ကပ် ခံယူတော်မူကြမည့် ပြည်ပမှ ဆရာတော်ဘုရားကြီး လေးပါး တို့အား လေယာဉ် အဆင်းတွင် ဒေဝါဝင်း၊ ရာဇာဝင်းများနှင့် ပင့်ဆောင်လာစဉ်

စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူ တော်မူကြမည့် ဆရာတော်ဘုရားကြီး များအား နတ်ဒေဝါဝင်းများ မြှံရံပြီးပင့်ဆောင် လာစဉ်





ဒေဝါဝင်းနှင့် ရာဇာဝင်းများ ခြံရံပြီး ပင့်ဆောင်လာသည့် ဘွဲ့တံဆိပ်တော်ခံ မြည်ပမှ ဆရာတော် ဘုရားကြီးများအား မြို့နယ် အသီးသီးမှ အမျိုးသား၊ အမျိုးသမီးယောဂီ များက လက်အုပ်ချီကာ ပူဇော် ကန်တော့ကြစဉ်

ကြိုဆိုရေး အခမ်းအနားတွင် နိုင်ငံတော် ဆိုင်းအဖွဲ့နှင့်အတူ ဦးစိန်အောင်မင်းဦးဆောင်သော အနုပညာရှင် များကလည်း ဘုန်းတော်ဘွဲ့ကြိုး သီချင်းများဖြင့် သီဆို ပူဇော်ကာ ကြိုဆိုခဲ့ကြသည်။





ဆရာတော်ကြီးများအား ပင့်ဆောင်လာသည့် ယာဉ်ဝင်းတန်းအား လမ်းရှင်းဆိုင်ကယ်
များက ဦးဆောင် ပင့်ဆောင်လာစဉ်

ယာဉ်ဝင်းတန်းဖြင့် ပင့်ဆောင်လာသည့် ဘွဲ့တံဆိပ်တော်ခံ ပြည်ပမှ ဆရာတော်ဘုရား
ကြီးများအား ပြည်သူလူထု ပရိသတ်ကြီးက လမ်းဘေး ဝဲယာတစ်ဘက်တစ်ချက်မှ
နေ၍ လက်အုပ်ချီကာ ရှိခိုး ကန်တော့ကြစဉ်





တခမ်းတနား ဆင်ယင်ထားသည့်
သာသနာ့အလံတော်တင်ကရဝိက်
ဖောင်တော်ယာဉ်ကြီး

ကနက္ကဒဏ် ထီးဖြူတော်များ ဆောင်းမိုးထားသည့် ပိဋကတ်တော်တင် ဆင်ဖြူတော်
ယာဉ်သုံးစီးကိုလည်း ဤသို့ တွေ့ရသည်





ယာဉ်ဝင်းတန်းတွင် လိုက်ပါသည့် ယာဉ်များကို သံဃ ပူဇော်မိ စာလုံးကြီးများရေးထိုး မွမ်းမံထားသည်ကို တွေ့ရစဉ်

ဘွဲ့တံဆိပ်တော်ခံ ပြည်ပမှ ဆရာတော် ဘုရားကြီး များအား ဖူးမြော်ကန်တော့ရန် စောင့်ကြိုနေကြသည့် လူထုပရိသတ်ကြီးကိုလည်း လမ်းဘေး ဝဲယာ တစ်ဘက် တစ်ချက်တွင် သောင်းသောင်း ဖြဖြ တွေ့ရစဉ်





သီရိလင်္ကာနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တ ရာဟုလာ မဟာထေရ်နှင့် အဖွဲ့အား ကမ္ဘာအေး ဇမ္ဗူဒီပ ကျောင်းဆောင် အစည်းအဝေး ခန်းမတွင် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ဝင် ဆရာတော် ဘုရားကြီးများနှင့် တွေ့ဆုံမိတ်ဆက်ပေးရန် ပင့်ဆောင်လာစဉ်

နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသ ပဲခူးမြို့မ ဆရာတော် ဘုရားကြီးအား ဘွဲ့တံဆိပ်တော်ခံ ပြည်ပမှ ဆရာတော်ဘုရားကြီး များဖြစ်ကြသည့် သီရိလင်္ကာနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တ ရာဟုလာနှင့် ဆရာတော် ဘဒ္ဒန္တသိဂ္ဂဝ၊ ထိုင်းနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒနှင့် ဂျပန်နိုင်ငံမှ ဆရာတော် ဘဒ္ဒန္တဝေပုလ္လတို့က ဖူးမြော် ဂါရဝပြုကြစဉ်





နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဣန္ဒာစာရ
ပဲခူးမြို့မ ဆရာတော် ဘုရားကြီးအား သီရိလင်္ကာနိုင်ငံမှ ဆရာတော်ဘဒ္ဒန္တရာဟုလာက
မြန်မာနိုင်ငံ၏ သာသနာရေး ဆောင်ရွက်ချက်များကို လျှောက်ထားစဉ်

ဘွဲ့တံဆိပ်တော် ဆက်ကပ်သည့် အခမ်းအနားတွင် အခမ်းအနားမှူး သာသနာရေး
ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင် အခမ်းအနားအစီအစဉ်များဖတ်ကြားစဉ်





ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြမည့် ဆရာတော် ဘုရားကြီးများအား မဟာပါသာဏ
လိုဏ်ဂူတော်ကြီးအတွင်းသို့ မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်လာစဉ်



ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော် မူကြမည့် ဆရာတော် ဘုရားကြီးများအား မဟာပါသာဏ
လိုဏ်ဂူတော်ကြီးအတွင်းသို့ မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်လာစဉ်



ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော် ဘုရားကြီးများအား အခမ်းအနားရှိရာ သံဃာ
စင်မြင့်သို့ ပင့်ဆောင်လာသည်ကို ပရိသတ်ကြီးက လက်အုပ်ချီ ဖူးမြော်စဉ်

ဘွဲ့တံဆိပ်တော် ဆက်ကပ် ခံယူတော်မူကြမည့် ဆရာတော် ဘုရားကြီးများအား သံဃာ
စင်ပေါ်သို့ ပင့်ဆောင်လာသည်ကို လူထုပရိသတ်ကြီးက ဖူးမြော်ကြစဉ်





အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်ကြမည့် ဆရာတော် ဘုရားကြီး
များအား သံဃာစင်ပေါ်တွင် ဝါစဉ်အလိုက် နေရာယူအပြီး ဖူးတွေ့ရစဉ်

အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော် ဘုရားကြီး
များအား သံဃာစင်ပေါ်တွင် ဝါစဉ်အလိုက် နေရာယူအပြီး ဖူးမြော်ရစဉ်





အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာ
ရဋ္ဌဂုရု မြင်းခြံကိုးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတက ငါးပါးသီလ
ချီးမြှင့်စဉ်

မြင်းခြံကိုးဆောင်ကျောင်းတိုက် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တသောဘိတ
ထံမှ ငါးပါးသီလ ခံယူနေကြသည့် လူထုပရိသတ်ကြီး





ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဘုန်းမြင့် ထိုင်းနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒအား အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်


ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဘုန်းမြင့်၊ သီရိလင်္ကာနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တရာဟုလာအား အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်





ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့် သီရိလင်္ကာနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တသိဂ္ဂဝအား အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်

ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဘုန်းမြင့် ဂျပန်နိုင်ငံမှ ဆရာတော်ဘဒ္ဒန္တဝေပုလ္လအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်





တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ သန်လျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီ ဩဝါဒကထာ ဖတ်ကြားစဉ်

ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားစဉ်






နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသအရှင်မြတ်က ရေစက်ချ တရားချီးမြှင့်စဉ်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေ အမှူးပြုသော လူထုပရိသတ်ကြီး ရေစက်ချ တရားတော်နာယူကြည်ညိုစဉ်





အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားသဘင် ဆင်ယင်ကျင်းပစဉ်



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း၊ ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်၊ ဗာရာဏသီ ဆရာတော် ဘဒ္ဒန္တအာနန္ဒ ပဏ္ဍိတာဘိဝံသ (သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၆၉ ဝါ)



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ၊ မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်း ဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ (သက်တော် ၇၀ နှစ်၊ သိက္ခာတော် ၆၀ ဝါ)



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ၊ ရှမ်းပြည်နယ် တောင်ပိုင်း ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိ စာသင်တိုက်၊ ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ (သက်တော် ၇၀ နှစ်၊ သိက္ခာတော် ၆၀ ဝါ)



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရောဝတီတိုင်း၊ ဟသ်ာတမြို့ လယ်တီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တခမာဝုဓ (သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၆၀ ဝါ)



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ ဗုဒ္ဓ တက္ကသိုလ်၊ ဆရာတော် ဘဒ္ဒန္တရာဟုလာ (သက်တော် ၈၄ နှစ်၊ သိက္ခာ တော် ၆၃ ဝါ)



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ၊ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ မကုဋာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသိဂ္ဂဝ (သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ)



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ၊ ဂျပန်နိုင်ငံ၊ ကီတာကျူးရှူမြို့၊ မိုဂျီ ကမ္ဘာအေး စေတီကျောင်းတိုက်၊ ဆရာတော် ဘဒ္ဒန္တဝေပုလ္လ (သက်တော် ၇၄ နှစ်၊ သိက္ခာတော် ၅၄ ဝါ)



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ၊ ထိုင်းနိုင်ငံ၊ လန်းပန်းမြို့၊ ဝပ်ထာ့ ပအိုး မြန်မာ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ (သက်တော် ၇၀ နှစ်၊ သိက္ခာတော် ၅၀ ဝါ)



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရုတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော် ဘုရားကြီး ဆွမ်းဆန်စိမ်း အလှူခံကြွရောက်တော်မူစဉ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ သန်လျင်မင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီအား ဆွမ်းဆံစိမ်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနေကြစဉ်






ထိုင်းနိုင်ငံ လန်းပန်းမြို့ ဝပ်ထာ့မအိုး မြန်မာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒ ဆွမ်းဆန်စိမ်း အလှူခံကြွတော်မူစဉ်



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်
ဘဒ္ဒန္တရာဟုလာအား လှူဖွယ်ဝတ္ထု အစုစုကို လှူဒါန်းနေကြစဉ်




သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋ္ဋာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိဂ္ဂဝအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနေကြစဉ်




ဂျပန်နိုင်ငံ ကိတကျူးရှူးမြို့ မိုဂျီကမ္ဘာ့အေး စေတီကျောင်းတိုက်မှ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ ဆွမ်းဆန်စိမ်း အလှူခံ ကြွလာတော်မူစဉ်



တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲတွင် ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်များအား ဆွမ်းကပ်လှူခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူခြင်းအတွက် ရေစက်သွန်းချပွဲ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်နှင့်အဖွဲ့က ရေစက်သွန်းချနေစဉ်



ပြည်ပဆရာတော်ကြီးများ ပုဂံမြို့ရှိ
ဝက်ကြီးအင်းဂူပြောက် ဘုရားကို
ဖူးမြော်အပြီး

ပြည်ပဆရာတော်ကြီးများ ပုဂံမြို့ရှိ ဓမ္မရံကြီး ဘုရားသို့ ဝင်ရောက်ကြည်ညိုစဉ်





ပြည်ပဆရာတော်ကြီးများ ပုဂံမြို့ရှိ အာနန္ဒာဘုရားသို့ ဝင်ရောက်ဖူးမြော်စဉ်

အထူးမော်တော်ယာဉ်များဖြင့် ပင့်ဆောင်လာသော ပြည်ပဆရာတော်ကြီးများအား
မန္တလေးနန်းမြို့အဝင် ကျုံးအနီး၌ မန္တလေးမြို့သူမြို့သားများက ဖူးမြော်ကြည်ညိုကြစဉ်





ပြည်ပဆရာတော် တစ်ပါးဖြစ်သည့် အရှင်ရာဟုလာအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်
တိုင်းမှူး ဗိုလ်ချုပ် ထွန်းကြည်က နံနက်ဆွမ်းကပ်လှူစဉ်

ပြည်ပဆရာတော်ကြီးများအား အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်
ထွန်းကြည်က နံနက်ဆွမ်းကပ်လှူစဉ်






ပြည်ပဆရာတော်ကြီး မန္တလေးမြို့ ရွှေကျောင်းတော်ကြီးအား လေ့လာကြပြီးနောက် ပြန်ကြွလာကြစဉ်

ပြည်ပဆရာတော်ကြီးများ မန္တလေးမြို့ရှိ စန္ဒာမုနိ ဘုရားအား ဖူးမြော်ကြည်ညိုစဉ်






ပြည်ပဆရာတော်ကြီးများ  စစ်ကိုင်း ကောင်းမှုတော်ဘုရား သို့ ရောက်ရှိကြစဉ်



နိုင်ငံခြားမှ ဘွဲ့ခံဆရာတော်ဘုရား
ကြီးများ ပဲခူးမြို့ ရွှေမော်ဓော
ဘုရားသို့ ကြွရောက် ဖူးမြော် ကြည်
ညိုကြစဉ်



သမိုင်းဝင် မဟာစေတီတော်မြတ်
ကြီးသို့ ပြည်ပမှ ဘွဲ့ခံဆရာတော်
ဘုရားကြီးများ ကြွရောက်ဖူးမြော်
ကြည်ညိုကြစဉ်



ပြည်ပမှ ဘွဲ့ခံဆရာတော်ဘုရားကြီးများသည် ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုအပြီးတွင် အမှတ်တရ ဓာတ်ပုံရိုက်ကူးခံတော်မူကြစဉ်

ပြည်ပမှ ဘွဲ့ခံဆရာတော် ဘုရားကြီးများသည် စာသင်သား သံဃာတော် အပါး ၇၀၀ ကျော်ရှိ ကြခတ်ဝိုင်း ပရိယတ္တိ စာသင်တိုက်ကြီးသို့ ကြွရောက်တော် မူကြပြီး ဂုဏာဘိဋ္ဌ ပူဇာ အလှူတော်မင်္ဂလာ အခမ်းအနားဖြင့် ပူဇော်ခံကာ ဩဝါဒကထာများ ချီးမြှင့်တော်မူကြစဉ်



## (က) ဦးစီးကော်မတီ

(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့် ဥက္ကဋ္ဌ
ဝန်ကြီး၊
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

(၂) ဗိုလ်ချုပ် ခင်ညွန့် အဖွဲ့ဝင်
အတွင်းရေးမှူး (၁)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(၃) ဗိုလ်ချုပ် တင်ဦး အဖွဲ့ဝင်
အတွင်းရေးမှူး (၂)
နိုင်ငံတော်ငြိမ်သက်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(၄) ဗိုလ်ချုပ် မျိုးညွန့် အဖွဲ့ဝင်
တိုင်းမှူး
ရန်ကုန်တိုင်း စစ်ဌာနချုပ်

(၅) ဗိုလ်မှူးချုပ် တင်လှ အဖွဲ့ဝင်
တပ်မမှူး
အမှတ် (၂၂) ခြေမြန် တပ်မဌာနချုပ်

(၆) ဦးကိုလေး အဖွဲ့ဝင်
ဥက္ကဋ္ဌ
ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ

(၇) ဦးကို အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အခိုးရအဖွဲ့ရုံး

(၈) ဦးအုံးကျော် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(၉) ဦးမင်းအောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန

(၁၀) ရဲချုပ် စံသိန်း အဖွဲ့ဝင်
ပြည်သူ့ရဲတပ်ဖွဲ့

(၁၁) ဦးအုံမောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သာသနာရေး ဦးစီးဌာန

(၁၂) ဦးကျော်အေး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ရုံး

## (ခ) ဖိတ်ကြားရေးလုပ်ငန်း ကော်မတီ

(၁) ဦးအုံးကျော် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံရေးရာ ဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(၂) ဒုတိယ ဗိုလ်မှူးကြီး သန်းညွန့် — အဖွဲ့ဝင်
အထူးအရာရှိ
ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန

(၃) ဒုတိယ ဗိုလ်မှူးကြီး ဖေငြိမ်း — အဖွဲ့ဝင်
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး

(၄) ဦးအုံမောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
သာသနာရေး ဦးစီးဌာန

## (ဂ) နေရာထိုင်ခင်း ပြုပြင်မွမ်းမံ ဆောက်လုပ်ရေး လုပ်ငန်းကော်မတီ

(၁) ဦးခင်မောင်ရင် — ဥက္ကဋ္ဌ
ဦးဆောင်ညွှန်ကြားရေးမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(၂) ဦးအေးကိုကို — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (စီမံကိန်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(၃) ဒုတိယ ဗိုလ်မှူးကြီး သောင်းစိန် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ်
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(၄) ဦးသန့်ဇင် — အဖွဲ့ဝင်
ဌာနမှူး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၅) ဦးကျော်လွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သာသနာရေးဦးစီးဌာန

(၆) ဦးချမ်းသာ — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း

(၇) ဒုတိယဗိုလ်မှူးကြီး ခင်မောင်လင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး

(၈) ဦးဇော်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြန်မာ့အကြီးစားစက်မှုလုပ်ငန်း

(၉) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၁၀) အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၁၁) မြန်မာ့သစ်လုပ်ငန်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၁၂) ဥက္ကဋ္ဌမှတာဝန်ပေးအပ်သူ — အတွင်းရေးမှူး

## (ဃ) ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ

(၁) ဦးသော်တာစိန် — ဥက္ကဋ္ဌ
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း

(၂) ဦးမောင်မောင် — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
စားသောက်ဆိုင်နှင့် အဖျော်ယမကာလုပ်ငန်း

(၃) ဦးငွေးကြွယ် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
စားသောက်ဆိုင်နှင့် အဖျော်ယမကာလုပ်ငန်း

(၄) ဦးညွန့်အောင် အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
အထွေထွေကုန်ပစ္စည်းရောင်းဝယ်ရေး

(၅) ဦးသိန်းဆွေ အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
သာသနာရေးဦးစီးဌာန

(၆) ဦးသိန်းအောင် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
သာသနာရေးဦးစီးဌာန

(၇) အမှတ်(၁)စက်မှုဝန်ကြီးဌာန အဖွဲ့ဝင်
မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ကိုယ်စားလှယ်တစ်ဦး

(၈) မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၉) ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၁၀) ဦးချမ်းသာ အတွင်းရေးမှူး
အထွေထွေမန်နေဂျာ
မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း

**(င) ကြိုဆိုနေရာချထားရေးနှင့်အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ**

(၁) ဗိုလ်မှူးချုပ် တင်လှ ဥက္ကဋ္ဌ
တပ်မမှူး
အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်

(၂) ဒုတိယဗိုလ်မှူးကြီး သန်းညွန့် အဖွဲ့ဝင်
အထူးအရာရှိ
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

(၃) ဦးအုံ့မောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန

(၄) ဒေါက်တာ ခင်မောင်ညွန့် အဖွဲ့ဝင်
ဥက္ကဋ္ဌ
သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့

(၅) ဒုတိယဗိုလ်မှူးကြီး ဒေးသန်းထွန်း — အဖွဲ့ဝင်
စစ်ထောက်ချုပ်ရုံး

(၆) ဦးအုံးကျော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(၇) ဦးထွန်းဘင် — အဖွဲ့ဝင်
အဖွဲ့ဝင်
ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(၈) ဦးကျော်လွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သာသနာရေးဦးစီးဌာန

(၉) ဦးလှဖေ — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့သစ်လုပ်ငန်း

(၁၀) ဦးခင်မောင်စီ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန

(၁၁) ဦးခင်ဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန

(၁၂) ဗိုလ်မှူး ခင်အောင် — အဖွဲ့ဝင်
စစ်ဦးစီးမှူး(ပ)
တပ်မတော်ထောက်လှမ်းရေး
ညွှန်ကြားရေးမှူးရုံး

(၁၃) ဦးသက်တို — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန

(၁၄) ဦးအေးကိုကို — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (စီမံကိန်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(၁၅) ဦးတင်ထူး | အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

(၁၆) ဒုတိယဗိုလ်မှူးကြီး သူရ အောင်ကို | အတွင်းရေးမှူး
တပ်ရင်းမှူး
အမှတ်(၂၀၅)ခြေမြန်တပ်ရင်း

## (စ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ

(၁) ဦးချစ်သန်း | ဥက္ကဋ္ဌ
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့လေကြောင်း

(၂) ဦးဘအေး | အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

(၃) ဦးတင်လတ် | အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
ကုန်းလမ်းပို့ဆောင်ရေး

(၄) ဦးအောင်လှိုင် | အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

(၅) ဒုတိယဗိုလ်မှူးကြီး တင်လတ် | အဖွဲ့ဝင်
စစ်ဦးစီးမှူး(ပ)
ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)

(၆) ဒုတိယဗိုလ်မှူးကြီး ချစ်အောင် | အဖွဲ့ဝင်
စစ်ထောက်ချုပ်ရုံး

(၇) ဒုတိယဗိုလ်မှူးကြီး စိန်တင်ညွန့် | အဖွဲ့ဝင်
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး

(၈) ဒုတိယ ဗိုလ်မှူးကြီး မောင်ပေါ် | အဖွဲ့ဝင်
အတွင်းရေးမှူး
မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(၉) ဗိုလ်မှူး အောင်မြင့် | အဖွဲ့ဝင်
အတွင်းရေးမှူး
ပဲခူးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(၁၀) ဦးဇော်ဝင်း | အတွင်းရေးမှူး
အထွေထွေမန်နေဂျာ
မြန်မာ့လေကြောင်း

## (ဆ) ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်းကော်မတီ

(၁) ဦးစိုးညွန့် | ဥက္ကဋ္ဌ
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၂) ဒုတိယ ဗိုလ်မှူးကြီး ကြည်လွင် | အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် အသံလွှင့် ဦးစီးဌာန

(၃) ဦးတင်ဖေ | အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
ရုပ်ရှင်လုပ်ငန်း

(၄) ဦးမြင့်စိုး | အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၅) ဦးကိုကိုကြီး | အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(ရုပ်မြင်)
ပြန်ကြားရေးနှင့် အသံလွှင့် ဦးစီးဌာန

(၆) ဦးစိန်လှ | အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(ပြန်ကြားရေး)
ပြန်ကြားရေးနှင့် အသံလွှင့် ဦးစီးဌာန

(၇) ဦးစောမြင့် | အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း

(၈) ဦးဝင်းမြင့် | အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(ထုတ်လုပ်)
ရုပ်ရှင်လုပ်ငန်း

(၉) ဦးဇော်မင်းသိမ်း — အဖွဲ့ဝင်
စာတည်းမှူးချုပ်
မြန်မာ့သတင်းစဉ်(ပြည်တွင်း)

(၁၀) ဦးလှထွန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး(သတင်း)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၁) ဦးမောင်မောင်ညို — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး (သတင်း)
သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း

## (၈) ကျန်းမာရေးလုပ်ငန်းကော်မတီ

(၁) ဒေါက်တာ ဦးတင်ဦး — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေး ဦးစီးဌာန

(၂) ဒေါက်တာ ကျော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေး ဦးစီးဌာန

(၃) တိုင်းဦးစီး ဌာနမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာန

(၄) တိုင်းဦးစီး ဌာနမှူး — အဖွဲ့ဝင်
မန္တလေးတိုင်း ကျန်းမာရေး ဦးစီးဌာန

(၅) တိုင်းဦးစီး ဌာနမှူး — အဖွဲ့ဝင်
ပဲခူးတိုင်း ကျန်းမာရေး ဦးစီးဌာန

(၆) ဥက္ကဋ္ဌမှ တာဝန် ပေးအပ်သူ — အတွင်းရေးမှူး

## (၉) လုံခြုံရေးလုပ်ငန်းကော်မတီ

(၁) ဗိုလ်မှူးကြီး သန်းထွန်း — ဥက္ကဋ္ဌ
ဒုတိယ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး
တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံး

(၂) ဗိုလ်မှူးကြီး ခင်မောင်သန်း — အဖွဲ့ဝင်
စစ်ဦးစီးဗိုလ်မှူးကြီး(စီမံရေး/စစ်ဆင်ရေး)
ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)

(၃) ဗိုလ်မှူးကြီး စိန်ထွား — အဖွဲ့ဝင်
ရန်ကုန်တိုင်း စစ်ဌာနချုပ်

(၄) ဗိုလ်မှူးကြီး မြင့်လွင် — အဖွဲ့ဝင်
တပ်ထိန်းချုပ်
ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)

(၅) ဦးဘုန်းမြင့် — အဖွဲ့ဝင်
တပ်ဖွဲ့မှူး
သတင်းတပ်ဖွဲ့၊ ပြည်သူ့ရဲတပ်ဖွဲ့

(၆) ရဲမှူးကြီး သိန်းလင်း — အဖွဲ့ဝင်
တိုင်းရဲမှူးကြီး
ရန်ကုန်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့

(၇) ဒုတိယ ရဲမှူးကြီး စန်းနိုင် — အဖွဲ့ဝင်
ယာဉ်ထိန်းရဲ
ပြည်သူ့ရဲတပ်ဖွဲ့

(၈) ဒုတိယ ဗိုလ်မှူးကြီး လှမောင် — အတွင်းရေးမှူး
စစ်ဦးစီး (ပထမတန်း)
တပ်မတော် ထောက်လှမ်းရေး
ညွှန်ကြားရေးမှူးရုံး

## (၁) ကြိုဆိုရေး ကြီးကြပ်မှုဗဟိုအဖွဲ့

(ကက) ဗိုလ်မှူးချုပ် တင်လှ .... တပ်မမှူး၊ တမခ (၂၂)

(ခခ) ဦးအုံ့မောင် .... ညွှန်ချုပ်၊ သာသနာရေးဦးစီးဌာန

(ဂဂ) ဗိုလ်မှူးကြီး စိန်မှတ် .... စစ်ဒေသမှူး၊ စစ်ဒေသ (၁)

(ဃဃ) ဗိုလ်မှူးကြီး စန်းမောင် .... စစ်ဒေသမှူး၊ စစ်ဒေသ (၃)

(ငင) ဒေါက်တာ ခင်မောင်ညွှန့် .... ဥက္ကဋ္ဌ၊ မြန်မာ့သမိုင်း ဖြစ်ရပ်အမှန်များ ပြုစုရေးအဖွဲ့

(စစ) ဦးထွန်းတင် .... အဖွဲ့ဝင်၊ တဝတ (ရန်ကုန်)

## (၂) ဝင်းခင်းမင်္ဂလာကျင်းပရေးနှင့် ကြိုဆိုပင့်ဆောင်ရေး ကော်မတီအဖွဲ့

(ကက) ဗိုလ်မှူးကြီး စိန်မှတ် .... စစ်ဒေသမှူး (၁) — ဥက္ကဋ္ဌ
(ခခ) ဒေါက်တာ ခင်မောင်ညွှန့် .... ဥက္ကဋ္ဌ၊ သမိုင်းပြုစုရေးအဖွဲ့ — အဖွဲ့ဝင်

(ဂဂ) ဦးတင်ထူး .... ညွှန်ချုပ်၊ အနုပညာဦးစီး အဖွဲ့ဝင်
(ဃဃ) ဦးကြည်လွင် .... ညွှန်ချုပ်/ပြန်သံဦးစီး အဖွဲ့ဝင်
(ငင) ဦးအောင်သွင် .... ညွှန်မှူး၊ အနုပညာဦးစီး အဖွဲ့ဝင်
(စစ) ဒုဗိုလ်မှူးကြီး အုန်းမြင့် .... ဦးစီး (ပ) (ရေး) ရာဇတ အဖွဲ့ဝင်
(ဆဆ) ဦးသိန်းအောင် .... တွဲဖက်ညွှန်မှူး၊ သာသနာရေးဦးစီး အဖွဲ့ဝင်
(ဇဇ) ဦးဝင်းသိန်း .... တာဝန်ခံ၊ မဂ်လာဒုံလေဆိပ် အဖွဲ့ဝင်
(ဈဈ) ဦးသက်ဘို .... လထ/ညွှန်မှူး၊ နိုင်ငံခြားရေး အဖွဲ့ဝင်
(ညည) ဦးစိန်အောင်မင်း .... မြန်မာနိုင်ငံ သဘင်အဖွဲ့ချုပ်
(ဋဋ) ဦးကျော်လွင် .... ညွှန်မှူး၊ သာသနာရေးဦးစီး အတွင်းရေးမှူး

## (၃) ကြိုဆိုပင့်ဆောင်ရေး အထောက်အကူပြုကော်မတီအဖွဲ့

(ကက) ဗိုလ်မှူးကြီး စန်းမောင် .... စစ်ဒေသမှူး (၃) ဥက္ကဋ္ဌ
(ခခ) ဒေါက်တာ ခင်မောင်ညွန့် .... ဥက္ကဋ္ဌ၊ သမိုင်းပြုစုရေးအဖွဲ့ အဖွဲ့ဝင်
(ဂဂ) ဦးတင်မောင်စိုး .... ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ဝင်
(ဃဃ) ဦးတင်ထူး .... ညွှန်ချုပ်၊ အနုပညာဦးစီး အဖွဲ့ဝင်
(ငင) ဦးဘအေး .... ညွှန်ချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းစစ်ဆေးရေး အဖွဲ့ဝင်
(စစ) ဒုဗိုလ်မှူးကြီး အေးသန်းထွန်း .... လက်ထောက် စစ်ထောက်ချုပ်၊ ကကထောက် အဖွဲ့ဝင်
(ဆဆ) ဦးခင်မောင်သိန်း .... ဦးဆောင်ညွှန်မှူး၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်း အဖွဲ့ဝင်
(ဇဇ) ဦးသိန်းထွန်း .... ဦးဆောင်ညွှန်မှူး၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း အဖွဲ့ဝင်

## (၄) အခမ်းအနားပြင်ဆင်ရေး ကော်မတီအဖွဲ့

(ဈဈ) ဦးလှဖေ .... ဦးဆောင်ညွှန်မှူး၊ မြန်မာ့သစ်လုပ်ငန်း အဖွဲ့ဝင်
(ညည) ဦးဘသွင် .... ညွှန်ချုပ်၊ သစ်တောဦးစီးဌာန အဖွဲ့ဝင်
(ဋဋ) ဦးဘုန်းကျော် .... ဥက္ကဋ္ဌ၊ မထသ အဖွဲ့ဝင်

(ဌဌ) ဒုရဲမှူးကြီး စန်းနိုင် .... ပရ (ယာဉ်သိန်း) အဖွဲ့ဝင်

(ဍဍ) ဦးအေးကိုကို .... အင်ဂျင်နီယာချုပ် ဆောက်လုပ်ရေး အဖွဲ့ဝင်

(ဎဎ) ဦးကျော်လွင် .... ညွှန်မှူး၊ သာသနာရေးဦးစီး အတွင်းရေးမှူး

(ကက) ဦးအေးကိုကို .... အင်ဂျင်နီယာချုပ် ဆောက်လုပ်ရေး ဥက္ကဋ္ဌ

(ခခ) ဦးဝင်းထိန် .... ဦးစီး-ပ (လျှပ်စစ်) ဆောက်လုပ်ရေး အဖွဲ့ဝင်

(ဂဂ) ဦးညီညီသန့် .... အင်ဂျင်နီယာမှူးကြီး ဆောက်လုပ်ရေး အဖွဲ့ဝင်

(ဃဃ) ဦးသက်ဘို .... လထ/ညွှန်မှူး၊ နိုင်ငံခြားရေး အဖွဲ့ဝင်

(ငင) ဗိုလ်မှူး ကံချွန် .... တပ်ခွဲမှူး၊ စအရ (၁)၊ ခွဲ (ဂ) အဖွဲ့ဝင်

(စစ) ဦးစန်းလွင် .... အမှုဆောင် အင်ဂျင်နီယာ ဆောက်လုပ်ရေး အတွင်းရေးမှူး

## (၅) လမ်းကြောင်း ဝဲ/ယာ ကြိုဆိုရေးကော်မတီအဖွဲ့

(ကက) ဗိုလ်မှူးကြီး စိန်မှတ် .... စစ်ဒေသမှူး (၁) ဥက္ကဋ္ဌ

(ခခ) ဒုဗိုလ်မှူးကြီး မြဦး .... စဝတ ဥက္ကဋ္ဌ (အင်းစိန်) ဒုဥက္ကဋ္ဌ

(ဂဂ) ဒုဗိုလ်မှူးကြီး အုန်းမြင့် .... ဦးစီး (ပ) (ရေး) ရကတ အဖွဲ့ဝင်

(ဃဃ) ဒေါက်တာ ချစ်ဆွေ .... တိုင်းပညာရေးမှူး၊ ရန်ကုန်တိုင်း အဖွဲ့ဝင်

(ငင) ဗိုလ်မှူး သိန်းဆွေမြင့် .... မဝတဥက္ကဋ္ဌ၊ မင်္ဂလာဒုံ အဖွဲ့ဝင်

(စစ) ဗိုလ်မှူး ဇော်ဝင်း .... မဝတဥက္ကဋ္ဌ၊ မရမ်းကုန်း အဖွဲ့ဝင်

(ဆဆ) ဗိုလ်မှူး သိန်းအောင် .... မဝတဥက္ကဋ္ဌ၊ မ/ဥက္ကလာ အဖွဲ့ဝင်

(ဇဇ) ဗိုလ်ကြီး ဝင်းမောင် .... မဝတဥက္ကဋ္ဌ၊ တ/ဥက္ကလာ အဖွဲ့ဝင်

(ဈဈ) ဗိုလ်ကြီး အောင်ကြည် .... မဝတဥက္ကဋ္ဌ၊ အင်းစိန် အဖွဲ့ဝင်

(ညည) ဗိုလ်ကြီး ဝင်းဖေ .... မဝတဥက္ကဋ္ဌ၊ လှိုင် အဖွဲ့ဝင်

(ဋဋ) ဗိုလ်ကြီး မြင့်စိုး .... မဝတဥက္ကဋ္ဌ၊ စမ်းချောင်း အဖွဲ့ဝင်

(ဌဌ) ဗိုလ်မှူး မောင်မောင်ကြီး .... မဝတဥက္ကဋ္ဌ၊ ကမာရွတ် အဖွဲ့ဝင်

(ဍဍ) ဗိုလ်မှူး သန်းအောင် .... မဝတဥက္ကဋ္ဌ၊ ရန်ကင်း အဖွဲ့ဝင်

(ဎဎ) ဗိုလ်မှူး လှညွန့် .... ဦးစီးမှူး(ဒု) စစ်ဒေသ (၁) အတွင်းရေးမှူး

## (၆) လုံခြုံရေးကော်မတီအဖွဲ့

| | | | |
|---|---|---|---|
| (ကက) ဗိုလ်မှူးကြီး စိန်မှုဘ် | .... | စစ်ဒေသမှူး (၁) | ဥက္ကဋ္ဌ |
| (ခခ) ရဲမှူးကြီး သိန်းလင်း | .... | တိုင်းပရမှူး၊ ရကာတ | အဖွဲ့ဝင် |
| (ဂဂ) ဒုဗိုလ်မှူးကြီး ဝင်းမြင့် | .... | ကကထိန်း | အဖွဲ့ဝင် |
| (ဃဃ) ဒုဗိုလ်မှူးကြီး အုန်းတင် | .... | တပ်ရင်းမှူး၊ စအရ (၉၁၀) | အဖွဲ့ဝင် |
| (ငင) ဗိုလ်မှူး ခင်အောင် | .... | ဦးစီးမှူး (ပ) ကကလုမ်း | အဖွဲ့ဝင် |
| (စစ) ဒုရဲမှူးကြီး စန်းနိုင် | .... | ပရ (ယာဉ်ထိန်း) | အဖွဲ့ဝင် |
| (ဆဆ) ဗိုလ်မှူး သိန်းဆွေမြင့် | .... | မဝတဥက္ကဋ္ဌ၊ မင်္ဂလာဒုံ | အဖွဲ့ဝင် |
| (ဇဇ) ဗိုလ်မှူး ဇော်ဝင်း | .... | မဝတဥက္ကဋ္ဌ၊ မရမ်းကုန်း | အဖွဲ့ဝင် |
| (ဈဈ) ဒုဗိုလ်မှူးကြီး စိုးညွန့် | .... | တပ်ရင်းမှူး၊ ခမရ (၂၁၀) | အတွင်းရေးမှူး |

### ဆရာတော်ကြီးများအား ပြည်တွင်းဘုရားဖူး လှည့်လည်ပို့ဆောင်ရေးအဖွဲ့

(က) ဒေါက်တာ ခင်မောင်ညွန့် — ခေါင်းဆောင်
ဥက္ကဋ္ဌ
သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့

(ခ) ဦးကျော်လွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သာသနာရေးဦးစီးဌာန

(ဂ) ဦးအောင်သိန်းညွန့် — အဖွဲ့ဝင်
ဌာနစုမှူး (စာကြည့်တိုက်)
သာသနာရေးဦးစီးဌာန

(ဃ) ဦးသက်တိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန

(င) ဦးမျိုးခင် — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့ဟိုဘယ်နှင့် ခရီးသွားလုပ်ငန်း

(စ) ဗိုလ်မှူး အောင်မျိုးမင်း — အဖွဲ့ဝင်
ဦးစီးမှူး (ဒုတိယတန်း)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး

အမှတ်-၂၇၈၃၆
ရက်စွဲ ........
စာကြည့်တိုက်



